ကြေးမုံ The Mirror

၁၉၅၇ ခုနှစ် ဒီ၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ စနေနေ့ (6-4-2013) (၇၄၄၇)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဘိုအောမြို့၌ ကျင်းပမည့် ၂၀၁၃ ခုနှစ် အာရှဒေသဆိုင်ရာဘိုအောဆွေးနွေးပွဲတက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်မှ ဘိုအောမြို့သို့ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Lu Zhi နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးသန်းငွေ၊ ဒေါက်တာကံဇော်နှင့် ဒေါက်တာမြင့်အောင်၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်း ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့ပေးမည့် လှိုင်မြစ်ပေါ်မှ ဘုရင့်နောင်တံတားအမှတ်(၂)

သတင်းနှင့်ဓာတ်ပုံ -ခရမ်းစိုးမြင့်

တံတားတွင် တပ်ဆင်ရန် P.C GIRDER များကို အင်ဂျင်နီယာ လုပ်သားကြီးများ ကွန်ကရစ် လောင်းနေကြစဉ်။

မြန်မာနိုင်ငံ၏ ဒုတိယမြို့တော် ရန်ကုန်သည် စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ လူဦးရေထူထပ်လျက်ရှိပြီး လမ်းများပေါ်တွင် ယာဉ်(မော်တော်ကား)များလည်း သွားလာမှုများပြားလာသောကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ မြို့တော်အတွင်း နေရာအတော်များများ၌ ဖြစ်ပေါ်လျက်ရှိနေသည်။

ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်လျက်ရှိနေသော နေရာများထဲတွင် ဘုရင့်နောင်တံတားယာဉ်ကြောပိတ်ဆို့မှုသည် တဖြည်းဖြည်းပိုမိုဆိုးရွားလျက်ရှိရာ ထိုယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့ပေးနိုင်ရေးအတွက် လှိုင်မြစ်ပေါ်မှ ဘုရင့်နောင်တံတားအမှတ်(၂)ကို နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ညှိနှိုင်းတိုင်ပင်ကာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ (၅)အား တာဝန်ပေးလျက် ၆-၁-၂၀၁၃ ရက်မှစ၍ တည်ဆောက်လျက်ရှိနေပြီဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ရန်ကုန်ဟမ်းဆက်ဈေးကွက် အရောင်းအဝယ်ပုံမှန်သာရှိ ကျပ်ခုနစ်သောင်းမှ တစ်သိန်းခွဲကြား ဟမ်းဆက်များ ဝယ်ယူသူများ

ရန်ကုန် ဧပြီ ၅

တန်ဖိုးနည်းဖုန်းများ၏ ဈေးနှုန်းနှင့်ရောင်းချမည့်ရက် အတိအကျကို ဧပြီ ၃ ရက်က ထုတ်ပြန်ကြေညာပြီးနောက် ရန်ကုန်မြို့ရှိ ဟမ်းဆက်ဈေးကွက်တွင် အရောင်းအဝယ်ပုံမှန်သာရှိနေကြောင်း Mobile Bank ဖုန်းဟမ်းဆက်နှင့် အပိုပစ္စည်းများအရောင်းဆိုင်မှ မန်နေဂျာ ကိုသော်ဇင်က ပြောသည်။

အဆိုပါတန်ဖိုးနည်းဖုန်းများနှင့်ပတ်သက်၍ ယခင်က ကောလာဟလသတင်းများထွက်ပေါ်နေသောအချိန်တွင် အရောင်းအဝယ်သွက်ခဲ့ပြီး ယခုကဲ့သို့ အတိအလင်းကြေညာလိုက်သည့်နောက်တွင် အရောင်းအဝယ် ပုံမှန်သာဖြစ်ခဲ့သည်ဟု ဆိုသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖

ယနေ့ သတင်းအညွှန်း

အိန္ဒိယတွင် တည်ဆောက်ဆဲ အဆောက်အအုံပြိုကျ၊ အနည်းဆုံးလူ ၄၀ သေဆုံး — စာမျက်နှာ - ၄

အာဆီယံစီးပွားရေးအသိုက်အဝန်းအတွက် လိုအပ်သည့် ဒေသခံများ၏ အရည်အချင်းများအား ပြုစုပျိုးထောင်ပေးမည် — စာမျက်နှာ - ၈

အာကာသခရီးအတွက် အဆင်သင့်ဖြစ်နေတဲ့ ဟောလိဝုဒ်မင်းသား တွမ်ခရုဇ် — စာမျက်နှာ - ၁၂

အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် ဧပြီ ၅

ယနေ့မွန်းလွဲ ၁ နာရီ ၁၅ မိနစ် ၀၈ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်ဘက် ၁၄၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တောင်ငူမြို့၏ အနောက်ဘက် ၃၃ မိုင်ခန့်အကွာ)ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ကြေးမုံ စာတည်းရှေ့ထောင့် ၆-၄-၂၀၁၃ (စနေနေ့)

ခရမ်းလွန် သကြံန်

နေမင်းကြီးသည် စကြ်ဝဠာတစ်ခွင်သို့ အပူစွမ်းအင်များ ထုတ်လွှတ်ပေးလျက်ရှိသည်။ နေမင်းကြီးမှ ထုတ်လွှတ်သော ဓာတ်သတ္တိစွမ်းအင်တို့ကြောင့် သက်ရှိကမ္ဘာအတွက် အကျိုးရလဒ်ကောင်းများဖြစ်ထွန်းသလို ဆိုးကျိုးများကိုလည်း သတိပြုရမည်ဖြစ်သည်။

နေမင်းကြီးမှ ထုတ်လွှတ်သော လျှပ်စစ်သံလိုက်လှိုင်းရောင်ခြည်များအနက် စွမ်းအားကြီးမားသော လှိုင်းကို ခရမ်းလွန်ရောင်ခြည်ဟု ခေါ်သည်။ သင့်တင့်သည့် ခရမ်းလွန်ရောင်ခြည်သည် လူသားတို့ခန္ဓာကိုယ်အတွက်လိုအပ်သည့် ဗီတာမင်ဓာတ်ကို ရရှိနိုင်သော်လည်း လွန်ကဲလာပါက အရေပြားလောင်၊ အရေပြားကင်ဆာ၊ မျက်စိတိမ်စွဲ၊ ကိုယ်ခံအားကျ၊ ကလေးမရ ဖြစ်စေနိုင်ပါသည်။

အမှန်တကယ်တွင် ကျွန်ုပ်တို့လူသားများနေထိုင်ကြသော ကမ္ဘာကြီးအား နေမှတိုက်ရိုက်ဖြာကျသောရောင်ခြည်ကို ကာကွယ်နိုင်ရန် အိုဇုန်းအလွှာပါးက သဘာဝအလျောက်ကာကွယ်ပေးထားသည်။ သို့သော် ခေတ်မီတိုးတက်လာသည့်အလျောက် လူသားတို့ကပင် လူသုံးပစ္စည်းများကို မဆင်မခြင်သုံးစွဲရာမှ ထွက်ပေါ်လာသည့် ကလိုရိုဖလူရိုကာဗွန်ဓာတ်သည် အိုဇုန်းလွှာကို ပါးလျားပေါက်ထွက်စေသည့် အနေအထားကို ဖြစ်စေသည်။

ထို့ကြောင့် ကမ္ဘာ့ခုခံကာကွယ်မှုစနစ် ကျိုးပေါက်သောကြောင့် ယခုလိုနွေရာသီတွင် ခရမ်းလွန်ရောင်ခြည်သည် လိုသည်ထက် ပိုမိုကျဆင်းလာသည်။ ယမန်နှစ်က ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းသည် ၈ မှ ၁၀ အထိသာရှိသော်လည်း ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ အညွှန်းကိန်း ၁၀ မှ ၁၂အထိ မြင့်တက်လာကြောင်း ပညာရှင်တို့က ဆိုကြသည်။

ခရမ်းလွန်ရောင်ခြည်သည် ၁၀ မှအထက် မြင့်တက်လာလျှင် အန္တရာယ်ရှိအဆင့်သို့ ရောက်ရှိလာပြီဖြစ်၍ ပြည်သူများအနေဖြင့် အထူးသတိပြုကြရမည်ဖြစ်သည်။ ယခုလ ၆ ရက်နေ့အထိ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမှာ နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ၆ ဒသမ ၇ မှ ၁၂ ဒသမ ၈ အထိရှိနိုင်ကြောင်းဆိုထားရာ နေ့ခင်းနေ့လယ် နေရောင်အောက်သို့ သတိပြုထွက်ကြရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနကလည်း ယခုလဆန်းမှစတင်၍ ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်များကို ဆက်တိုက်ထုတ်ပြန်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် အမှုမဲ့အမှတ်မဲ့မနေဘဲ သတိပြုလိုက်နာရှောင်ကြဉ်ကြရမည်ဖြစ်သည်။

ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့လျှင် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့သာဖြစ်တတ်ပြီး ထိတွေ့မှုကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ရောဂါများ ဖြစ်ပွားတတ်ပေသည်။

ထို့ကြောင့် ပူပြင်းသော နေရောင်အောက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း သွားလာကြသူများ၊ အလုပ်လုပ်ကြသူများ၊ အထူးသဖြင့် ကလေးငယ်နှင့် သက်ကြီးရွယ်အိုများ အထူးသတိထားကြရမည်ဖြစ်သည်။

ခရမ်းလွန်ရောင်ခြည်သည် ယခုဧပြီလတွင် အထူးမြင့်မားသဖြင့် ယခုနှစ်သကြံန်ကာလ ပျော်ရွှင်စွာ ရေကစားကြမည့်၊ လည်ပတ်ကြမည့်သူများအနေဖြင့် အထူးသတိထားရမည်ဖြစ်သည်။ ရေပက်ကစားခြင်းကို နံနက်အစောပိုင်းမှစတင်ပြီး နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိတွင် ရပ်နားသင့်ပေသည်။ ညနေ ၄ နာရီမှ ညနေ ၆ နာရီမတိုင်မီ လည်ပတ်ဆော့ကစားကြပြီးနောက် အနားယူလိုက်ပါက အစစအရာရာ အဆင်ပြေချောမွေ့မည်ဟု ထင်မြင်ယူဆမိပါသည်။

ထို့ကြောင့် ယခုလတ်တလောတွင် ခရမ်းလွန်ရောင်ခြည်ကျရောက်ချိန်ကို အထူးသတိထားကြရန်နှင့် သကြံန်ကာလမှာ ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အမြင့်မားဆုံးဖြစ်သဖြင့် ခရမ်းလွန်သကြံန်ကို ဆင်ခြင်ရှောင်ရှား သတိထားပျော်ပါးကြဖို့ဖြစ်ပါသည်။ ။

လွှတ်တော်ဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်သော နည်းပညာဆိုင်ရာအကူအညီပေးရေး ရင်းနှီးစွာဆွေးနွေး

နေပြည်တော် ဧပြီ ၅

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးရာ ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မောင်မောင်ထူးအား ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်မှ Program Analyst Mr. Edin Elgsaether သည် ယမန်နေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင် အမှတ်(၂၀) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လွှတ်တော်ကော်မတီများအား လွှတ်တော်ဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်သော ရေတိုရေရှည်နည်းပညာဆိုင်ရာ အကူအညီပေးရေးနှင့် အကြီးတန်းအကြံပေးအရာရှိထားရှိရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

(သတင်းစဉ်)

မစွမ်းမသန်သူတစ်ဦး၏ အလှူဒါန

စစ်ကိုင်း ဧပြီ ၅

စစ်ကိုင်းမြို့ မြရတနာရပ်ကွက်တွင်နေထိုင်သည့် မစွမ်းမသန်သူတစ်ဦးက တစ်နှစ်ပတ်လုံးရှာဖွေရရှိငွေများကို မလွန်ဈေးဆန်လှူအသင်းသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့ မြရတနာရပ်ကွက်တွင် နေထိုင်သည့် ဦးကြည်ဝင်းနှင့်ဇနီး ဒေါ်ဝင်းကြည်တို့က စစ်ကိုင်းမြို့ မလွန်ဈေး ဆန်လှူအသင်း၊ သင်းထောက်ခွဲသို့ ဧပြီ ၁ ရက် နံနက် ၈ နာရီတွင် အလှူငွေ ကျပ်နှစ်သိန်းနှင့် မြရတနာရပ်ကွက်မှ ရပ်ကွက်လူကြီးများ၊ ရပ်ကွက်သူရပ်ကွက်သားများက သုံးသောင်းခြောက်ထောင်တို့ကို ပေးအပ်လှူဒါန်းရာ အသင်းမှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(၅၃၁)

အားကစားပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်

မန္တလေး ဧပြီ ၅

အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)နှင့် (မန္တလေး)တို့မှ ကျောင်းသား/သူများ၏ အားကစားနည်းအလိုက် ပြိုင်ပွဲတွင် ဆုရရှိခဲ့သော သင်တန်းသား/သူများအား ဆုပေးပွဲကို ဧပြီ ၄ ရက် နံနက် ၉ နာရီတွင် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) အားကစားခန်းမသစ်၌ ကျင်းပခဲ့ရာ အားကစားထူးချွန်ဆု (ကျား/မ)၊ ထူးချွန်နည်းပြဆုများနှင့် အားကစားနည်းအလိုက် ဂုဏ်ပြုဆုငွေများကို တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ကျော်သီဟ)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကနှင့်အဖွဲ့ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်တွေ့ဆုံ

နေပြည်တော် ဧပြီ ၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်မြသိဂီ၊ အတွင်းရေးမှူး ဒေါ်ကြည်ကြည်မြ၊ အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုးနှင့် အဖွဲ့ဝင်ဒေါ်ဖြူသန့်ပိုင်တို့သည် မတ် ၃၀ ရက်တွင် အမ်းမြို့အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမ်းတောင်ခန်းမ၌ အမ်းတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယကနှင့်ဥက္ကဋ္ဌ၊ ကျောက်ဖြူခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ၊အမ်း၊ ကျောက်ဖြူ ရမ်းဗြဲနှင့် မာန်အောင်မြို့နယ်တို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံပြီး ဝတ်စုံနှင့် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ပျဉ်းတောကျေးရွာ ပညာအလင်းတံခါးစာကြည့်တိုက်သို့ စာအုပ်၊ စာစောင် ၁၅၀ နှင့် ငွေကျပ် တစ်သိန်းကို ထောက်ပံ့ပေးအပ်ပြီး ကျေးရွာ၌ ချင်းတိုင်းရင်းသူအမျိုးသမီးငယ်များ နှီးသက်ငယ်ရက်လုပ်နေမှုကို ကြည့်ရှုလေ့လာကာ လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ အသက်(၇၅) နှစ်အထက် သက်ကြီးအဘွား ၁၂၇ ဦး၊ ဒိုင်ကြီးကျေးရွာနှင့် ဂါယ်လောင်းကျေးရွာတို့၌ သက်ကြီးအဘွား ၃၅ ဦးတို့အား အလှူငွေများကိုလည်းကောင်း၊ အဖွဲ့ဝင်များအားဝတ်စုံများနှင့် ယင်လုံအိမ်သာခွက် ၆၀ နှင့် အမ်းမြို့ ပြည်သူ့ဆေးရုံ၌ မျက်စိခွဲစိတ်ဝေဒနာရှင်များအား အလှူငွေကျပ် ၁၀၅၀၀၀၀ ကိုလည်းကောင်း၊ အမွှနဒီခန်းမ၌အဖွဲ့ဝင်များအား တွေ့ဆုံပြီး ဝတ်စုံ ၄၀ နှင့် တီရှပ် ၂၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်းယမြို့သို့ရောက်ရှိ



နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘိုအောမြို့တွင်ကျင်းပမည့် ဘိုအောဖိုရမ် အစည်းအဝေးသို့ တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် စန်းယမြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Le Yucheng ၊ ဟိုင်နန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Wang Lu၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာယန်ဟို့လန်၊ အာရှဒေသဆိုင်ရာတရုတ်နိုင်ငံ၏ အထူးကိုယ်စားလှယ် မစ္စတာဝမ်ယင်ဖန်၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦး၊ သံရုံးဝန်ထမ်းများနှင့် ဟိုင်နန်ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများက စန်းယမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုမည့် စန်းယမြို့ရှိ MGM Grand ဟိုတယ်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိသည်။ **(သတင်းစဉ်)**

✻ ရန်ကုန်အနောက်ပိုင်းမှ

လက်ရှိ ဘုရင့်နောင်တံတားအမှတ် (၁)မှာ အရှည် ၁၆၄၁ ပေရှည်ပြီး နှစ်လမ်းသွား သံပေါင်တံတားဖြစ်သည်။ ၂၃-၇-၁၉၉၄ ခုနှစ်က ဖွင့်လှစ်ပေးခဲ့၍ အသုံးပြုသွားလာစေလျက်ရှိသော်လည်း တိုးတက်လာသော လှိုင်သာယာဘက်ကမ်းရှိ လူဦးရေနှင့် စက်မှုဇုန်ကြီးများ၊ နာမည်ကြီး ဆေးရုံ၊ ဆေးခန်းများ၊ တက္ကသိုလ်နှင့် ကောလိပ်များ၊ အဝေးပြေးကားကွင်းများ၊ အထပ်မြင့်အဆောက်အအုံများ၊ လုံးချင်းအိမ်ရာများ အများအပြား တိုးတက်လာမှုကြောင့် ကားသွားလာမှုမှာ တဖြည်းဖြည်းများပြားလျက်ရှိသည်။

ထို့ကြောင့် ရန်ကုန်မြို့တွင်းနှင့် အနီးဆုံး ဘုရင့်နောင်တံတား အမှတ် (၁)ပေါ်တွင် နေ့စဉ်သွားလာနေသည့် ယာဉ်သွားလာမှုစာရင်းကို သက်ဆိုင်ရာက ကောက်ယူခဲ့ရာ ၁၁-၂-၂၀၁၃ ရက် တစ်ရက်တည်းတွင် နှစ်တန်အောက် ကားများဖြစ်သည့် ဆလွန်းကား၊ ဗင်ကား၊ ထော်လာဂျီ (ဒိန်းဒေါင်း) ၁၂၄၂ စီး၊ ခရီးသည်တင်ယာဉ်အစီး ၁၁၇၀၊ ဟိုင်းလပ်၊ လိုက်ထရပ် ၃၆၅ စီး၊ ဒိုင်နာ၊ ကင်တာ၊ လိုက်ထရပ်အလတ်နှင့် လေးဘီးကား ၂၈၉၆ စီး၊ ခရီးသည်တင် ဟီးနိုးအသေး ၈၃၃ စီး၊ ခရီးသည်တင်ယာဉ် B.M ကား ၂၅၇ စီး စုစုပေါင်း ယာဉ်အစီးရေပေါင်း ၁၇၅၆၃ စီးကျော် ဖြတ်သန်းလျက်ရှိသောကြောင့် ယာဉ်ကြောပိတ်ဆို့မှုမှာ နှစ်လမ်းသွားတံတားနှင့် မမျှဘဲ အမြဲတမ်း ဖြစ်ပေါ်လျက်ရှိနေသည်။

ယခု ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)မှ အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်နှင့်အဖွဲ့က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ဘုရင့်နောင်တံတား အမှတ်(၂)သည် ရန်ကုန်- လှိုင်မြစ်ကိုဖြတ်၍ မရမ်းကုန်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသော ဘုရင့်နောင်တံတားအမှတ်(၁)၏ လက်ရန်းမှ မြစ်အထက်ညာဘက် ပေ ၂၀၀ အကွာတွင်ဖြစ်သည်။

ပင်မတံတားအရှည်မှာ ပေ ၁၂၂၀ ဒသမ ၅၃ ရှည်ပြီး ချဉ်းကပ်တံတားမှာ မရမ်းကုန်းဘက်ကမ်း၌ ၁၀၂၃ ဒသမ ၁၃ ပေ၊ လှိုင်သာယာဘက်ကမ်း၌ ၁၈၆၀ ဒသမ ၈၇ ပေ စုစုပေါင်းတံတားအရှည်မှာ ၄၁၀၄ ဒသမ ၅၃ ပေရှည်သည်ဟုသိရပြီး တံတားအမျိုးအစားမှာ ပင်မတံတားအုတ်မြစ်နှင့် အောက်ထည်မှာ Bored Pile & R.C.D ဖြစ်ပြီး တံတားအပေါ်ထည် သံမဏိသံပေါင်၊ ချဉ်းကပ်တံတားအုတ်မြစ်နှင့် အောက်ထည်မှာ Bored Pile ၊ တံတားအပေါ်ထည်မှာ P.C Girder + R.C Concrete ဖြစ်ပြီး မော်တော်ယာဉ်တစ်စီးချင်း ဝန်အလေးချိန် ၇၅ တန်နှင့် လေးလမ်းသွား ကားလမ်းအကျယ် ၄၈ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် ခြောက်ပေ၊ ရေလမ်းကင်းလွတ် အကျယ်ပေ ၃၇၀ နှင့် ရေလမ်းကင်းလွတ်အမြင့် ၃၆ ပေရှိမည်ဟု သိရသည်။

ဘုရင့်နောင်တံတား အမှတ်(၂) တည်ဆောက်ရေး စီမံကိန်းတွင် ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတားတိုင် ၁၁၀ ရှိသည့်အနက် ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ပြီး လှိုင်သာယာဘက်ကမ်း ချဉ်းကပ်တံတားတိုင်အလုံးပေါင်း ၂၀၀ ရှိသည့်အနက် တိုင် ၁၇၀ တည်ဆောက်ပြီးသွားပြီဟု သိရသည်။ လှိုင်သာယာ ဘက်ကမ်း ချဉ်းကပ်တံတားတိုင်များ တည်ဆောက်ရေးလုပ်ငန်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)နှင့် အတူ Crown Avalce Construction Co.,Ltd. မှ ပါဝင်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းသည် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရမည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတွင် ပင်မတာဝန်လမ်းတံတား တည်ဆောက်ခြင်း လုပ်ငန်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း စသည်တို့ကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ဒေသများဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုအတွင်း လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးနှင့် တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးကို အထောက်အကူပြုရန်အတွက် ရည်မှန်းချက်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ရင်း စီမံကိန်းလုပ်ငန်းများကို စွမ်းအားအပြည့်အဝဖြင့် သတ်မှတ်ကာလအတွင်း အမြန်ပြီးမြောက်အောင် ဆောင်ရွက်လျက်ရှိသည်။

ဘုရင့်နောင်တံတား အမှတ်(၂)အား နိုင်ငံတော်က တည်ဆောက်ပေးခြင်းသည် ရန်ကုန်မြို့တော်ကြီး သာယာလှပစေရေး၊ ယာဉ်သွားလာမှု အဆင်ပြေ ချောမွေ့စေရေးတို့နှင့် အတူ ရန်ကုန်အနောက်ပိုင်း ယာဉ်ကြောပိတ်ဆို့မှုအား ဖြေလျှော့စေမည့် တံတားကြီးတစ်စင်း ဖြစ်ပါကြောင်းကို ကွင်းဆင်းလေ့လာ ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ။

❖ ရန်ကုန်ဟမ်းဆက်ဈေးကွက်မှ

ယခင်ကောလာဟလ သတင်းများထွက်ပေါ်စဉ်က နယ်ဒေသများတွင် လက်ကားဝယ်ယူသူများဖြင့် အရောင်းအဝယ်သွက်ခဲ့ရာမှ ယခုအခါ ပုံမှန်လောက်သာ ရောင်းချနေရသည်။

“အဝယ်များတဲ့ ဟမ်းဆက်က Huawei တွေပါပဲ။ ဒုတိယအသုံးများပြီး ဝယ်တာက SAMSUNG တွေပဲ။ ကျန်တဲ့အနည်းစုက iphone တို့၊ hTC တို့တွေကို သုံးကြတယ်။ အများဆုံးဝယ်ကြတဲ့တန်ဖိုးက ကျပ် ခုနစ်သောင်းကနေ တစ်သိန်းခွဲကြားမှာများပါတယ်။ အဲဒီလောက် ဟမ်းဆက်တွေမှာလည်း အစုံသုံးလို့ရတော့ ဝယ်သူများတယ်” ဟု ကိုသော်ဇင်က ပြောကြားသည်။

ဟမ်းဆက်ဈေးကွက်တွင် ယခင်က ကောလာဟလသတင်းများ ထွက်ပေါ်ချိန်တွင် အရောင်းအဝယ်သွက်၍ ယခုအခါပုံမှန်ဖြစ်သွားခြင်းမှာ တန်ဖိုးနည်းဖုန်းလိုင်းများနှင့်အတူ ဟမ်းဆက်ကိုပါ တစ်ပါတည်းရောင်းချပေးမည် ဟူသော သတင်းများကြားနေရခြင်းကြောင့် ဝယ်သူများမှာလည်း ချင့်ချိန်ဝယ်ယူလာကြခြင်းဖြစ်ကြောင်း သိရသည်။

ဟမ်းဆက်ပျက်စီးမှုနှင့်ပတ်သက်၍ မေးမြန်းရာတွင် ၎င်းက “သူ့ဟာသူပျက်သွားတာကတော့ ပျက်ခဲတယ်။ အသုံးပြုသူကြောင့် ပျက်တာများတယ်။ ဒီဟမ်းဆက်တွေနဲ့ အွန်လိုင်းလည်း သုံးလို့ရနေတဲ့အခါကျတော့ အွန်လိုင်းကနေ Update လုပ်လိုက်မိလို့ ပျက်တာတွေ၊ မြန်မာစာသုံးချင်လို့လုပ်ရင်းက ပျက်တာတွေ၊ တွင်တွင်ကျယ်ကျယ် မလုပ်နိုင်ဘဲ မစုံမလင်နဲ့အနည်းအကျဉ်းလုပ်နိုင်တဲ့ ဆိုင်တွေမှာ သွားပြီးလုပ်မိတာတွေကြောင့်လည်း ပျက်တယ်။ ပျက်တာကတော့ အမျိုးအစားအကုန်လုံးပဲ၊ အဲဒီလိုသွားလုပ်မိရင်းကနေ ပျက်ကြတာများတယ်” ဟု ရှင်းပြသည်။

“ရေရှည် အနာဂတ်ကိုကြည့်ပြီးသုံးရင်တော့ GSM တို့၊ WCDMA တို့ သုံးသင့်တယ်၊ CDMA ကတော့ နည်းပညာဖွံ့ဖြိုးခါစ ပေါင်းကူးအနေနဲ့ သုံးကြတာ။ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံကြီးတွေမှာလည်း CDMA ကိုသုံးတော့ သုံးကြပါတယ်။ ဒါပေမယ့် သုံးတဲ့လူတော့ နည်းတာပေါ့” ဟု ဆက်လက်ပြောကြားခဲ့သည်။ ထိုတန်ဖိုးနည်းဖုန်းများ ထွက်လာသည့်အခါ ဟမ်းဆက်ကိုပါ တစ်ပါတည်း ရောင်းချခြင်းမျိုး ရှိ၊ မရှိကို စောင့်ကြည့်နေခြင်းကြောင့် ဟမ်းဆက်ဈေးကွက်မှာ ပုံမှန်အတိုင်းသာ သက်ဝင်လှုပ်ရှားနေခြင်းဖြစ်သည်။ **ထက်ခိုင် (စမ်းချောင်း)**

ဘာလီကာတန်စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်သော တိုက်လေယာဉ်တစ်စင်းနှင့် စစ်သည်များကို တွေ့ရစဉ်။

အစ္စရေးနှင့် ပါလက်စတိုင်း အပြန်အလှန်ပစ်ခတ်ပြန်

ဂျေရုဆလင် မေ ၅

ဂါဇာကမ်းမြောင်ဒေသအတွင်းမှ ပါလက်စတိုင်းစစ်သွေးကြွများသည် နှစ်ရက်အတွင်း ဒုတိယအကြိမ်မြောက်အဖြစ် နယ်စပ်ကိုဖြတ်ကျော်၍ အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်တစ်စင်း ပစ်ခတ်ခဲ့သည်ဟု ဘီဘီစီကဖော်ပြသည်။

ထိုသို့မပစ်မီ စောစောပိုင်းတွင် အစ္စရေးစစ်ဘက်က ဂါဇာကမ်းမြောင်ကို လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။

ယမန်နှစ် နိုဝင်ဘာလအတွင်း၌ ဟားမားစ်နှင့် အစ္စရေးတို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိပြီးခဲ့ပြီးသည့်နောက် ပထမဆုံးအကြိမ်တိုက်ခိုက်ခြင်းဖြစ်သည်။

အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက်ခြင်းကြောင့်လည်းကောင်း၊ ပါလက်စတိုင်းတို့က ဒုံးကျည်ပစ်ခတ်ခြင်းကြောင့်လည်းကောင်း ဒဏ်ရာရရှိသူ တစ်ဦးတစ်ယောက်မျှမရှိဟု ဆိုသည်။

အင်္ဂါနေ့တွင် ပါလက်စတိုင်းတို့က ဒုံးကျည်တစ်စင်း ပစ်ခတ်ပြီးနောက် အစ္စရေးစစ်လေယာဉ်များက ဂါဇာကို ဗုံးကြဲခဲ့သည်ဟု အစ္စရေးတို့က ပြောသည်။

ဗုဒ္ဓဟူးနေ့နံနက်ပိုင်းတွင် ပါလက်စတိုင်းတို့က ဒုတိယမြောက်ဒုံးကျည်ကို ပစ်ခတ်ခဲ့သည်။ **ဘီဘီစီ။**

အမေရိကန်နှင့် ဖိလစ်ပိုင် ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင်

မနီလာ မေ ၅

ဖိလစ်ပိုင်နိုင်ငံနှင့် တရုတ်နိုင်ငံအကြား နယ်မြေပိုင်ဆိုင်မှုအငြင်းပွားနေစဉ် အမေရိကန်ပြည်ထောင်စုနှင့် ဖိလစ်ပိုင်တို့သည် ပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်ပြီဖြစ်ကြောင်း၊ စစ်သည် ၈၀၀၀၊ ယူအက်စ်အက်ဖ်/အေ-၁၈ ဟော်နက်ဂျက်တိုက် လေယာဉ် တစ်ဒါဇင်နှင့် စစ်သင်္ဘောသုံးစင်းတို့ပါဝင်ကြောင်း မေ ၅ရက် သတင်းတွင် ဖော်ပြသည်။

၁၂ရက်ကြာမြင့်မည့် ဘာလီကာတန် အမည်ရှိ စစ်ရေးလေ့ကျင့်မှုကို သောကြာနေ့တွင်စတင်ပြီး တိုက်ခိုက်ရေး လေ့ကျင့်ခန်းများနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားစဉ် ကယ်ဆယ်ရေးလေ့ကျင့်ခန်းများ ပါဝင်မည် ဖြစ်သည်။

တရုတ်နှင့် ဖိလစ်ပိုင်နှစ်နိုင်ငံလုံးက ပိုင်ဆိုင်ကြောင်း ကြေညာထားသည့် တောင်တရုတ်ပင်လယ် အတွင်းရှိ ရှိုးလ်ဒေသတွင် နှစ်နိုင်ငံအကြား ရေတပ်ဖွဲ့ခြင်းပြဿနာ ပေါ်ပေါက်ခဲ့ပြီးနောက် ၂၀၁၂ ဧပြီလမှစတင်ကာ နှစ်နိုင်ငံအကြား တင်းမာမှုများ စတင်ခဲ့သည်။

ဘာလီကာတန်သည် ရှုပ်ထွေးနက်နဲ၍ ပြီးပြည့်စုံသော စစ်ရေး လေ့ကျင့်မှုဖြစ်ကြောင်း၊ နှစ်နိုင်ငံလက်နက်ကိုင်တပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရန် ပြင်ဆင်ခြင်းဖြစ်သည့်အပြင် ဖိလစ်ပိုင်နိုင်ငံ၏ကိုယ်ပိုင်ကာကွယ်ရေးစွမ်းရည် တည်ဆောက်ခြင်းလည်းဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။ **အင်တာနက်။**

တရုတ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါပျံ့နှံ့ဖြစ်ပွား၊ သေဆုံးသူခြောက်ဦးရှိ

ရှန်ဟိုင်း မေ ၅

တရုတ်နိုင်ငံတွင် H1 N9 ဗိုင်းရပ်စ်ပိုးကြောင့် ကြက်ငှက်တုပ်ကွေးရောဂါပျံ့နှံ့ဖြစ်ပွားလျက်ရှိသဖြင့် လူခြောက်ဦးသေဆုံးကြောင်း ရှန်ဟိုင်းမြို့ရှိ သားငါးဈေးများအားလုံး ပိတ်ထားရန်နှင့် ကြက်ငှက်ကောင်ရေ ၂၀၀၀၀ ကျော်ကို သုတ်သင်ရှင်းလင်းရန် အမိန့်ထုတ်ပြန်ထားကြောင်း မေ ၅ ရက်သတင်းတွင် ဖော်ပြသည်။

ယင်းတုပ်ကွေးကြောင့် နောက်ဆုံးသေဆုံးသူမှာ တရုတ်နိုင်ငံအရှေ့ပိုင်းရှိ ဇီကျန်းပြည်နယ် ဟူကျိုးမြို့မှဖြစ်ကြောင်း၊ အသက် ၆၄ နှစ်အရွယ်ရှိ လယ်သမားတစ်ဦးဖြစ်ကြောင်း ဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တစ်ဦး၏ ပြောကြားချက်ကို ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အဆိုပါ တုပ်ကွေးကြောင့် ဒုတိယမြောက်သေဆုံးသူမှာ ဇီကျန်းပြည်နယ်မှဖြစ်ပြီး နောက်ထပ်လေးဦးမှာ ရှန်ဟိုင်းမြို့မှဖြစ်ကြောင်း၊ ရှန်ဟိုင်းသည် တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးဗဟိုချက်ဖြစ်ကြောင်း၊ ပြည်သူလူထုလုံခြုံဘေးကင်းရန် ကြက်ငှက် ရောင်းချသောဈေးများအား အန္တရာယ်ကင်းသည်အထိ ပိတ်ထားရန် ရှန်ဟိုင်းမြို့မှ တာဝန်ရှိပုဂ္ဂိုလ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားကြောင်း သတင်း၌ ဖော်ပြသည်။

ယင်းဗိုင်းရပ်စ်ပိုးကို တရုတ်နိုင်ငံအနောက်ပိုင်း ဆင်ခြေဖုံးရှိ ဟူဟွေးဈေးအနီး ခိုမှ စတင်တွေ့ရှိခြင်းဖြစ်ကြောင်း၊ ယင်းဈေးမှ ကြက်၊ ဘဲ၊ ဘဲငန်းနှင့် ခို စုစုပေါင်းကောင်ရေ ၂၀၅၁၆ ကောင်ကို သုတ်သင်ရှင်းလင်းရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆင်ဟွာ။

အခွန်ရှောင်သည့် ပြင်သစ်ဘဏ္ဍာရေး ဝန်ကြီးဟောင်း စစ်ဆေးမှုခံရပြီ

ပါရီ မေ ၅

ပြင်သစ်ဘဏ္ဍာရေးဝန်ကြီးဟောင်း ဂျဲရိုမီကာဟူဇာသည် အခွန်တိမ်းရှောင်မှု ရှိခဲ့သည်ဟူသော စွဲချက်ဖြင့် စုံစမ်းစစ်ဆေးမှုခံယူနေရကြောင်း ၎င်း၏ ရှေ့နေက ပြောသည်။

ဝန်ကြီးဟောင်းသည် နိုင်ငံခြားဘဏ်တစ်ခုတွင် ငွေစာရင်းဖွင့်ထားကြောင်း ဝန်ခံပြောကြားခဲ့ပြီးနောက် ဤသို့ စစ်ဆေးမှုခံရခြင်းဖြစ်သည်။

မေ ၁ရက်တွင် စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် တွေ့ဆုံစဉ် ဘဏ်စာရင်းဖွင့်ထားသည့် အကြောင်းကို ဝန်ခံခဲ့သည်ဟု ၎င်းက ပြောကြားသည်။ ယင်းဘဏ်စာရင်းတွင် ယူရို ၆၀၀၀၀၀ ရှိသည်ဟု ဆိုသည်။

လက်ရှိပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်ဒေးနှင့် ယခင်အစိုးရဟောင်း လက်ထက်မှမိတ်ဆွေများကို ၎င်းအားခွင့်လွှတ်ပါရန် တောင်းပန်ခဲ့သည်။ ၎င်းသည် နိုင်ငံရေးလောကသို့ မဝင်ရောက်မီက ပလတ်စတစ်ခွဲစိတ်ဆရာဝန်အဖြစ် လုပ်ကိုင်ခဲ့သူဖြစ်သည်။

ပြည်သူ့ကြွေးမြီများကို လျှော့ချရန် ကြိုးစားနေသကဲ့သို့ အခွန်တိမ်းရှောင်မှုများကို တိုက်ဖျက်နေသည့် ပြင်သစ်ဆိုရှယ်လစ်အစိုးရမှာ ဤဝန်ကြီးဟောင်း၏ အရှုပ်တော်ပုံကြောင့် အရှက်တကွဲဖြစ်ရတော့သည်။

ဘီဘီစီ။

အိန္ဒိယတွင် တည်ဆောက်ဆဲ အဆောက်အအုံပြိုကျ အနည်းဆုံးလူ ၄၀ သေဆုံး

မွမ်ဘိုင်း မေ ၅

အိန္ဒိယနိုင်ငံ မြို့တော် မွမ်ဘိုင်းအနီးတွင် တည်ဆောက်ဆဲ အဆောက်အအုံတစ်လုံးပြိုကျသဖြင့် ကလေး ၁၁ဦး အပါအဝင် အနည်းဆုံး လူ၄၀ သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်ဟု သောကြာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ထိုပြိုကျသော အဆောက်အအုံမှာ အထပ်ခုနစ်ထပ်ရှိသည်။ ဒဏ်ရာရရှိသူများမှာ ဒါဇင်နှင့်ချီ၍ များပြားလှသည့်အပြင် အပျက်အစီးပုံများ၏ အောက်တွင်လည်း လူအများအပြား ပိတ်မိနေသည်။

ယင်းအဆောက်အအုံမှာ တရားမဝင်ဆောက်လုပ်ခြင်းဖြစ်ကြောင်း၊ တည်ဆောက်ဆဲမှာပင် လေးထပ်အထိ လူများနေထိုင်လျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အိန္ဒိယနိုင်ငံ၌ အဆောက်အအုံများ ပြိုကျခြင်းမှာ အဆန်းတကျယ် မဟုတ်သည့်အပြင် ဆောက်လုပ်ရေးသမားများ၏ ညံ့ဖျင်းသောအရည်အသွေးကြောင့်ဟု အပြစ်တင်လေ့ရှိသည်။

ကယ်ဆယ်ရေးသမားများသည် အပျက်အစီးများကို ကြိုးစားရှင်းလင်းလျက်ရှိသည်ဟု ဘီဘီစီသတင်းထောက်က ပြောသည်။ **(အပေါ်ပုံ)**

ယင်းပြိုကျသည့် အဆောက်အအုံတွင် နေထိုင်သူများသည် အခြေခံလူတန်းစားများနှင့် အလယ်အလတ်လူတန်းစားများဖြစ်ကြသည်။

သေဆုံးသူအများစုသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ အလုပ်သမားများဖြစ်ကြသည်။ **ဘီဘီစီ။**

မိတ္ထီလာခရိုင်အတွင်း ဘေးဒုက္ခခံစားရသည့် ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်း ပေးအပ်

နေပြည်တော် မေ ၅

မိတ္ထီလာခရိုင်အတွင်း ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဘေးဒုက္ခခံစားရသည့် ပြည်သူများအတွက် အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များအား လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန (ရုံးချုပ်) နှင့် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးသို့ လာရောက်လှူဒါန်းလျက်ရှိသည်။

မတ် ၃၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီးဒေါ်ခင်သက်ငွေး၊ကိုတာရာမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ထားဆွေ၊ ကိုကျော်ဘုန်းမြင့်၊ မြေး မောင်အဂ္ဂမင်းခေါင် မိသားစုမှ ငွေကျပ် ခုနစ်သိန်းကို လာရောက်လှူဒါန်းကြရာ တာဝန်ရှိသူများကလက်ခံပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိတ္ထီလာခရိုင် ဘေးဒုက္ခသည်များအတွက် အလှူငွေနှင့် ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိ

မိတ္ထီလာ မေ ၅

မိတ္ထီလာမြို့၌ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအတွက် စေတနာရှင်ပြည်သူများ၊ ကုမ္ပဏီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့်ဒေသခံပြည်သူများက ဆက်သွယ်ရေးရိပ်သာတွင် ဖွင့်လှစ်ထားသော အလှူငွေနှင့် ပစ္စည်းလက်ခံရာဌာနသို့ လာရောက်လှူဒါန်းလျက်ရှိကြရာ မေ ၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် အစိုးရအဖွဲ့ဝင် ဦးရဲအောင်မြင့် အမှူးပြုသော တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ဥပဒေမိသားစုနှင့် စေတနာရှင်များက ငွေကျပ် ၄၅ သိန်း၊ ဘာသာပေါင်းစုံမှ အမဲသား ၄၂၅ ပိဿာ၊ One dollar fund myanmar မှငွေကျပ် ၈ သိန်း ၅ သောင်း၊ မန္တလေးတိုင်းဒေသကြီး မြို့နယ်ငါးမြို့နယ် သီလရှင်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌအကျိုးဆောင်ဆရာကြီးများက ငွေကျပ်ငါးသိန်း၊ ဆန် ၇၅ အိတ်၊ ဆန်ခေါက်ဆွဲအိတ်ကြီး သုံးအိတ်၊ ဆပ်ပြာမှုန့်အထုပ် ၁၀၀ ပါ တစ်အိတ်၊ သာစည်မြို့နယ် ယင်းမာပင်တိုက်နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ မီးဖိုချောင်သုံးပစ္စည်းများ၊ ရန်ကုန်တိုင်းဒေသကြီး အခြေစိုက် ပရဟိတ လူငယ်များကွန်ရက်အဖွဲ့မှ အဝတ်အထည် အထုပ်ကြီးနှစ်ထုပ်နှင့် အဝတ်အထည်အထုပ်သေး တစ်ထုပ်၊ ကွေကာအုပ်အထုပ် ၃၀ ပါအထုပ်ကြီး ၂၀၊ ငါးသေတ္တာ လေးဖာ၊ မိတ္ထီလာမြို့ (၈၈) မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဖိနပ်အိတ်ကြီး နှစ်အိတ်၊ မိုးကာ သုံးလိပ်၊ ဦးထုပ် အထုပ်ကြီးတစ်ထုပ်၊ မိတ္ထီလာမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့မှ အဝတ်အထည် အထုပ်ကြီး ခြောက်ထုပ်၊ အဝတ်အထည်အထုပ်သေး လေးထုပ်၊ ဆန် တစ်အိတ်၊ ငွေကျပ် ရှစ်သောင်းတန်ဖိုးရှိ ထင်းထော်လာဂျီတစ်စီး၊ မန္တလေးတိုင်းဒေသကြီးပြဟ္မစိုရ်လူမှုကူညီရေးအသင်းမှ ငွေကျပ် ၃၅ သိန်းလေးသောင်း၊ ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းမျိုးစုံတို့ကို လာရောက်လှူဒါန်းခဲ့ကြကြောင်းနှင့် မေ ၅ ရက်အထိ အလှူခံရရှိငွေစုစုပေါင်း ၁၀၂၂၃၅၀၀၀ ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဆီးဂိမ်းပြိုင်ပွဲအကြို ဖိတ်ခေါ် နပန်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်လင်းတို့နှင့် ယနေ့နံနက် ၁၁ နာရီ မိနစ် ၃၀ က မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလက်ဝှေ့အားကစားပြိုင်ပွဲရုံ၌ ကျင်းပသော ၂၀၁၃ ဆီးဂိမ်းအကြို ဖိတ်ခေါ်နပန်းပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်သည်။

အစီအစဉ်အရ မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်လင်းက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ထို့နောက် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ဒုတိယဝန်ကြီး၊ အဖွဲ့ချုပ် ဥက္ကဋ္ဌတို့နှင့်အတူ ပြိုင်ပွဲဝင်အသင်းများမှ ကစားသမားများအား လိုက်လံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**ထို့နောက် တိုင်းရင်းသားယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကာ ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

ယခုဖိတ်ခေါ်နပန်းပြိုင်ပွဲသို့ မူလက အိမ်ရှင်မြန်မာအပါအဝင် ပြိုင်ပွဲဝင် ရှစ်နိုင်ငံဖြင့် ယှဉ်ပြိုင်ရန် စီစဉ်ထားထားသော်လည်း အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံအသင်းများ လာရောက်နိုင်ခြင်းမရှိသဖြင့် မပါဝင်တော့ကြောင်း သိရသည်။ ထို့ကြောင့် အိမ်ရှင်မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံစသည့် အသင်းခြောက်သင်းသာ ယှဉ်ပြိုင်ကြရတော့မည် ဖြစ်သည်။ ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲအတွက် Greco ပြိုင်ပွဲနှင့် Free Style ပြိုင်ပွဲနှစ်မျိုး ပါဝင်မည်ဖြစ်ကာ တစ်မျိုးလျှင် ဝိတ်တန်း ခုနစ်တန်း ပါဝင်မည်ဖြစ်သည်။ အမျိုးသမီးပြိုင်ပွဲတွင်မူ Free Style ပြိုင်ပွဲတစ်မျိုးသာ ပါဝင်ပြီး ဝိတ်တန်း ခုနစ်တန်း ပါဝင်မည်ဖြစ်ရာ စုစုပေါင်း ရွှေတံဆိပ် ၂၁ ခု ချီးမြှင့်မည်ဖြစ်သည်။ ပွဲစဉ်များကို နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ မေ ၆ ရက်နှင့် ၇ ရက်နေ့များတွင် နေ့စဉ် ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်း » လေဒီ
ဓာတ်ပုံ » သော်ဇင်စိုး

MYOB ဆော့ဖ်ဝဲ မြန်မာနိုင်ငံတွင် စတင်ရောင်းချမည်

ရန်ကုန် မေ ၅

ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများ၏ ငွေစာရင်းများ၊ ကုန်ရောင်းကုန်ဝယ်စာရင်းများ၊ ကုန်ပစ္စည်းလက်ကျန်စာရင်းနှင့် နှစ်ချုပ်စာရင်းများနှင့် အခွန်ဆိုင်ရာစာရင်းများကို တွက်ချက်ရေးဆွဲပေးနိုင်သည့် MYOB Software ကို မြန်မာနိုင်ငံ၌ စတင်ရောင်းချတော့မည်ဖြစ်ကြောင်းကို မေ ၅ ရက်တွင် ရန်ကုန်မြို့ UMFCCI ၌ ကျင်းပသည့် ဟောပြောပွဲမှသိရသည်။

ဈေးနှုန်းများမှာ MYOB Bussiness Basics US-104 MYOB Accounting - US 422 နှင့် MYOB Premier Single user - US 90 ဖြစ်ကြောင်းသိရသည်။ MYOB ဆော့ဖ်ဝဲသည် မြန်မာနိုင်ငံ၏ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် စသည့် ငွေစာရင်းများကို မှန်ကန်တိကျစွာ တွက်ချက်မှတ်တမ်းတင်ပေးနိုင်ပြီး နိုင်ငံတော်သို့ အခွန်ပေးဆောင်ရာတွင်လည်း အချိန်နှင့်တစ်ပြေးညီ မှန်ကန်သောစာရင်းများကို အစီရင်ခံနိုင်သောဆော့ဖ်ဝဲဖြစ်သဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက်လည်း ထိရောက်စွာ အသုံးပြုနိုင်သည်ဟု CEO ဦးမြင့်သောင်းက ပြောပြသည်။ **(နန္ဒာဝင်း)**

ဖတ်ရှုဖွယ်ရာ နိုင်ငံတကာသတင်းအတိုအထွာ

မြည်း၏ နှလုံးအဆို့ရှင် လူသားများတွင် အစားထိုးကုသနိုင်

နှလုံးအဆို့ရှင် မကောင်းသည့်ဝေဒနာကို ခံစားနေရသော နှလုံးရောဂါဝေဒနာရှင်များအနေဖြင့် ၎င်းတို့၏ နှလုံးအဆို့ရှင်များနေရာတွင် မြည်းသတ္တဝါ၏ နှလုံးအဆို့ရှင်ဖြင့် အစားထိုးကုသနိုင်တော့မည်ဟု တရုတ်သုတေသီများက ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ယခင်က နွားနှင့် ဝက်တို့၏ နှလုံးအဆို့ရှင်များဖြင့် စမ်းသပ်လဲလှယ်ကုသမှုပြုခဲ့သော်လည်း မြည်း၏ အဆို့ရှင်မှာ တစ်သျှူးများ၏ ကျုံ့နိုင်၊ ဆန့်နိုင်စွမ်း ပိုမိုကောင်းမွန်သဖြင့် သင့်လျော်မှုရှိသည်ဟု ၎င်းတို့က ဆိုသည်။ ရှန်ဒေါင်းတက္ကသိုလ်မှ အဆိုပါ တရုတ်သုတေသီများသည် လူ့ခန္ဓာကိုယ်၏ အရေးကြီးအစိတ်အပိုင်းတစ်ခုဖြစ်သည့် နှလုံးအဆို့ရှင်ပျက်စီးမှုကြောင့် လူ့အသက်များဆုံးရှုံးနေကြရခြင်းကိုတိုက်ဖျက်ရန် ရည်ရွယ်လုပ်ဆောင်ကြခြင်းဖြစ်သည်ဟု ဆိုသည်။

ထူးထူးခြားခြား လေယာဉ်လက်မှတ်နှုန်းထား

ဩစတြေးလျလေကြောင်းလိုင်းတစ်ခုဖြစ်သည့် ဆာမိုအန်လေကြောင်းသည် ကမ္ဘာ့ပထမဆုံးသော လေယာဉ်စီးနင်းခကောက်ခံမှုစနစ်တစ်ရပ်ကို ကျင့်သုံးလိုက်ပြီဖြစ်သည်။ ယင်းမှာ လေယာဉ်စီးနင်းမည့် ခရီးသည်များအနေဖြင့် လေယာဉ်ထိုင်ခုံလက်မှတ်ကို တစ်ပြေးညီနှုန်းထားအတိုင်း ဝယ်ယူစရာမလိုဘဲ လေယာဉ်စီးနင်းမည့် ခရီးသည်၏ ခန္ဓာကိုယ်အလေးချိန်အလိုက် ဈေးနှုန်းသတ်မှတ်ထားသဖြင့် မျှတမှုရှိသော စနစ်တစ်ရပ်ဖြစ်ကြောင်း ဆာမိုအန်လေကြောင်းလိုင်းမှ အမှုဆောင်အရာရှိ ခရစ်လန်တန်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဦးနှောက်ပုံရိပ်ဖမ်းကိရိယာဖြင့် အိပ်မက်များကို သိရှိနိုင်

MRI အမည်ရှိ ဦးနှောက်ပုံရိပ်ဖမ်းကိရိယာဖြင့် ဦးနှောက်၏ လှုပ်ရှားမှုပုံရိပ်များကို ဖမ်းယူကြည့်ရှုခြင်းဖြင့် အိပ်မက်များကို သိရှိနိုင်ကြောင်း ဂျပန်သုတေသီများက ဆိုသည်။ ဖမ်းယူထားသော ဦးနှောက်ပုံရိပ်များကို ကွန်ပျူတာဖန်သားပြင်ပေါ်တွင် ကြည့်ရှုခြင်းဖြင့် အိပ်မက်များကို သိရှိနိုင်ကြောင်း၊ တိကျမှုမှာ ၆၀ ရာခိုင်နှုန်းရှိကြောင်း အဆိုပါ သုတေသနပြုချက်တွင် ပါဝင်ခဲ့သူ ATR Computational Neuroscience ဓာတ်ခွဲ ခန်းမှ ပါမောက္ခ ယူကီရာဆူ ကားစီတာနီက ဆိုသည်။

ကမ္ဘာကြီးပူနွေးလာမှု ပင်ဂွင်းငှက်များ၏သားပေါက်မှုကိုထောက်ကူ

ကမ္ဘာကြီးပူနွေးလာမှုသည် သက်ရှိသတ္တဝါအားလုံးကို ခြိမ်းခြောက်မှုပြုနေသည်ဟု ဆိုကြသော်လည်း အန္တာတိကဒေသ ဖြူးဖို့တ်ကျွန်းအနီးတွင် နေထိုင်ကျက်စားကြသော အဒဲလ်လီပင်ဂွင်း ငှက်မျိုးစိတ်များ၏ သားပေါက်မှုဖြစ်စဉ်ကိုမူ များစွာအထောက်အပံ့ပြုကြောင်း မင်နီဆိုတာ တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၂၀၁၀ ခုနှစ် အတွင်း ယင်းဒေသရှိ ရေခဲများ အရည်ပျော်မှုနှုန်းမှာ ၈၄ ရာခိုင်နှုန်းမြင့် တက်လာကြောင်း၊ အဒဲလ်လီပင်ဂွင်းငှက်များသည် အေးခဲနေသော ပင်လယ်ဒေသတွင် နေထိုင်ကျက်စားကြသော်လည်း သားပေါက်ရန်အတွက်မူ ရေခဲကင်းလွတ်ရာ မြေနေရာများလိုအပ်သဖြင့် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရေခဲပြင်များ အရည်ပျော်လာမှုနှုန်း မြင့်မားလာခြင်းသည် အဆိုပါ ပင်ဂွင်းငှက်များ သားပေါက်မှုဖြစ်စဉ်ကို အထောက်အကူပြုစေပြီး ၂၀၀၀ ပြည့်နှစ်နှောင်းပိုင်းက ကောင်ရေ ၃၅၀၀၀ ခန့်သာရှိခဲ့ရာမှ ကောင်ရေ ၆၄၀၀၀ ထိ မြင့်တက်လာခဲ့ကြောင်း အဆိုပါ သုတေသီများက ဆိုသည်။

ဆမ်ဆောင်းကုမ္ပဏီ ပထမသုံးလအတွင်း အမြတ်ငွေစံချိန်တင်

စမတ်ဖုန်း၊ မန်မိုရီကတ်၊ တီဗွီနှင့် Flat တီဗွီများ ထုတ်လုပ်ရောင်းချနေသော ကမ္ဘာ့ထိပ်တန်းအဆင့်ရှိ အီလက်ထရွန်နစ်ကုမ္ပဏီ ဆမ်ဆောင်း၏ ယခုနှစ် ပထမသုံးလတာအတွက် အမြတ်ငွေခန့်မှန်းမှုမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၃ ဘီလီယံခန့်ရှိနိုင်ပြီး စံချိန်တင် ပမာဏတစ်ခုဖြစ်ကြောင်း သိရသည်။

ဟိန်းထက်လင်း - စုစည်းသည်

ရွှေမန္တလေးက မဟာပဌာန်းသိမ်တော်ကြီး ပြင်ဆင်ရန်အလှူရှင်ပေါ်ပြီ

နိုင်ငြိမ်း(အညာတက္ကသိုလ်)

ဆောင်းဦးပိုင်းက မန္တလေးမြို့နေ ညီလေးတို့မိသားစုထံမှ မဟာပဌာန်းသိမ်တော်ကြီး ပြင်ဆင်ဖို့သွေးရှာသွားပြီ အစ်ကိုလာရောက်လေ့လာပါဟု ဖုန်းဆက်သဖြင့် ကျွန်တော်လည်း အပြေးအလွှားလိုက်သွားခဲ့သည်။ ကင်မရာကို တစ်ခါတည်းယူသွားပြီး ရွှေနန်းမြို့သမိုင်း ဟောင်းများကိုပါ မှတ်စုထုတ်သွားပါသည်။ မန္တလေး ရောက်သည်နှင့် ဦးချို့တောင်(မန္တလေးတောင်)ကို ဦးစွာ သွားရောက်လေ့လာခဲ့သည်။

"ဗောင်ကျော်ချမ်းအေး၊ မန္တလေး"ဟုသော ဂျူပွတ်နှင့်အညီ မင်းတုန်းမင်းကြီးသည် မန္တလေးရွှေမြို့တော်ကို ၁၂၂၀ ခုနှစ်တွင် တည်ဆောက်တော်မူခဲ့သည်။ မန္တလေးသည်(မဏ္ဍလ)ဟုသော ပါဠိစကားမှ ဆင်းသက်လာခြင်းဖြစ်ပြီး(သာယာပြန့်ပြူးသောမြေအပြင်)ဟု အဓိပ္ပာယ်ရသည်။ အင်း၀၊ အမရပူရတို့ကဲ့သို့ ကုန်းကျောင်းချိုင့်ဝှမ်းများရှိမနေဘဲ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း၌ ပြန့်ပြန့်ပြူးပြူးတည်ရှိနေပေသည်။

မန္တလေးမြို့ကိုတည်ထားရာတွင် (၁)ကျုံးတော် (၂)ကျုံးခြားထားသောအတွင်းမြို့၊ အပြင်မြို့ (Inner and Outer City)၊ (၃)သုဓမ္မာဇရပ်တန်း (Sudama Rest Houses)၊ (၄)ရွှေသိမ်တော် (Royal Sima)(၅)ပိဋကတ်တိုက်တော်(Royal Library)၊ (၆)ကုသိုလ်တော်လောကမာရဇိန်ဘုရားကြီး (Ku Sotaw)၊ (၇)မဟာအတုလဝေယံကျောင်းတော်ကြီး စသည့် သိင်္ဂလဗွိမောင်းသိမ်ကျောင်း စသည့် သာသနာ့အဆောက်အအုံ(၇)ခုကို တစ်ပြိုင်နက်တည်းပြုပြင်ဆောင်ခဲ့ပါသည်။

ထို(၇)ဌာနမှာ ဗုံးဒဏ်ခံရပြီး ဒုတိယကမ္ဘာစစ်ကြီး (၁၉၄၄-၄၅)ခုနှစ်အတွင်းက အချို့ပျက်စီးကုန်လေပြီး

မူလကုသိုလ်ရှင် မင်းတုန်းဘုရင်။

ပျက်စီးနေသည်များကို နိုင်ငံတော်အစိုးရ ယဉ်ကျေးမှုဌာနက ပြုပြင်မွမ်းမံနိုင်ခဲ့သော်လည်း၊ ဥဿုံ ပြီးစီးသည် အဆင့်သို့မရောက်ရှိခဲ့ပါ။ ယခုအခါ မန္တလေးမြို့မှ ထီမိခြွေ ပြုလုပ်ငန်းလုပ်ကိုင်နေသူ ဦးကျော်ဝင်း၊ ဒေါ်မြင့်မြင့်သန်း

အစားထိုးမှာပါ ပြီးမှအပေါ်က ကျွန်းပြားပြန်ကပ်ဖို့ အစီအစဉ်ရှိပါတယ်"ဟု အသေးစိတ် ပြောပြသည်။

မူလအစီအစဉ်အရ သီတဂူဆရာတော်ကြီးက တရားပွဲတွေ လုပ်ပြီး အလှူငွေရှာမယ်၊ ကုသိုလ်ပြုလိုသူတွေထံက အလှူခံမယ်ပြောခဲ့ပါတယ်။ မန္တလေးမြို့တွင် လူဆယ်သန်းကျော်နေထိုင်ရာ ယခုလို သမိုင်းဝင် အဆောက်အအုံများအတွက် ကုသိုလ်လုပ်လိုသူ အလှူရှင်ပေါ်များလှသည်။ ယခုတော့ သီးခြားအလှူရှင်တွေ ရှာနေရန်မလိုတော့ပါ။ ဦးကျော်ဝင်း- ဒေါ်မြင့်မြင့်သန်းတို့ မိသားစုကပဲ ငွေကျပ် သိန်းပေါင်းတစ်သောင်းခွဲ လှူမည်ဟု ကတိပြုဆိုပါသည် (ကုသိုလ်ကုလေစွ. . .)။ ဤနေရာ

မဟာပဌာန်းသိမ်တော်ကြီး။

တို့က ဆောက်ပါဌာနကြီးသုံးခုကို သိန်းပေါင်းတစ်သောင်းခွဲ လှူဒါန်း၍ ပြုပြင်သွားမည်ဟု စာရေးဆရာ နတ်မောက်ထွန်းရှိန်၊ ကမ္ဘာ့ဦးဝင်းမောင်တို့ထံမှ စုံစမ်းသိရှိခဲ့ရသည်။ ဦးကျော်ဝင်းမိသားစုလှူဒါန်းမည့် နေရာသုံးခုမှာ-

(က) ပဌာန်းသိမ်တော်ကြီး
(ခ) ပိဋကတ်တိုက်တော်
(ဂ) သုဓမ္မာဇရပ်တန်း စသည်တို့ ဖြစ်ကြပေသည်။

ထိုနေရာသုံးခုလုံးကို တစ်နှစ်ခွဲကာလအတွင်းအပြီးပြင်ဆင်ရန်ရှိကြောင်း၊ သီတဂူစီသုကာအဖွဲ့မှ ရှင်းပြသည်။ မြန်မာမှု ဗိသုကာပညာရှင်ဦးဝင်းမောင်ကို ရွှေပြည်ဆရာကြီး ဦးအတင်ရှိစဉ်ကပင် နှစ်ကြိမ် သုံးကြိမ်တွေ့ခဲ့ဖူးသည်။ ဆရာကြီးဦးဝင်းမောင်က-

အလှူရှင်တွေက ဌာနကြီးသုံးခုလုံးကို တစ်ပြိုင်နက်တည်း ပျက်ရတဲ့ဆောက်ကြမှာပါ။ ယခင်ခေတ်လက်ရာဟောင်းတွေအတိုင်း ရှေးမူမပျက်စေရပါဘူး။ ပိဋကတ်တိုက်တော် တည်ဆောက်ထားတဲ့ နေရာများ ကျွန်းကျော်အိမ်တွေရှိနေပါတယ်။ ဒါတွေကိုဖယ်ရှားဖို့ မန္တလေးတိုင်းဒေသကြီး အစိုးရနှင့်မန်းစည်ပင်ကို တင်ပြပြီးပါပြီ "ရှိနေတာတွေ ရှင်းပစ်လိုက်မှ ကျက်သရေရှိသွားမှာပါ။ အဲဒီဌာနကြီးသုံးခုကို သီတဂူဆရာတော်ကြီး ကိုယ်တိုင်ကြီးကြပ်ဆောက်လုပ်မှာ ဖြစ်ပါတယ်။ ယခင်ခေတ် ပိဋကတ်တော်နေရာမှာရှိနေတဲ့ တိုင်လုံးတွေက အချို့ဆွေးကုန်ပါပြီ ကျွန်းသားတိုင်နေရာမှာ ခိုင်မာတဲ့ ကွန်ကရစ်တိုင်တွေနဲ့

သုံးခုလုံးကိုပြုပြင်ပြီးရင် တခြားအပြင်မတော်တာတွေကိုလည်း ဆက်လုပ်ဖို့ရှိသေးကြောင်း၊ သမိုင်းဝင် ရှေးဟောင်းအဆောက်အအုံအားလုံးကို ပြုပြင်သွားရန်ရှိကြောင်း အချိန်ပြည့်သားအပေးဆုံ ဦးထွန်းရှိန်က ပြောပြသည်။

ကျွန်တော်သည် အခြားသုတေသီများနှင့်အတူ လောကမာရဇိန်ဘုရားပရိဝုဏ်အတွင်း ဝင်ရောက်ကာ ဓာတ်ပုံမှတ်တမ်းများ ရိုက်ယူခဲ့ပါသည်။ သိမ်တော်ကြီးကိုလည်း မြန်လည်ကိုင်းကွာကြည့်ရာ အလျားပေ ၉၀၊ အနံပေ ၆၀၊ အမြင့် ၅၈ ပေရှိပြီး စမြင်ခန်း ၃၀၊ ပထမလက်ခံခန်း ၁၄ ခန်း၊ ဒုတိယလက်ခံခန်း ၂၂ ခန်း၊ ကွန်းခန်း ထောခန်း စုစုပေါင်း ၇၀ ပါဝင်ဖွဲ့စည်းထားသည်ကို တွေ့ရသည်။

သုဓမ္မာဇရပ်တန်းအကြောင်း မဂ္ဂဇင်းစာနယ်ဇင်းများတွင် အသေးစိတ်ရေးခဲ့ပြီးဖြစ်၍ ထပ်မံမတင်ပြတော့ပါ။ စိတ်ကြိုက်အဆောင်တစ်ခုကိုသာ ဓာတ်ပုံရိုက်ယူခဲ့ပါသည်။ မူလသတ္တဌာန ခုနစ်ခုအနက် သုံးခုကို ခိုင်မာတောင့်ပြုပြင်တည်ဆောက်သွားမည်ဖြစ်ရာ (ရှေ့ငါး ဆဲ ကျောင်း၊ အဟောင်းပြုပြင်၊ ပန္နသီလာ၊ အစ္ဆ) ဟုသော စာလက်နှင့်အညီ ကုသိုလ်ထူးပြုကြသူအားလုံး ကျန်းမာချမ်းသာ၍ အသက်ရှည်ကြပါစေဟု ကြေးမုံမှ တစ်ဆင့်ဆန္ဒပြုလိုက်ရပါသည်။ ။

---

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် ဆိုင်းဘုတ်ကိုင်အမျိုးသမီး Volunteer များအဖြစ် ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ကမ်းလှမ်းခြင်း

၁။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံအသီးသီးကိုယ်စားပြု ဆိုင်းဘုတ်ကိုင် အမျိုးသမီး ၁၀ ဦးနှင့် ပိတ်ပွဲအခမ်းအနားတွင် အားကစားနည်း ၃၃ နည်းကိုယ်စားပြု ဆိုင်းဘုတ်ကိုင် အမျိုးသမီး ၃၃ ဦးကို Volunteer ကိုယ်တိုင်ဆန္ဒပြုသူအဖြစ် ရွေးချယ်တာဝန်အပ်နှင်းရန် ရှိပါသည်။

၂။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အလှည့်ကျဆောင်ရွက်သော အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်မိန်းကလေးများ ပါဝင်ဆောင်ရွက်စေလိုသောစေတနာဖြင့် ဖိတ်ခေါ်ခြင်းဖြစ်၍ ဆိုင်းဘုတ်ကိုင်အမျိုးသမီးများအဖြစ် Volunteer ဆောင်ရွက်ရန် စိတ်ဝင်စားသူ အမျိုးသမီးငယ်များသည် ဖော်ပြပါလိုအပ်သော အရည်အချင်းများနှင့်အတူတိုင်းဒေသကြီးနှင့်ပြည်နယ်လူမှုရေး၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့်အမျိုးသမီးရေးရာအဖွဲ့များသို့ လူကိုယ်တိုင်သွားရောက် ဆက်သွယ်၍ စာရင်းသွင်းအရွေးချယ်ခံရန် ဖိတ်ခေါ်ပါသည်-

(က) မြန်မာတိုင်းရင်းသူဖြစ်ရမည်။
(ခ) ရုပ်ရည်ပြေပြစ်ချောမောသူ အပျိုဖြစ်ရမည်။
(ဂ) ခန္ဓာကိုယ်အချိုးအစားပြေပြစ်သူဖြစ်ရမည်။
(ဃ) အရပ် ၅ ပေ ၄ လက်မရှိရမည်။
(င) အသက် (၁၈) နှစ်မှ (၂၂) နှစ်အတွင်း ဖြစ်ရမည်။
(စ) တက္ကသိုလ်ကျောင်းသူ (သို့မဟုတ်) ဘွဲ့ရရှိသူဖြစ်ရမည်။
(ဆ) အင်္ဂလိပ်ဘာသာစကားအသင့်အတင့်ပြောဆိုနိုင်သူဖြစ်ရမည်။
(ဇ) မြန်မာဆန်သောအသားအရောင်ရှိရမည်။
(ဈ) ဆံပင်အနက်ရောင်ဖြစ်ရမည်။
(ည) လူယဉ်ကျေးမယ်ဝတ်စုံဖြင့် တစ်လအတွင်း ရိုက်ကူးထားသော ၆လက်မ×၄လက်မအရွယ်ရှိ ကိုယ်လုံးပေါ်ဓာတ်ပုံ ရှေ့တည့်တည့်(၁)ပုံ၊ ဘေးစောင်း(၁)ပုံနှင့် ၆လက်မ × ၄ လက်မအရွယ်ရှိ ရှေ့ တည့်တည့်မှ ရိုက်ကူးထားသော ကိုယ်တစ်ပိုင်းပုံ (၁) ပုံ။

၃။ လာရောက်ဆက်သွယ်သူ လူငယ်ကျောင်းသူလေးများကို စာရင်း မှတ်တမ်းသွင်း၍ လိုအပ်သလိုကူညီမှုပေးပါရန် သက်ဆိုင်ရာ အမျိုးသမီး ရေးရာအဖွဲ့သို့ မေတ္တာရပ်ခံအပ်ပါသည်။

(ယဉ်ကျေးမှုဝန်ကြီးဌာန)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း ၆-၅-၂၀၁၃ (စနေနေ့)

၇း၀၃	တရားတော်
၇း၁၆	ဓမ္မပူဇာတေး
၇း၂၉	မြန်မာ့ရှုခင်း
၇း၃၅	မြန်မာသံစဉ်ချိုနားဝင်
၈း၁၀	ဇာတ်လမ်းတို
၁၁း၁၅	ကာတွန်းအစီအစဉ် -အမှန်တရားရဲ့ ရိုဘော့ဗွီ (အပိုင်း-၅)
၁၁း၄၀	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -သုံးလွန်းတင်မှုကြီး နေမျိုးအောင်၊ နဝရတ်နှင့် သရုပ်ဆောင်များ (ဒါရိုက်တာ - ကုသိုလ်)
၁း၁၀	မြန်မာသကြၤန်
၁း၅၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဒဏ်ရာများနဲ့ ချစ်သူ (အပိုင်း-၃၅)
၆း၁၀	စားဖိုဆောင်ချစ်သူ
၆း၃၅	ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၅၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လူငယ်လေးရဲ့ အစိမ်းရောင်ကမ္ဘာ (အပိုင်း-၂၆)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -လွှတ်တော်စတား -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "Behind Enemy Line (2)" (အပိုင်း-၁)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် မိတ္ထီလာမြို့ရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် မေ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ယနေ့ နံနက်ပိုင်းတွင် မိတ္ထီလာမြို့ ဆက်သွယ်ရေးဧည့်ရိပ်သာသို့ ရောက်ရှိရာ မိတ္ထီလာမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခအခြေအနေ၊ ကယ်ဆယ်ရေးပစ္စည်း ထောက်ပံ့ပေးမှုအခြေအနေများကို ညွှန်ကြားရေးမှူး ဦးသန်းထွဋ်ဆွေက ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ခရိုင်အားကစားကွင်းနှင့် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းတို့တွင် ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုပြီး ကယ်ဆယ်ရေးပစ္စည်းများရရှိမှု၊ သောက်သုံးရေရရှိမှု၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်နေမှုများ အတွက် မှာကြားသည်။ ဆက်လက်၍ မူလတန်းကြိုကျောင်းအား ကြည့်ရှုစစ်ဆေးပြီး အမှတ်(၆)အခြေခံပညာမူလတန်းကျောင်း အင်းကုန်းတွင် ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းအား သွားရောက်ကြည့်ရှု၍ ဒုက္ခသည်များကို အားပေးစကားပြောကြားသည်။

မိတ္ထီလာမြို့တွင် ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများ အတွက် ဦးအောင်ဇော်မြင့် ဥက္ကဋ္ဌ ရွှေဝါလင်း အင်တာနေရှင်နယ်+အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် မိသားစုက ၂၄ လက်မ (Flat) တီဗွီ နှစ်လုံး၊ သွားတိုက်ဆေးဘူး ၁၀၀ နှင့် သွားတိုက်တံအချောင်း ၂၀၀ တို့ကို ဒုက္ခသည်များထံ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။**(အောက်ပုံ)**

(သတင်းစဉ်)

မူဆယ်မြို့နယ်၌ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူ

နေပြည်တော် မေ ၅

ရှမ်းပြည်နယ် မူဆယ်မြို့နယ် ၂၀၁၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူမှု စတင်ခြင်းဖွင့်ပွဲကို မတ် ၃၀ ရက် နံနက် ၇ နာရီခွဲက မူဆယ်မြို့နယ် နမ့်ပန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ကျင်းပရာ**(အောက်ပုံ)** မူဆယ်ခရိုင် သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မူဆယ်ခရိုင်ဦးစီးဌာနမှူး ဦးဝင်းကိုက သန်းခေါင်စာရင်းကောက်ယူရခြင်း၏ ရည်ရွယ်ချက်၊ ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမည့် အခြေအနေနှင့် ယခု စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူမည့် အစီအစဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

၂၀၁၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြို့နယ် ၂၀ မှ ရပ်ကွက်ကျေးရွာအုပ်စု ၂၀ ရွေးချယ်ခဲ့ရာ မူဆယ်မြို့နယ် နမ့်ပန်ကျေးရွာအုပ်စုသည် တစ်ခုအပါအဝင်ဖြစ်ပြီး မေ ၁၀ ရက်အထိ ၁၂ ရက်ကြာ တစ်အိမ်တက်ဆင်းကောက်ယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပါဂျဲရိုးကား တစ်စီး မီးလောင်ကျွမ်း

ရန်ကုန် မေ ၅

ပါဂျဲရိုးကားတစ်စီး အော်တိုပန့်အပူရှိန်လွန်ကာ မီးလောင်မှုတစ်ခု မေ ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်)ရပ်ကွက် ဦးဝိစာရလမ်းပေါ်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ပိုင်ရှင်ယာဉ်မောင်း ဦးကျော်ဇင်၏ကား ၆က/-----မစ်ဆူဘီရှိပါဂျဲရိုးကား စိမ်းပုပ်ရောင်တစ်စီးသည် ဦးဝိစာရလမ်းမပေါ် ဆော်ဒီသံရုံးအနီးမြေနီကုန်း (မြောက်)ရပ်ကွက် အနောက်တွင် ယင်းကဲ့သို့ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ ထိုမီးလောင်မှုကို မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် သတင်းရလျှင်ရချင်း စမ်းချောင်းမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ သန္နေတပ်ဖွဲ့ဝင်ခြောက်ဦး၊ အရန်တပ်ဖွဲ့ဝင် သုံးဦးတို့သွားရောက်ငြိမ်းသတ်ခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပတ်ဝန်းကျင်တာဝန်သိပြည်သူတို့၏ ပူးပေါင်းငြိမ်းသတ် လုပ်ဆောင်မှုကြောင့် မွန်းလွဲ ၁၂ နာရီ ၄၃ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပိုင်ရှင်ယာဉ်မောင်း ဦးကျော်ဇင်(၅၂)နှစ်အား သက်ဆိုင်ရာက (ပ)၁၁၂/၂၀၁၃၊ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

(၆၈၀)

ဒေးဗစ်ကပ် တင်းနစ်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် မေ ၅

၂၀၁၃ ခုနှစ် Asia-Oceania ဇုန်အုပ်စု(၂) ဒုတိယအဆင့်ပတ်လည် ဒေးဗစ်ကပ် တင်းနစ်ပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်း COUNTRY CLUB ၌ ကျင်းပသည်။

အဆိုပါ တင်းနစ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Amjad Majid Abbasi တက်ရောက်ပြီး ပါကစ္စတန်နှင့် နယူးဇီလန်နိုင်ငံတို့မှ ကစားသမားများက တစ်ဦးချင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်ကစားကြသည်။ တင်းနစ်ပြိုင်ပွဲကို မေ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရေငန်ငါး/ပုစွန်သယံဇာတထိန်းသိမ်းနိုင်ရေး ငါးမဖမ်းဆီးရရာသီကာလ တားမြစ်ပိတ်ပင်ကြောင်း အသိပေးကြေညာခြင်း

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါး/ပုစွန် သယံဇာတများ မျိုးပြုန်းတီးမှုမရှိစေရေး၊ ရေရှည်စဉ်ဆက်မပြတ် ဖမ်းဆီးထုတ်လုပ်နိုင်ရန်အတွက် ငါး/ပုစွန် သယံဇာတကို ထိန်းသိမ်းသည့်အနေဖြင့် ၁၀၀ ဂရမ်အောက် ငါးမုတ်ငါးငယ်များ ဖမ်းဆီးရမိနေခြင်းမှ ထိန်းသိမ်းကာကွယ်နိုင်ရန် ဘုံကျောင်းကျားပိုက်(ကျောက်ပိုက်)၊ အင်္ဂလန်ကျားပိုက်(ကျားဖောင်)နှင့် ကျားပိုက်ကိရိယာများ ငါးမဖမ်းဆီးရကာလကို ဧပြီ ၁ ရက်မှ မေ ၃၁ ရက်အထိ ငါးမဖမ်းဆီးရကာလအဖြစ် သတ်မှတ်ခြင်းကို ၃၁-၃-၂၀၁၃ ရက်စွဲပါ ညွှန်ကြားချက်အမှတ်(၂/၂၀၁၃)ဖြင့် လည်းကောင်း၊ မြန်မာ့ပင်လယ် ငါးလုပ်ငန်း ရေပြင်တစ်ခုလုံးအား ငါး/ပုစွန်များ သားပေါက်ပွားကြီးပြင်းချိန်ဖြစ်သော ဇွန် ၁ ရက်မှ ဇူလိုင် ၁၅ ရက်အထိကို ကမ်းနီးငါးဖမ်းလှေများမှအပ ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံးအား ငါးမဖမ်းဆီးရရာသီကာလ (Closed Season)အဖြစ် တားမြစ်ပိတ်ပင်ခြင်းကို ၃၁-၃-၂၀၁၃ ရက်စွဲပါ ညွှန်ကြားချက် အမှတ်(၃/၂၀၁၃)ဖြင့် လည်းကောင်း ထုတ်ပြန်ထားရှိသည်။

(ငါးလုပ်ငန်းဦးစီးဌာန)

သတင်းထောက်မှ အနူးအညွတ်တောင်းပန်

၂-၄-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာတွင် ကရင်ပြည်နယ် သဘာဝသယံဇာတများ တည်ရှိစေရေး၊ ဝိုင်းဝန်းထိန်းသိမ်းဆိုတဲ့ သတင်းဆောင်းပါးကို ကိုယ်ကျိုးစီးပွားမပါဘဲ စေတနာဖြင့်ရေးသားရာတွင် ဘားအံတက္ကသိုလ် ဘူမိဗေဒဌာနပါမောက္ခ ဒေါက်တာအောင်မေသန်း၏ ဆောင်းပါးကို ကာယကံရှင်၏ ခွင့်ပြုချက်မတောင်းဘဲ ထည့်သွင်းအသုံးပြုခဲ့ခြင်းအပေါ် အနူးအညွတ်တောင်းပန်အပ်ပါကြောင်း။

နိုင်နိုင်ထွန်း(ကျုံဒိုး)

ပြည်တွင်းအတိုအထွာ ဖတ်စရာ

တစ်ကမ္ဘာလုံးအေးမြချမ်းသာစေတီတည်ထား

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု ကွမ်းသီးချောင်းရပ်ရှိ ရွှေနန်းတောင် ကုန်းတော်ပေါ်၌ တစ်ကမ္ဘာလုံးအေးမြချမ်းသာစေတီတော်ကြီးကို ကောလိပ်ကုက္ကို ပရိယတ္တိစာသင်တိုက်ပဓာနနာယက ရွှေရင်းတောင်သာသနာပြုဆရာတော်ကြီး မဟာဂန္ထဝါစက ပဏ္ဍိတ၊ သာသနပါလဓမ္မာစရိယ ဘဒ္ဒန္တကုလောကာဘိဝံသ မထေရ်မြတ်ကြီး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ၂၀၁၂ ခုနှစ် မတ် ၂၈ ရက်တွင် ပန္နက်တော်တင်အုတ်မြစ်ချ၍ တည်ထားကိုးကွယ်ခဲ့ရာ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(မြိတ်ခရိုင် ပြန်/ဆက်)

ရမည်းသင်းမြို့နယ် သံဃနာယကအဖွဲ့ ဆရာတော်ကြီးများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သာသနာရေးဆိုင်ရာများလျှောက်ထား

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာတွင် မတ် ၂၃ ရက်ညက ဖြစ်ပွားခဲ့သော အကြမ်းဖက်ဆူပူသောင်းကျန်းမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရမည်းသင်းမြို့နယ် သံဃနာယက ဆရာတော်ကြီးများအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က သာသနာရေးဆိုင်ရာများလျှောက်ထားခြင်း အခမ်းအနားကို မေ ၄ ရက် နံနက်က ရမည်းသင်းမြို့ ရန်အောင်မြင်သာသနာ့ဗိမာန်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(ညွှန့်ရွှေ)**

ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများရှင်းလင်း

ကရင်ပြည်နယ် ၂၀၁၃-၂၀၁၄ ခုနှစ် ပိုးသတ်ဆေးဥပဒေ၊ မြေဩဇာဥပဒေနှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းပွဲကို ကရင်ပြည်နယ် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၅ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ ဆွေးနွေးပွဲတွင် တာဝန်ရှိသူတို့က အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး ဝန်ထမ်းများနှင့် ပိုးသတ်ဆေး၊ မြေဩဇာအရောင်းဆိုင်များမှ သိလိုသည်များ မေးမြန်းမှုကို ဌာနခွဲမှ ညွှန်ကြားရေးမှူးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ်စိုက်ပျိုးရေး)**

သန်လျင်မြို့ မြို့သစ်အနောက်ရပ်ကွက်ဖွံ့ဖြိုးရေး ကော်မတီဖွဲ့

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ မြို့သစ်အနောက်ရပ်ကွက် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီကို ဖွဲ့စည်းခဲ့ရာ အဆိုပါ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးထင်အောင်၊ အတွင်းရေးမှူး ဦးမောင်မြင့်၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ရွှေဝါ၊ အဖွဲ့ဝင်များအဖြစ် ဦးညွန့်တင်၊ ဦးမျိုးမြင့်တို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

(တင်မောင်ဌေး-သန်လျင်)

မိုးကောင်း၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေး

ကချင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် လျှပ်စစ်စစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလွင်၊ မိုးကောင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးထူးလှိုင်ထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစိုးမင်းနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များသည် မတ် ၃၁ ရက် နံနက် ၉ နာရီခွဲက မိုးကောင်းမြို့ မြို့ဦးရပ်ကွက်အတွင်းရှိ အောင်သီတာရေခဲစက်၌ တပ်ဆင်အသုံးပြုထားသော ၁၁/သုည ဒသမ ၄ ကေဗွီ ၃၁၅ ကေဗွီအေ ဓာတ်အားခွဲရုံ မီးဘေးလုံခြုံရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် စစ်ဆေးကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၄၉၉)**

မိုးရာသီဘဏ်ချေးငွေ တစ်မြို့နယ်လုံးကျေ

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများအား ထုတ်ချေးပေးခဲ့သော ၂၀၁၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအားလုံး မတ် ၃၁ ရက်တွင် တောင်သူများက ပြေကျေစွာ ပြန်လည်ပေးဆပ်ပြီးကြောင်းနှင့် ၂၀၁၃/၂၀၁၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများလက်ဝယ် အချိန်မီထုတ်ချေးပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးစိန်ဌေးက ပြောသည်။

(ဖေထွဏ်းဇော်-ရေစကြို)

စာပေဟောပြောပွဲ ထားဝယ်၌ ကျင်းပ

(၈၈)မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း(ထားဝယ်)မှ ဦးဆောင်၍ စာပေဟောပြောပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို မတ် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ထားဝယ်မြို့အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ စာရေးဆရာမများဖြစ်ကြသည့် ပါမောက္ခဒေါက်တာခင်နီနီသိန်းနှင့် စမ်းစမ်းနွဲ့(သာယာဝတီ)တို့က မတ် ၂၉ ရက်တွင် လည်းကောင်း၊ စာရေးဆရာများဖြစ်ကြသည့် ဖေမြင့်နှင့် ညီပုလေးတို့က မတ် ၃၀ ရက်တွင် လည်းကောင်း ဟောပြောခဲ့ကြသည်။ **(၈၅၂)**

စင်ကာပူသမ္မတနိုင်ငံ သမ္မတနှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့် ဇနီး မစ္စစ်မေရီတန်တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်နှင့် ဇနီး ဒေါ်ချော၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့်ဇနီး၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chua Hian Kong Robert နှင့်ဇနီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ဓါတ်ပုံ) **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၄-၂၀၁၃ (စနေနေ့)

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၂၀ အိန္ဒိယရုပ်ရှင် "ဖြူစင်မေတ္တာ" (အပိုင်း-၅၆) (Re Run)
၉း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာ သစ္စာ" (အပိုင်း-၂၆) (Re Run)
၁၀း၀၀ ပြည်တွင်းသတင်း
၁၀း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာ သစ္စာ" (အပိုင်း-၂၆) (Re Run)
၁၁း၃၀ "ရန်အောင်နှင့်ပြည်သူချစ်သော သင်္ကြန်"
၁၂း၃၀ ဖြူမည်းရုပ်ရှင်"တစ်ခါကတစ်ဘဝ" (ပထမပိုင်း) (ကျော်ဟိန်း၊ဖိုးပါကြီး၊ ခင်သီတာထွန်း၊ ချိုပြုံး) (ဒါရိုက်တာ-မောင်တင်ဦး)
၁း၃၀ ပြည်တွင်းသတင်း
၁း၁၅ ဖြူမည်းရုပ်ရှင်"တစ်ခါကတစ်ဘဝ" (ဒုတိယပိုင်း) (ကျော်ဟိန်း၊ဖိုးပါကြီး၊ ခင်သီတာထွန်း၊ ချိုပြုံး) (ဒါရိုက်တာ-မောင်တင်ဦး)
၂း၀၀ ပြည်တွင်းသတင်း
၂း၁၅ ဖြူမည်းရုပ်ရှင်"တစ်ခါကတစ်ဘဝ" (တတိယပိုင်း) (ကျော်ဟိန်း၊ဖိုးပါကြီး၊ ခင်သီတာထွန်း၊ ချိုပြုံး) (ဒါရိုက်တာ-မောင်တင်ဦး)
၂း၅၀ ခါသင်္ကြန်အဆိုအကများ
၃း၀၀ ပြည်တွင်းသတင်း
၃း၁၅ အနုပညာရှင်နှင့် ရင်ခုန်စရာညချမ်း (Re Run)
၇း၀၀ ပြည်တွင်းသတင်း
၃း၄၅ ခါသင်္ကြန်အဆိုအကများ
၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (အပိုင်း -၃၆)
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (အပိုင်း -၃၆)
၉း၀၀ ပြည်တွင်းသတင်း
-Public Debate
-ပျော်ရွှင်စေသောနေ့ရက်များ "ယောက္ခမရုပ်ရည်"(အပိုင်း-၄) (မြင့်မြတ်၊ စိုးမြတ်သူဇာ၊မယ်လိုဒီ) [ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်)]
-နိုင်ငံခြားဇာတ်လမ်းတွဲ "နွေဦးပုံပြင်" (အပိုင်း-၁)

အမေရိကန်သမ္မတဟောင်း Mr. ... လူမှုရေး၊ ဘာသာရေးအဖွဲ့ အစည်...

ရန်ကုန် ဧပြီ ၅

"နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်သည် အလွန်ပါးနပ်သည့် ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲကိုလည်း ကျင်းပပေးခဲ့ကြောင်း၊ လွှတ်တော်အဆင့်ဆင့်ကလည်း တက်ကြွစွာ ဆောင်ရွက်နေကြကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုသည်

အလွန်မြန်ဆန်...
အမေရိကန်သ...
Jimmy Cart...
နာရီ ၁၅ မိနစ်...
ParkRoyal ...
လူမှုရေး၊ ဘာ...
များမှ တာဝန်ရှိ...
တွင် ပြောကြား...
အမေရိကန်...

❀ သင်္ကြန်အထူးရထားများမှ

မန္တလေးဘူတာသို့ နောက်တစ်နေ့နံနက် ၈ နာရီ မိနစ် ၄၀ တွင် ဆိုက်ရောက်မည်ဖြစ်ပြီး မန္တလေး-ရန်ကုန်အစုန်အထူးရထားသည် မန္တလေးဘူတာမှ ညနေ ၄ နာရီတွင် စတင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ နောက်တစ်နေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

ရန်ကုန်မှ နေပြည်တော်ခရီးစဉ်အပြင် လက်ရှိ အမှတ်(၃၁)အဆန်၊ အမှတ်(၇)အဆန် အမြန်ရထားနှစ်စင်းအဖြစ် နောက်ထပ်အထူးရထားနှစ်စင်းကို ဧပြီ ၂၁ ရက်တွင် ပြေးဆွဲပေးမည်ဖြစ်ရာ အဆန် အထူးရထား(၁)သည် ရန်ကုန်မှ ည ၇ နာရီတွင်ထွက်ခွာ၍ နေပြည်တော်သို့ နောက်တစ်နေ့နံနက် ၄ နာရီခွဲတွင် လည်းကောင်း၊ အဆန်အထူးရထား(၂)သည် ရန်ကုန်မှ ည ၈ နာရီတွင်ထွက်ခွာ၍ နေပြည်တော်သို့ နောက်တစ်နေ့ နံနက် ၅ နာရီခွဲတွင်လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။

အထက်ပါ နေပြည်တော်-ရန်ကုန်အထူး(အစုန်/အဆန်)ရထားများကို ပျဉ်းမနား၊ တောင်ငူ၊ ပဲခူးနှင့် တိုးကြောင်ကလေးဘူတာများတွင် ရပ်တန့်သွားမည်ဖြစ်ပြီး ရန်ကုန်-မန္တလေးအထူး(အစုန်/အဆန်) ရထားများကို တိုးကြောင်ကလေး၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်နှင့် သာစည်ဘူတာများတွင် ရပ်တန့်သွားမည်ဖြစ်သည်။ သင်္ကြန်ကာလအတွင်း ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ အဆိုပါအထူးရထား ပြေးဆွဲခြင်းကို ရပ်နားထားမည်ဖြစ်ရာ ခရီးသွားပြည်သူများအချိန်မီသိရှိစေရန် မြန်မာ့မီးရထားမှ ကြိုတင်အသိပေး ကြေညာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

အာဆီယံစီးပွားရေးအသိုက်အဝန်းအတွက် လိုအပ်သည့် ဒေသခံများ၏အရည်အချင်းများအား ပြုစုပျိုးထောင်ပေးမည်

သတင်းမှတ်စု- ဧဟျာ(AEC)

အာဆီယံစီးပွားရေးအသိုက်အဝန်းကို ၂၀၁၅ တွင် စတင်မည်ဖြစ်ရာ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြင့်လာပါက အာဆီယံနိုင်ငံအားလုံး၌ အပြောင်းအလဲများ အနည်းနှင့်အများ ဖြစ်ထွန်းစေမည်ဟု ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် အာဆီယံစီးပွားရေးဆွေးနွေးပွဲတွင် "အာဆီယံတွင် အရည်အသွေးစုစည်းခြင်း (Mobilizing Talents in ASEAN)"ခေါင်းစဉ်၏ ဆွေးနွေးချက်အရ သိရသည်။ အဆိုပါ အာဆီယံစီးပွားရေးဆွေးနွေးပွဲကို ၂၀၀၉ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခု ၂၀၁၃ ခုနှစ်သည် လေးကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် လွန်ခဲ့သည့်နှစ်နှစ်အတွင်း အပြောင်းအလဲများအရှိန်အဟုန်ဖြင့်ဖြစ်ထွန်းလာလျက်ရှိရာ အကြီးမားဆုံးလိုအပ်ချက်တစ်ခုမှာ အတွေးအမြင်ရှိပြီး ကျွမ်းကျင်သည့်ဝန်ထမ်းများ လိုအပ်ချက်ပင်ဖြစ်သည်။ ၂၀၁၁ စာရင်းများအရ မြန်မာနိုင်ငံတွင် အသက်(၁၅)နှစ်မှ(၅၉)နှစ်အတွင်းရှိ အလုပ်လုပ်နိုင်သည့် ဦးရေမှာ ၃၇ ဒသမ ၄၄ သန်းရှိပြီး အမှန်တကယ်အလုပ်လုပ်သည့် ဦးရေမှာ ၃၀ ဒသမ ၁၃ သန်းသာရှိကြောင်း သိရသည်။

အာဆီယံအသိုက်အဝန်း အပြောင်းအလဲများကြားတွင် နယ်စပ်ဖြတ်ကျော်အလုပ်လုပ်ကိုင်သူများ တိုးမြင့်လာရန်ရှိပြီး ဒေသတွင်းလုပ်ငန်းငယ်များမှသည် လုပ်ငန်းကြီးများထိ လူ့အရင်းအမြစ်နှင့် စီးပွားရေးလုပ်ငန်းများက သက်ရောက်မှုရှိလာမည်ဖြစ်သည်။ "သင့်လျော်သည့်စီမံကွပ်ကဲမှုနည်းလမ်းနှင့် လူငယ်မျိုးဆက်များ၏ သဘာဝကို နားလည်မှုရှိခြင်းသည် အောင်မြင်မှု၏သော့ချက်ဖြစ်ကြောင်း၊ လူကြီးများမှ လူငယ်မျိုးဆက်များကို ဗဟုသုတနှင့်အတွေ့အကြုံများ လွှဲပြောင်းပေးနိုင်ရန်နှင့် အနာဂတ်ခေါင်းဆောင်များ ပျိုးထောင်ပေးရန်အတွက် သင်တန်းပေးခြင်းနှင့် နည်းပညာပေးခြင်းသည် အလွန်အရေးကြီးကြောင်း၊ မျိုးဆက် Y ဟုခေါ်သည့် လူငယ်မျိုးဆက်များသည် တာဝန်မျိုးစုံယူပြီး တက်ကြွမှုလွန်ကဲကာ ကျေနပ်မှုကို ချက်ချင်းမျှော်လင့်တတ်ကြကြောင်း၊ လူငယ်မျိုးဆက်များသာမက မျိုးဆက် X ဟု ခေါ်သည့် သက်ကြီးပိုင်းဝန်ထမ်းများကိုလည်း ဂရုတစိုက်ကိုင်တွယ်ရန်လိုကြောင်း၊ မတူကွဲပြားသည့် နိုင်ငံများမှာ ကွဲပြားတဲ့စရိုက်နှင့် ယဉ်ကျေးမှုများရှိ၍ လူများကို ဂရုတစိုက်ကိုင်တွယ်ရမည် ဖြစ်ကြောင်း" အာဆီယံစီးပွားရေးလုပ်ငန်းစု SCG ဒုတိယဥက္ကဋ္ဌ Tanawonwg Areeratchakul ၏ မှတ်ချက်ပြုပြောကြားချက်ကလည်း မှတ်သားဖွယ်ရာဖြစ်သည်။

SCG အနေဖြင့် မကြာမီတွင် မြန်မာနိုင်ငံမှ အရည်အချင်းရှိသူများကို မွေးထုတ်ပေးရန်ဆောင်ရွက်တော့မည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် လက်ကမ်းကြိုဆိုရမည်သာ ဖြစ်သည်။ SCG တွင် တက္ကသိုလ်ကျောင်းသားများကို အဓိကထားသည့် အာဆီယံအထူးအစီအစဉ်များရှိပြီး ဝန်ထမ်းများကို ပံ့ပိုးပေးသည့် Go Regional Programme လည်းရှိသေးသည်။ SCGသည် ၁၉၉၆ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံတွင် အရည်အသွေးမြင့်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ယနေ့တိုင်ဆောင်ရွက်လျက်ရှိပြီး အာဆီယံဒေသတွင်းတွင်လည်း နှစ်ပေါင်း ၁၀၀ ခန့် ထိပ်တန်းစီးပွားရေးလုပ်ငန်းအဖြစ်ရပ်တည်လျက်ရှိသည်။

ဘက်စုံထူးချွန်အပန်းဖြေစခန်း(အင်းလေး) စခန်းပိတ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပ

ညောင်ရွှေ ဧပြီ ၅

ဘက်စုံထူးချွန်အပန်းဖြေစခန်း (အင်းလေး) စခန်းပိတ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ဧပြီ ၄ ရက် ညနေ ၆ နာရီခွဲတွင် အဆိုပါ စခန်းစုဝေးကွင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ တက်ရောက်ဂုဏ်ပြုစကားပြောကြားသည်။ ထို့နောက် ဆုရထူးချွန်ကျောင်းသား ကျောင်းသူများကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ထူးချွန်ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညစာစားပွဲအပြီးတွင် တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၊ ဘန်နီဖြိုး၊ နန္ဒစိုင်း၊ ဂွန်၊ နီနီခင်ဇော်နှင့် သီရိဆွေတို့က တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ပြီး ထူးချွန်ကျောင်းသူများကလည်း အကပဒေသာဖြင့် ပြန်လည်ကပြဖျော်ဖြေကာ စခန်းပိတ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို အောင်မြင်ပျော်ရွှင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

(၆၇၃)

အင်အားအသင့်အတင့်ရှိမြေငလျင်လှုပ်ရှား

နေပြည်တော် ဧပြီ ၅

ဧပြီ ၄ ရက် ညနေ ၃ နာရီ ၄၇ မိနစ် ၃၆ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် မိုင် ၁၈၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(နေပြည်တော်၏ အနောက်တောင်ဘက်မိုင် ၄၀ ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဘက်စုံထူးချွန်အပန်းဖြေစခန်း(ငွေဆောင်)စခန်းပိတ်ပွဲနှင့် မီးပုံပွဲကျင်းပ

ငွေဆောင် ဧပြီ ၅

ဘက်စုံထူးချွန်အပန်းဖြေစခန်း (ငွေဆောင်)၌ အပန်းဖြေလေ့လာလျက်ရှိသော ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများသည် ဧပြီ ၃ ရက် နံနက်ပိုင်းတွင် ငွေဆောင်မြို့နယ်ခွဲ သဇင်ကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာအတွင်းရှိ ရေလုပ်ငန်းနှင့်ငါးခြောက်လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို ကြည့်ရှုလေ့လာကြသည်။**(ယာပုံ)**

ယင်းနောက် ယုဇနပုစွန် သားဖောက်စခန်းသို့ ရောက်ရှိပြီး စီးပွားရေးပုစွန်သားဖောက်လုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ပုလဲငွေဆောင် ဟိုတယ်ခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်များအသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှု ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများ ပညာရပ်ဆိုင်ရာများနှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာလုပ်ငန်းများအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောပို့ချသည်။

ဧပြီ ၄ ရက် နံနက်ပိုင်းတွင် ပုလဲငွေဆောင်ဟိုတယ်ခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှမိုးက ငွေဆောင်ဟိုတယ်ဇုန်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများသည် ငွေဆောင်ဟိုတယ်ဇုန်ရှိ ဟိုတယ်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများသည် ငွေဆောင်ကမ်းခြေ၌ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ရွက်လှေပြိုင်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် သရုပ်ပြကျင်းပနေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် ဘက်စုံထူးချွန်အပန်းဖြေစခန်း (ငွေဆောင်) ၂၀၁၃ စခန်းပိတ်ပွဲနှင့် မီးပုံပွဲကိုကျင်းပရာ ပျော်ရွှင်စွာ ပိတ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဥတုရာသီ တောကိုမှီ၏

✻ ငွေဆောင်မှ

အဆိုပါကမ်းခြေသို့ ပင်လယ်ခရီးသွား (Marine Tourism) တစ်ရပ်အနေဖြင့် သွားရောက်လည်ပတ်လိုလျှင် ချစ်သူများကျွန်းရှေ့ စက်လှေဆိပ်မှ စက်လှေဖြင့် ပင်လယ်ကမ်းရိုးတန်းအတိုင်း နှစ်နာရီခွဲမျှ ခုတ်မောင်းရသည်။

ကမ်းခြေတစ်လျှောက်တွင် ဆင်မကျွန်း၊ မြင်းစီးကျွန်း၊ သစ်ရောင်းကျွန်း၊ ငှက်ပျောကျွန်း၊ မိကျောင်းခေါင်းကျွန်း၊ တိုက်သုံးလုံးနှင့် တိုက်အိမ်သာသန္တာကျောက်တန်း၊ စပါးထားကျွန်း၊ ကျောက်စလောင်းကျောက်ခုံစုတို့ကိုဖြတ်ရင်း အနောက်ဘက်ကမ်းခြေ သဘာဝအလှအပများကို လည်းကောင်း၊ ထိုမှတစ်ဖန် ဂေါ်ရင်ဂျီကျွန်းကြီးကို ပတ်သည့်အခါ ကျောက်မိုးခိုနံရံကြီးများ၊ လည်ပြတ် ကျောက်ဆောင်၊ လှိုဏ်မြောင်ကြီးများ၊ ခရုချိုင်၊ လိပ်ချိုင်၊ ပန်းကန်တိုက်၊ ကျောက်လက်ညှိုးထိုး၊ လသာကွက် စသည့် ကျွန်းကြီး၏ သဘာဝအလှအပများကို လည်းကောင်း ပင်လယ်ပြင်မှနေ၍ ကြည့်ရှုခံစားနိုင်သည်။

ရေပေါ်သောင် တောင်ဘက်ကမ်းခြေရေပြင်တွင် ရောင်စုံကြက်လျှာ အလံလေးများ ထိုးထိုးထောင်ထောင်ရှိနေသော ငါးဖမ်းလှေလေးများ၊ ငါးဖမ်းဝါးလတ်စက်လှေများ အများအပြားဆိုက်ကပ်ရပ်နားထားကြပြီး ခရုဖောင်၊ ကျောက်ပုစွန်ဖောင်လေးကိုလည်း တွေ့ရသည်။ သောင်ခြေကမ်းပေါ်တွင် တံငါတဲဝိုင်းလေးများနှင့် ငါးခြောက်လှန်းစင်များ တသီတတန်းရှိနေကြသဖြင့် ပင်လယ်ရေလုပ်ငန်းများကိုပါ လေ့လာရင်း ငါးခြောက်နှင့် ပင်လယ်စာများကိုပါ ဝယ်ခြမ်းနိုင်သေးသည်။

ကျွန်းအခြေ...
နေ ဦးနေဝင်း၊...
တွေ့ဆုံရာတွင်...
ငယ်ငယ်ကဆို...
ရေပြင်ကြီး အ...
ရှိမယ်။ အင်္ဂလိ...
တိုင် ရွက်သ...
ဖြတ်သွား ဖြတ်...
ကောင်းတာက...
ဒီလောက်ရေစီ...
မျိုးမှာ လွန်ခဲ့...
(၃၀)လောက်...
ရွာစပ်ကနေ ...
ထွန်းလာတယ်...
သဲတွေ ထပ်...
သောင်ချင်းဆ...
တစ်ဆက်တည်...
ထူးခြားတာက...
တာမကြာသေ...
ပေါ်မှာ ရေတွင်...
တာက အံ့ဩ...
ဂေါ်ရင်ဂျီ...
မြောက် အလျ...
အကျယ်ဆုံးနေ...
ရှိသည်ဟု သိ...
ခြမ်းတောင်ကုန်...
တောင်ကုန်းမှ...
ဖူးစို့တောင်(ဘု...
တောင်ထိပ်ပေ...
ဆုတောင်းပြည့်...
ဖူးတွေ့ရသည်...
တက်ရန်...
ဦးဟုတ်ဝမ်(ခ)...
ကရစ် လှေကာ...
ပြုလုပ်ပေးထာ...
တောင်ထိပ်...
ပေါ်မှကြည့်လျှ...
ရေပေါ်သောင်...
ကြွေချိုင်ကမ်း...
တောင်စွယ်၊...
အဏ္ဏဝါ ရေပြ...

အမေရိကန်သမ္မတဟောင်း Mr. Jimmy Carter နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား တွေ့ဆုံ

ရန်ကုန် မေ ၅

"နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်သည် အလွန်ပါးနပ်သည့် ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲကိုလည်း ကျင်းပပေးခဲ့ကြောင်း၊ လွှတ်တော်အဆင့်ဆင့်ကလည်း တက်ကြွစွာ ဆောင်ရွက်နေကြကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုသည် အလွန်မြန်ဆန်လှကြောင်း" ဖြင့် အမေရိကန်သမ္မတဟောင်း Mr. Jimmy Carter က ယနေ့ည ၇ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ရှိ ParkRoyal ဟိုတယ်၌ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် ပြောကြားသွားသည်။**(အပေါ်ပုံ)**

အမေရိကန်သမ္မတဟောင်း Mr. Jimmy Carter က ကမ္ဘာတစ်ဝန်းလုံးက မြန်မာနိုင်ငံကို စိတ်ဝင်စားနေကြကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ကူညီချင်နေကြကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်သည် ပြည်သူများလက်ဝယ်ရှိနေကြောင်း၊ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ၏စိတ်ဝင်စားခံရမှု ရေရှည်ဖြစ်စေလိုကြောင်း၊ မြန်မာနိုင်ငံ၌ ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲသည် ဒီမိုကရေစီတိုးတက်မှုပြယုဂ်တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ အဆိုပါ ရွေးကောက်ပွဲသို့ မိမိအပါအဝင် နိုင်ငံတကာလေ့လာသူများကိုလည်း ဖိတ်ကြားစေလိုကြောင်း၊ မြန်မာပြည်သူလူထုနှင့် နိုင်ငံရေးခေါင်းဆောင်အားလုံး ကြုံတွေ့လာရမည့် စိန်ခေါ်မှုများကို နိုင်ငံရေးနည်းနှင့် ဖြေရှင်းရန် တိုက်တွန်းလိုကြောင်းဖြင့်လည်း ပြောကြားသွားသည်။

ထို့နောက် Mr.Jimmy Carter သည် တက်ရောက်လာသူအချို့၏ မေးမြန်းမှုများကို ဖြေကြားခဲ့သည်။

(သတင်းစဉ်)

ဂျော်ဒန်နိုင်ငံတွင်ဖြစ်ပွားခဲ့သော အလုပ်သမားရေးရာကိစ္စရပ်များနှင့် ပတ်သက်သည့်သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် မေ ၅

ဂျော်ဒန်နိုင်ငံ Ramtha မြို့ Century Miracle Apparel Mfg. Co.,Ltd. အထည်ချုပ်စက်ရုံတွင် ဖြစ်ပွားခဲ့သော မြန်မာအလုပ်သမားများကိစ္စနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဂျော်ဒန်နိုင်ငံရှိ အဆိုပါစက်ရုံသို့ အလုပ်သမားစေလွှတ်ခဲ့သည့် ကုမ္ပဏီများ၊ (၈၈)မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ အလုပ်သမားရေးရာကိုယ်စားလှယ်များ၊ သတင်းမီဒီယာများ၊ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ဂျော်ဒန်နိုင်ငံ CMJ အထည်ချုပ်စက်ရုံတွင် ဖြစ်ပွားခဲ့သော အလုပ်ရှင်နှင့် မြန်မာအလုပ်သမားများအကြား အငြင်းပွားမှုဖြစ်စဉ်၌ အစ္စရေးနိုင်ငံရှိ မြန်မာသံရုံးက ကူညီဆောင်ရွက်ပေးမှုများနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးမှုများကိုလည်းကောင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် အရာထမ်း နှစ်ဦးတို့က ဂျော်ဒန်နိုင်ငံသို့ သွားရောက်၍ ၎င်းတို့ကိုယ်တိုင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အလုပ်သမားနှင့် အလုပ်ရှင်ကြားဆွေးနွေး၍ သဘောတူညီချက်ရရှိခဲ့မှုများနှင့် ပတ်သက်၍လည်းကောင်း၊ ယင်းစက်ရုံသို့ အဆိုပါအလုပ်သမားများအား စေလွှတ်ခဲ့သည့် ပုဂ္ဂိုလ်က ၎င်းကိုယ်တိုင်ဖြေရှင်းဆောင်ရွက်ပေးခဲ့မှုများကို လည်းကောင်း၊ ယခုဖြစ်စဉ်ကဲ့သို့ တရားမဝင်အေဂျင်စီများမှ တရားမဝင်စေလွှတ်မှုမျိုး နောင်တွင်မဖြစ်ပေါ်စေရေး၊ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန် ပူးပေါင်းဆောင်ရွက်ရေးတို့ကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်းနှင့် တက်ရောက်လာသည့် ပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ယဉ်ကျေးမှုဆိုင်ရာနှင့် ဥပဒေရေးရာဟောပြော

နေပြည်တော် မေ ၅

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ ယဉ်ကျေးမှုဆိုင်ရာနှင့် ဥပဒေရေးရာဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာအမျိုးသမီးများနှင့် မြန်မာ့ယဉ်ကျေးမှုစာတမ်းကို ဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နန္ဒာမွန်းကလည်းကောင်း၊ ယဉ်ကျေးမှုနယ်ချဲ့ခြင်း အန္တရာယ်စာတမ်းကို ဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်ဝါဝါမောင်က လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ထို့နောက် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နန္ဒာမွန်းက အဖွဲ့ဝင်များအား အသင်းဝင်ကတ်နှင့် တံဆိပ်များပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **သင်္ကြန်ကာလကန်တော်ကြီးမှ**

ဦးထောင်ဘိုအဝိုင်းအတိုင်း ကန်ပတ်လမ်းမှတစ်ဆင့် မင်္ဂလာဈေးစက်ရုံလမ်းဘက်သို့ တစ်လမ်းမောင်းဝင်ရောက်ဖြတ်သန်းစေမည်ဟု သိရသည်။ ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ပါရမီလမ်း၊ ဆရာစံလမ်းနှင့် ကျန်လမ်းများအား လက်ရှိပုံမှန်သွားလာနေမှုများအတိုင်းသာ အသုံးပြုစေမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ပြည်လမ်းမကြီးပေါ်၌ လှည်းတန်း ခုံးကျော်တံတားကို သင်္ကြန်မတိုင်မီတွင် စတင်စမ်းသပ်မောင်းနှင်စေမည်ဖြစ်ရာ သင်္ကြန်ကာလအတွင်း မော်တော်ယာဉ်များ အဆိုပါ တံတားပေါ်မှ ဖြတ်သန်းမောင်းနှင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ မော်တော်ယာဉ်များ မောင်းနှင်ရာတွင် အရက်သေစာသောက်စား မူးယစ်မောင်းနှင်ခြင်း မပြုရန် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့မှ သတိပေးချက်များ ထုတ်ပြန်ထားပြီး ယာဉ်အန္တရာယ်ကင်းရှင်းစွာ စည်းကမ်းတကျ သွားလာမောင်းနှင်ရန် လိုအပ်ကြောင်း သတင်းရရှိသည်။ **(ဝဝ၁)**

❖ **ငွေဆောင်မှ**

အဆိုပါကမ်းခြေသို့ ပင်လယ်ခရီးသွား (Marine Tourism) တစ်ရပ်အနေဖြင့် သွားရောက်လည်ပတ်လိုလျှင် ချစ်သူများကျွန်းရှေ့ စက်လှေဆိပ်မှ စက်လှေဖြင့် ပင်လယ်ကမ်းရိုးတန်းအတိုင်း နှစ်နာရီခွဲမျှ ခုတ်မောင်းရသည်။

ကမ်းခြေတစ်လျှောက်တွင် ဆင်မကျွန်း၊ မြင်းစီးကျွန်း၊ သစ်ရောင်းကျွန်း၊ ငှက်ပျောကျွန်း၊ မိကျောင်းခေါင်းကျွန်း၊ တိုက်သုံးလုံးနှင့် တိုက်အိမ်သာသန္တာကျောက်တန်း၊ စပါးထားကျွန်း၊ ကျောက်စလောင်းကျောက်ခုံစုတို့ကိုဖြတ်ရင်း အနောက်ဘက်ကမ်းခြေ သဘာဝအလှအပများကို လည်းကောင်း၊ ထိုမှတစ်ဖန် ဂေါ်ရင်ဂျီကျွန်းကြီးကို ပတ်သည့်အခါ ကျောက်မိုးခိုနံရံကြီးများ၊ လည်ပြတ် ကျောက်ဆောင်၊ လှိုဏ်မြောင်ကြီးများ၊ ခရုချိုင်၊ လိပ်ချိုင်၊ ပန်းကန်တိုက်၊ ကျောက်လက်ညှိုးထိုး၊ လသာကွက် စသည့် ကျွန်းကြီး၏ သဘာဝအလှအပများကို လည်းကောင်း ပင်လယ်ပြင်မှနေ၍ ကြည့်ရှုခံစားနိုင်သည်။

ရေပေါ်သောင် တောင်ဘက်ကမ်းခြေရေပြင်တွင် ရောင်စုံကြက်လျှာ အလံလေးများ ထိုးထိုးထောင်ထောင်ရှိနေသော ငါးဖမ်းလှေလေးများ၊ ငါးဖမ်းဝါးလတ်စက်လှေများ အများအပြားဆိုက်ကပ်ရပ်နားထားကြပြီး ခရုဖောင်၊ ကျောက်ပုစွန်ဖောင်လေးကိုလည်း တွေ့ရသည်။ သောင်ခြေကမ်းပေါ်တွင် တံငါတဲဝိုင်းလေးများနှင့် ငါးခြောက်လှန်းစင်များ တသီတတန်းရှိနေကြသဖြင့် ပင်လယ်ရေလုပ်ငန်းများကိုပါ လေ့လာရင်း ငါးခြောက်နှင့် ပင်လယ်စာများကိုပါ ဝယ်ခြမ်းနိုင်သေးသည်။

ကျွန်းအခြေ ဟသ်ာချိုင်အုန်းခင်းနေ ဦးနေဝင်း၊ ဒေါ်သန်းဝင်းတို့နှင့် တွေ့ဆုံရာတွင် "ကျွန်တော်တို့ ငယ်ငယ်ကဆို ဒီနေရာအားလုံးက ရေပြင်ကြီး အကျယ်တစ်မိုင်လောက်ရှိမယ်။ အင်္ဂလိပ်ခေတ်ကဆို နှစ်ပင်တိုင် ရွက်သင်္ဘောကြီးတွေတောင် ဖြတ်သွား ဖြတ်လာဖူးတယ်။အံ့သြဖို့ကောင်းတာက ဒီလောက်နက်၊ ဒီလောက်ရေစီးသန်တဲ့ ဒီလိုနေရာမျိုးမှာ လွန်ခဲ့တဲ့ အနှစ်(၂၀)ကျော်၊ (၃၀)လောက်ကစပြီး ဟိုးချိုင်လေးရှာစပ်ကနေ ရေအောက်သောင်ခုံတွေထွန်းလာတယ်။နောက်မကြာဘူး၊ သဲတွေ ထပ်ထပ်ပို့ပို့လာရာကနေ သောင်ချင်းဆက်ပြီး အခုလိုကျွန်းနဲ့ တစ်ဆက်တည်း ဖြစ်လာတာပါပဲ။ ထူးခြားတာက ဒီသောင်ကြီးထွန်းလာတာမကြာသေးပေမယ့် ဒီသောင်ပေါ်မှာ ရေတွင်းတူးရင် ရေချိုပဲထွက်တာက အံ့သြစရာ" ဟုဆိုသည်။

ဂေါ်ရင်ဂျီကျွန်းသည် တောင်မြောက် အလျားပေ ၉၀၀၀ နှင့် အနံအကျယ်ဆုံးနေရာသည် ပေ ၂၂၅၀ ရှိသည်ဟု သိရသည်။ ကျွန်းအရှေ့ခြမ်းတောင်ကုန်းတန်းတွင် အမြင့်ဆုံးတောင်ကုန်းမှာ အမြင့် ၂၇၅ ပေရှိ ဗူးစို့တောင်(ဘုရားတောင်)ဖြစ်သည်။ တောင်ထိပ်ပေါ်တွင် မြဝတီဆုတောင်းပြည့် စေတီလေးတစ်ဆူ ဖူးတွေ့ရသည်။ တောင်ထိပ်သို့ တက်ရန် သာသနာပြုပုဂ္ဂိုလ် ဦးဟုတ်ဝမ်(ခ)ဦးကံဟုတ်က ကွန်ကရစ် လှေကားလေးများ စနစ်တကျပြုလုပ်ပေးထားသည်။

တောင်ထိပ်စေတီရင်ပြင်တော်ပေါ်မှကြည့်လျှင် ကမ်းနှစ်ဖက်နှင့် ရေပေါ်သောင်ကမ်းခြေရှုခင်းအလှ၊ ကြွေချိုင်ကမ်းခြေရှုခင်း၊ ရိုးမတောင်စွယ်၊ တောင်တန်းရှုခင်း၊ အဏ္ဏဝါ ရေပြင်ရှုခင်းနှင့် ကျွန်းကြီးတစ်ကျွန်းလုံးကို အပေါ်မှစီးမိုး ရှုမြင်နိုင်သည်။ အချိန်ရ၍စောင့်ကြည့်မည်ဆိုလျှင် အနောက်မိုးကုပ်စက်ဝိုင်း ပင်လယ်ရေပြင်ထဲသို့ နေလုံးကြီးတဖြည်းဖြည်း ငုပ်လျှိုးဝင်နေသည့် ဆည်းဆာနေဝင်အလှကို စိတ်လှုပ်ရှားစွာဖြင့် ကြည့်ရှုခံစားနိုင်ပါသည်။

ကျွန်းကြီးတစ်ခုလုံးမှာ ထုံးကျောက်များဖြင့် ဖွဲ့စည်းထားသဖြင့် လိုဏ်ဂူ၊ လိုဏ်ခေါင်းများ ပေါများပေရာ သုံးပွင့်ဆိုင်လင်းနို့ဂူ၊ မဟာဂါလိုဏ်ခေါင်း၊ မြစိမ်းလင်းနို့ခေါင်း၊ တရုတ်သေ ငှက်သိုက်ခေါင်းတို့တွင် မြေအောက် သဘာဝဆန်းကြယ်မှုများကို တွေ့ရသည်။

ကျွန်းခြေပတ်လည်တွင် သန္တာကောင်၊ ခရင်းကောင်လေးများ အထပ်ထပ်စုပုံ တွယ်ကပ်နေရာမှ ဖြစ်ပေါ်လာသော ကျောက်ခွက်၊ ကျောက်အိုင်လေးများဖြင့် ပြည့်နေသည့် သန္တာကျောက်ဖျာပြင်ကြီး ရှိသည်။ အနောက်ဘက်ခြမ်း ကျောက်ဖျာတွင် သဘာဝအတိုင်း ဝိုင်းစက်ညီညာနေသော ကျောက်ခွက်အိုင်အချို့နှင့် ကျောက်တန်း၊ ကျောက်တူးမြောင်း၊ ကျောက်မိုးခိုကမ်းပါးယံကြီးများ၊ ကျောက်ဆောင်၊ ကျောက်စိုင်ကြီးများသည် ထူးခြားအံ့ဖွယ် ဆန်းကြယ်လှပေသည်။

ကျွန်းခြေတစ်ဝိုက်တွင် ရေမျောကမ်းတင်စုပုံနေသော ပင်လယ်ခရုခွံမျိုးစုံ၊ ကဏန်းနီ၊ ကဏန်းကျား၊ ဗျာကဏန်းခေါ် ကဏန်းစိမ်းများ၊ ဝင်ကစွပ်ကောင်လေးများ၊ ကျောက်ကြို၊ ကျောက်ကြားများထဲတွင် သံပခြုပ်ကောင်လေးများ၊ ရေဘဝဲကောင်လေးများ၊ ကျောက်ခွက်အိုင်နှင့် သဲမြောင်းလေးများထဲတွင် ငါးနန်ချောင်၊ ငါးမျက်မှုန်၊ မိချောင်းသွားကြားထိုး၊ ခရာစင်းငါးအလှလေးများနှင့် အခြားအမျိုးအမည်မသိရေငန်ငါးအလှလေးများ စုံလင်စွာဖြင့် ကမ်းခြေဂေဟစနစ် မပျက်မစီးရှိနေသေးသည်ကို တွေ့ရသည်။

ရေငုပ်သမားများ၏ ပြောပြချက်အရ ကျွန်းအနီးတစ်ဝိုက် ပင်လယ်ရေအောက်မှ သန္တာကျောက်ခုံများကြားတွင် ငါးကြက်တည င်၊ ငါးကြက်တူရွေး၊ ငါးတောက်တဲ့၊ ကြယ်ငါး၊ ရေနဂါး(ရေမြင်း)၊ ရေနွား၊ ငါးပူတင်းဆူးဖြူ၊ ကျောက်ပုစွန်၊ ကင်းပုစွန် စသည့် ထူးခြားဆန်းပြားလှပသော ရေအောက် ငါးသတ္တဝါများ၊ သန္တာနက် (Gorgonian) သန္တာကျောက်ခက်၊ မှိုပွင့်၊ ကျောက်ပွင့်များ စသည့် အဏ္ဏဝါ မျိုးစိတ်များဖြင့် ဝေဆာလှပသော ရေအောက်ကမ္ဘာလေးအဖြစ် တည်ရှိနေကြောင်း သိရသည်။

ထို့ပြင် ဂေါ်ရင်ဂျီကမ်းခြေနှင့် ကြွေချိုင်ကမ်းခြေတစ်လျှောက်တွင် ဂေါ်ရင်ဂျီကျွန်းကုန်းတန်း၊ ချောင်းဝတောင်ကုန်းတန်း၊ စမ်းတောင်ကြီးကုန်းတန်းများ အနီးကပ် သွယ်တန်းတည်ရှိနေသဖြင့် အပန်းဖြေခရီးသည်များ၊ ကမ်းခြေရွာလေးများမှ ရွာသူရွာသားများအနေဖြင့် ရုတ်တရက်ဖြစ်ပေါ်တတ်သော ဆူနာမီရေလှိုင်းကြီးများနှင့် မုန်တိုင်းများ၏ သဘာဝဘေးအန္တရာယ်မှ အချိန်မီရှောင်တိမ်းနိုင်ပေသည်။

ဤကဲ့သို့ ထူးခြားလှပသောမိမိတို့ကမ်းခြေလေးကို သဘာဝကို အခြေခံသော ခရီးသွားအပန်းဖြေ ကမ်းခြေဖြစ်သည့် မီးခိုးမထွက်သောစက်ရုံ (Smokeless Factories) အဖြစ် ဖော်ဆောင်သင့်ကြောင်းဖြင့် လာရောက်ဖူးသူတိုင်းနှင့် ဒေသခံအများက ပြောဆိုနေကြသည်။ ။

ကမ္ဘာ့အကြီးဆုံး ဒိုင်နိုဆောဥယျာဉ် ဩစတြေးလျ၌ ဖွင့်လှစ်မည်

ဩစတြေးလျ ဘီလျံနာတစ်ဦးသည် ဒိုင်နိုဆောစက်ရုပ် ၁၆၅ ကောင်ပါဝင်သည့် ကမ္ဘာ့အကြီးဆုံး ဒိုင်နိုဆော ဥယျာဉ်ကို ဩစတြေးလျနိုင်ငံရှိ ပမ်မာကူးလမ်အပန်းဖြေစခန်း၌ ဖွင့်လှစ်ရန် စတင်အကောင်အထည်ဖော်လျက်ရှိသည်။ ယခု လက်ရှိအချိန်တွင် တိုက်ရမ်နိုစောရပ်စ်ရက်စ်နှင့် အိုမီစောရပ်စ်အမည်ရှိ ဒိုင်နိုဆောများရောက်ရှိနေပြီဖြစ်ပြီး လာမည့်လအနည်းငယ်အတွင်း အရှည်မီတာ ၂၀၊ အမြင့် ခုနစ်မီတာရှိသော မာမန်ချီစောရပ်စ်အမည်ရှိ ဒိုင်နိုဆောတစ်ကောင်နှင့် အရှည် ၂၁ မီတာ၊ အမြင့် ၆ ဒသမ ၅ မီတာရှိသည့် အပါတိုစောရပ်စ်အမည်ရှိ ဒိုင်နိုဆောတစ်ကောင် ထပ်မံရောက်ရှိလာမည်ဖြစ်သည်ဟု ဆိုသည်။ အဆိုပါ ဒိုင်နိုဆောဥယျာဉ်စီမံကိန်းကို တိုက်တန်းနစ်သင်္ဘောပုံတူကို တိကျစွာ တည်ဆောက်ခဲ့သည့် ကလစ်ပမ်မာအမည်ရှိ ပုဂ္ဂိုလ်က တာဝန်ယူတည်ဆောက်ပေးလျက်ရှိပြီး ဒိုင်နိုဆောများကို အမြီးများလှုပ်ယမ်းခြင်း၊ သွားများပေါ်အောင် ပါးစပ်များ လှုပ်ရှားခြင်းကဲ့သို့သော သဘာဝကျသည့် လုပ်ဆောင်မှုများရရှိအောင် ဖန်တီးသွားမည်ဟု သိရသည်။

ဘာသာပြန် ➢ ဟိန်းထက်လင်း

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ဘုရားပွဲအတူလည်ရာမှ ဓားထိုးမှုဖြစ်

ရန်ကုန် မေ ၅

မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်တွင် ဘုရားပွဲအတူလည်ရာမှ စကားများပြီး ဓားထိုးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မေ ၄ ရက် ည ၉ နာရီ ၁၀ မိနစ်ခန့်တွင် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းနှင့် ကျောက်တော်ကြီးဘုရားလမ်းထောင့်တွင် ကျိုက်ဝိုင်းဘုရားပွဲ အတူလည်ရာမှ စကားများပြီး နန္ဒာလင်း(၃၄)နှစ် အမှတ်(၂၂၈) ရွှေမဥ္ဇူ (၂)လမ်း (၃)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေသူက အသင့်ပါလာသော ဓားဖြင့်ထိုးရာ အောင်ဆင့်(ခ) ဘောကြီးတွင် ညာကျောပြင်ရှပ်ထိဒဏ်ရာတစ်ချက်၊ ညာဝမ်းဗိုက်ရှပ်ထိဒဏ်ရာ တစ်ချက်(မစိုးရိမ်ရ) ရရှိခဲ့သဖြင့် အနီးဝန်းကျင်မှ အင်းစိန်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဓားဖြင့်ထိုးသူ နန္ဒာလင်းအား မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ရဲစခန်းက (ပ)၁၄၃/ ၂၀၁၃၊ ပုဒ်မ ၁၉(င)ဖြင့် အရေးယူထားကြောင်း သိရသည်။

ဇော်ကြီး(ပဏီတ)

မြန်မာ-စင်ကာပူ စီးပွားရေးဖိုရမ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၅

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၂၀၁၂ ခုနှစ် စင်ကာပူသမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်သည် မြန်မာနှင့် စင်ကာပူနှစ်နိုင်ငံအကြား ပိုမိုတိုးတက်ပူးပေါင်းဆောင်ရွက်နိုင်ရေးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယခု စီးပွားရေးဖိုရမ်သည် စဉ်ဆက်မပြတ် ညီမျှသော ဖွံ့ဖြိုးတိုးတက်မှုကောင်းမွန်သည့် အနာဂတ်တစ်ခုကို ဖန်တီးဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် မြန်မာနှင့် စင်ကာပူ နှစ်နိုင်ငံတို့အကြား ပိုမိုတိုးတက်ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုကို ဖြစ်ပေါ်စေမည်ဟု မိမိအနေဖြင့် အလေးအနက်ယုံကြည်ပါကြောင်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ် Ballroom ၌ ကျင်းပသည့် မြန်မာ-စင်ကာပူ စီးပွားရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

အခမ်းအနားတွင် စင်ကာပူသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ စီးပွားရေးအဖွဲ့အစည်းများအကြား သဘောတူစာချုပ် သုံးခုနှင့် နားလည်မှုစာချွန်လွှာနှစ်ခုတို့ကို တာဝန်ရှိသူများက လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒေါ်ခိုင်ခိုင်နွယ်က မြန်မာနိုင်ငံတွင် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် စီးပွားရေးအခွင့်အလမ်းများအကြောင်းကို ဆွေးနွေးသည်။

ယနေ့ဖွင့်လှစ်သည့် International Enterprise (IE) Singapore ပြည်ပဌာနရုံးသည် စင်ကာပူနိုင်ငံရှိ ကုမ္ပဏီများ မြန်မာနိုင်ငံသို့ စိတ်ဝင်တစားလာရောက်ကြရန်နှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိပ္ပာယ်ရှိသော စီးပွားရေးဆက်နွယ်မှုများ ယူဆောင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

စင်ကာပူ-မြန်မာ စီးပွားရေးဖိုရမ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ Singapore Business Federation နှင့် စင်ကာပူစီးပွားရေး လုပ်ငန်းရှင်များအသင်းချုပ်တို့က ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ စင်ကာပူသမ္မတနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး

Mr. Teo Ser Luck၊ မြန်မာ-စင်ကာပူနှစ်နိုင်ငံ သံအမတ်ကြီးများ၊ Singapore Business Federation ဥက္ကဋ္ဌ Mr. Tony Chew နှင့် စင်ကာပူ-မြန်မာ စီးပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ထူးထူးခြားခြား ခရီးသွားဧည့်သည် ဈေးတွက်ချက်

ရန်ကုန် မေ ၅

မြန်မာ့မီးရထားမှရန်ကုန်မြို့တော်အတွင်းရန်ကုန်မြို့ပတ်/ဆင်ခြေဖုံးလော်ကယ်ရထားများအတွက် လူတစ်ဦးစီလျှင် လက်မှတ်ခနှုန်းထား ကျပ် ၁၀၀ သာထားရှိပြီး ခရီးစဉ်နှစ်ခုအတွက်လည်း အသုံးပြုနိုင်ကြကာ မိမိတို့စတက်သော ဘူတာမှ လိုအပ်သောခရီးစဉ်အတွက် ခရီးစဉ်ဖြတ်ပိုင်းများကို ဝယ်ယူနိုင်ကြပြီး ယင်းလက်မှတ်ဖြင့်ပင် နောက်တစ်ကြိမ်လိုက်ပါနိုင်ကြကာမိမိတို့လိုရာ ခရီးစဉ်သို့ ထပ်စီးနိုင်ကြသည်။

မြို့တော် လော်ကယ်ရထားများကို ပြည်သူများအတွက် လသုံးလက်မှတ်ခနှုန်းထားများလည်း ထားရှိကာ ခရီးသည်နှင့် ဝန်ထမ်းတစ်ဦးချင်းစီအတွက် လသုံးလက်မှတ်ခနှုန်းထား ကျပ် ၁၇၀၀ ဖြစ်ပြီး ကျောင်းသားကျောင်းသူ လသုံးလက်မှတ်ခနှုန်းထား ကျပ် ၁၁၅၀ ဖြစ်ကာ ယင်းအစီအစဉ်ကို ၁၅-၁၁-၂၀၁၁ ရက်မှ စတင်သတ်မှတ်ပေးခဲ့သည်။ နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် ခရီးစဉ်သတ်မှတ်နှုန်းထားမှာ တစ်ဒေါ်လာ သတ်မှတ်ထားရှိပေးပြီး ယခုအခါ ခရီးသွားဧည့်သည်များသည် ခရီးစဉ်ပိုင်းဖြတ်မှုအား မြန်မာငွေဖြင့် တွက်ချက်တတ်လာကြသည်။ 'အိုး. .၊ ၁ ဒေါ်လာ ဗရီးအေ့စ်ပန်းဆစ်' ဟု ရန်ကုန်မြို့တွင်း ဘုရားလမ်းဘူတာ၌ ရုံးလက်မှတ်ရောင်းသူနှင့် ခရီးသွားဧည့်သည်နှစ်ဦးမှ တစ်ဦးက လက်ညှိုးတစ်ချောင်း ထောင်ကာ အပြန်အလှန်ပြောဆိုနေကြသည်ကို မတ် ၃၀ ရက် ညနေ ၃ နာရီဝန်းကျင်၌ တွေ့ရသည်။**(ဝဲပုံ)** ထို့နောက် ၎င်းတို့နှစ်ဦးစလုံး လက်မှတ်မဝယ်ဘဲ ထွက်သွားကြလေသည်။သေချာသည်က သူတို့နိုင်ငံ၌ တစ်လရှာလျှင် မိမိတို့နိုင်ငံမှာ သုံးလလောက် ဖောဖောသီသီသုံးနိုင်ကြကုန်၏။ 'ဩော်. . သူတို့တွေတောင် တွက်ချက်လာကြပြီကိုး'ဟု မှတ်ချက်ပြုကာ ထွက်လာမိပါတော့သည်။ **(စိုးဝင်း-MLA)**

သားသတ်လုပ်ငန်းနှင့် အသားထုတ်လုပ်မှုလုပ်ငန်းများ စစ်ဆေးလျက်ရှိ

နေပြည်တော် မေ ၅

မြန်မာနိုင်ငံတွင် ခိုင်းကျွဲ၊ ခိုင်းနွားလုံလောက်မှုရှိစေရေးနှင့် နို့စားနွား၊ အသားတိုးနွား မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာ၌ သတ်မှတ်အသက်ထက်ငယ်သော ကျွဲ၊ နွားများ၊ မျိုးနွားမများကို သတ်ဖြတ်ခြင်း၊ တရားမဝင်သတ်ဖြတ်၍ အေးခဲအသား၊ အသားခြောက်များအဖြစ် ထုတ်လုပ်ခြင်း၊ ကူးစက်ရောဂါဖြစ်ပွားနေသော၊ ကူးစက်ရောဂါဖြင့်သေဆုံးသော တိရစ္ဆာန်များကို သတ်ဖြတ်ရောင်းချခြင်းတို့သည် အသားကဏ္ဍထုတ်လုပ်မှုဖွံ့ဖြိုးရေးလုပ်ငန်းများကို အဟန့်အတားဖြစ်စေကြောင်းနှင့် ပြည်သူလူထု၏ ကျန်းမာရေးကို ထိခိုက်စေကြောင်း တွေ့ရှိရသည်။

နေပြည်တော်၊ ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့တွင် ခန့်အပ်ထားရှိသော တိရစ္ဆာန်ဆေးကုဆရာဝန်များဖြင့် အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းစွာ အသားစားသုံးနိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အထက်ပါ စည်ပင်သာယာရေးကော်မတီနယ်နိမိတ်သုံးခုမှအပ ကျန်တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး တိရစ္ဆာန်ဆေးကုဆရာဝန်များအနေဖြင့် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေနှင့်အညီ အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းစွာ အသားစားသုံးနိုင်ရေးအတွက် သားသတ်လုပ်ငန်းနှင့် အသားထုတ်လုပ်မှုလုပ်ငန်းများ စစ်ဆေးခြင်းကို ၂၀၁၃ ခုနှစ် ဧပြီလမှစ၍ ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

မိတ္ထီလာမြို့ လူမှုဘေးဒုက္ခတွင် မီးလောင်ပျက်စီးသည့် လူနေအိမ်များကို အသစ်ပြန်လည် တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်

အမေး၊ အရေးနှင့် ဓာတ်ပုံ
ချမ်းသာ

မိတ္ထီလာမြို့ လူမှုဘေးဒုက္ခတွင် မီးလောင်ပျက်စီးသည့် လူနေအိမ်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဘုန်းဆွေ၏ ကြီးကြပ်မှုဖြင့် အလှူရှင်များ၏ ပံ့ပိုးကူညီလှူဒါန်းမှုများ လက်ခံရယူကာ အသစ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်ရာ အဆိုပါအစီအစဉ်များနှင့်ပတ်သက်ပြီး တာဝန်ရှိသူနှစ်ဦးဖြစ်သည့် ဦးရဲအောင်မြင့် (ဥပဒေချုပ်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့)၊ ဦးသန်းထွန်းဆွေ (ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန) တို့နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

မေး။ ။ဦးရဲ့ အမည်နဲ့ ရာထူး တာဝန် သိပါရစေ။

ဖြေ။ ။ဦးရဲအောင်မြင့်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဖြစ်ပါတယ်။

မေး။ ။မိတ္ထီလာလူမှုဒုက္ခဘေးထဲမှာ မီးလောင်ပျက်စီးသွားတဲ့ အိမ်တွေကို

ဦးရဲအောင်မြင့်။

အသစ်ပြန်လည် တည်ဆောက်ပေးမယ်လို့ သိရပါတယ်။ အိမ်အလုံးရေ ဘယ်လောက် တည်ဆောက်ပေးမှာပါလဲ။ ဘယ်လိုအစီအစဉ်နဲ့ တည်ဆောက်ပေးမှာပါလဲ။

ဖြေ။ ။မီးလောင်ဆုံးရှုံးမှု အများဆုံးဖြစ်တဲ့အိမ်အလုံးရေ ၁၅၉၄ လုံး ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးနဲ့ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဆီက တည်ဆောက်ဖို့ ခွင့်ပြုချက်ရတာနဲ့ အမြန်ဆုံးပြန်လည် တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ အိမ်သစ်တွေ ဆောက်နိုင်ဖို့အတွက် နိုင်ငံတစ်ဝန်းမှစေတနာရှင် အလှူရှင်တွေရဲ့ လှူဒါန်းပံ့ပိုးမှု အစီအစဉ်နဲ့ တည်ဆောက်သွားမှာပါ။

မေး။ ။အသစ်ပြန်လည် ဆောက်လုပ်ပေးမယ့် အိမ်အမျိုးအစားနဲ့ အိမ်တစ်လုံး ကုန်ကျစရိတ်တန်ဖိုး ဘယ်လောက် ဖြစ်ပါသလဲ။

ဖြေ။ ။အသစ်ပြန်ဆောက်လုပ်ပေးမယ့် အိမ်အမျိုးအစားက အလျား ၂၄ ပေ၊ အနံ ၁၈ ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ သံတိုင် အမျိုးအစားဖြစ်သလို ငလျင်ဒဏ်ခံနိုင်အောင်လည်း စနစ်တကျ တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် သန့်စင်ခန်း (အိမ်သာ)နဲ့ ရေ၊ လျှပ်စစ်သွယ်တန်းမှု အပိုင်းတွေလည်း ထည့်သွင်းပြုလုပ်ပေးသွားမှာ ဖြစ်ပါတယ်။ အိမ်တစ်လုံး တန်ဖိုးက ငွေကျပ် သုံးဆယ့်ငါးသိန်း လေးသောင်းကျပ် ဖြစ်ပါတယ်။

မေး။ ။ ယခုလက်ရှိ အိမ်သစ်တွေ တည်ဆောက်နိုင်ဖို့ အလှူခံရရှိထားမှု အခြေအနေကို သိပါရစေ။

ဖြေ။ ။ပထမဆုံးအလှူရှင်က ရန်ကုန်မြို့ သန်လျင်မြို့နယ် နယ်လှည့် စတုဒိသာအလှူရှင် နတ်စင်တစ်ရာ ဆရာတော်နဲ့ ဒါယကာ ဒါယိကာမများအဖွဲ့က အိမ်အလုံး ၂၀ အတွက် ငွေကျပ် ၇၀၈၀၀၀၀၀ စတင်လှူဒါန်းပြီးနောက်ပိုင်း နိုင်ငံတစ်ဝန်းက အလှူရှင်တွေ လှူဒါန်းထားတာ ယနေ့အထိ အိမ် ၁၁၈ လုံး တည်ဆောက်နိုင်ဖို့ အလှူခံရရှိထားပါပြီ။

မေး။ ။ ဘယ်ရပ်ကွက်မှာ စတင်ပြီး တည်ဆောက်ဖို့ စီစဉ်ထားပါသလဲ။

ဖြေ။ ။နန်းတော်ကုန်းရပ်ကွက် ချမ်းအေးနယ်မြေဘက်မှာ အိမ်အသစ်ငါးလုံးစတင်စမ်းသပ် တည်ဆောက်သွားမှာပါ။ နောက် ပထမဦးဆုံးအနေနဲ့အိမ်သစ်အလုံး ၁၀၀ ကို တည်ဆောက်သွားမှာဖြစ်ပြီး ဆက်လက်ပြီး သတ်မှတ်အိမ်လုံးရေ အမြန်ဆုံးနဲ့ စံချိန်မီ အဆောက်အအုံမျိုးဖြစ်အောင် တည်ဆောက်သွားမှာပါ။

မေး။ ။ဦးရဲ့ အမည်နဲ့ ရာထူးတာဝန်ကို သိပါရစေ။

ဦးသန်းထွန်းဆွေ။

ဖြေ။ ။ ဦးသန်းထွန်းဆွေ၊ ညွှန်ကြားရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနက ဖြစ်ပါတယ်။

မေး။ ။မီးလောင်ပျက်စီးသွားတဲ့ အိမ်အဆောက်အအုံသစ်တွေပြန်တည်ဆောက်ပေးမယ့်အပိုင်းနဲ့ ပတ်သက်ပြီး ဖြည့်စွက်ပြောကြားစရာများရှိရင် ပြောပြပေးပါဦးခင်ဗျာ။

ဖြေ။ ။မီးလောင်ပျက်စီးသွားတဲ့ အိမ်အဆောက်အအုံ ပိုင်ရှင်တွေထဲမှာ ငွေကြေးတတ်နိုင်သူတွေလည်း ပါဝင်ပါတယ်။ သူတို့တွေက ကိုယ့်အစီအစဉ်နဲ့ကိုယ် အိမ်ပြန်ဆောက်မယ်ဆိုရင်လည်း ကျွန်တော်တို့ပြန်ဆောက်လုပ်ပေးမယ့် အိမ်တစ်လုံး ကုန်ကျငွေတန်ဖိုး သုံးဆယ့်ငါးသိန်း လေးသောင်းကျပ်ကို ပေးအပ်သွားမှာဖြစ်ပါတယ်။

မေး။ ။ မိတ္ထီလာ လူမှုဘေးဒုက္ခကြုံတွေ့ပြီး မီးလောင်ပျက်စီးသွားတဲ့ အိမ်အဆောက်အအုံများကို အသစ်ပြန်လည်တည်ဆောက်ပေးဖို့ အလှူရှင်များက ဆက်သွယ်လှူဒါန်းလိုတယ်ဆိုရင် ဘယ်လိုဆက်သွယ်လှူဒါန်းနိုင်တယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ဦးရဲအောင်မြင့်၊ တိုင်းဒေသကြီး



အသစ်ပြန်လည်တည်ဆောက်ပေးမည့် အိမ်အဆောက်အအုံပုံစံ။

ဥပဒေချုပ်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဖုန်း - ၀၉-၂၁၅၀၉၀၆၊ ၀၉-၂၀၃၅၈၆၁၊ ဦးသန်းထွန်းဆွေ၊ ညွှန်ကြားရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ဖုန်း-၀၉-၄၃၁၂၀၈၆၇၊ Fax ၀၆၄-၂၄၀၁၄ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။

ပြည်သူ့အထောက်အကူပြု သတင်းများကို သတင်းစာများ၌ ဖော်ပြမှုကြောင့် ဈေးကွက်တွင် လူကြိုက်များ

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံ၌ ယခင်က သတင်းထုတ်ပြန်ရာတွင် ပွင့်လင်းမြင်သာမှုမရှိသဖြင့် ပြည်တွင်းပြည်ပ သတင်းဖွယ်ဖွယ်ရာရာများကို ပြည်ပသတင်းဌာနများမှ ထုတ်ပြန်သော သတင်းများကိုသာ အားရုံစူးစိုက်နေရသောကြောင့် အားမလိုအားမရဖြစ်နေသော ပြည်သူအချို့မှာ ယခုအခါ နိုင်ငံပိုင်သတင်းစာများနှင့်အတူ ဧပြီလဆန်း၌ ပုဂ္ဂလိက သတင်းစာများ ထုတ်ဝေဖြန့်ချိမည့် သတင်းကြားသိရသဖြင့် ပြည်ပသတင်းဌာနများကို အလေးထားနားထောင်စရာ မလိုတော့ကြောင်း သတင်းကြိုက်သူပြည်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

"အရင်တုန်းက ပြည်တွင်းမှာ သတင်းပွင့်လင်းမှု မရှိတော့ ပြည်ပက ထုတ်လွှင့်တဲ့ BBC ,VOA, RFA တို့ကို နားထောင်တဲ့ သူတွေများတယ်။ အခုတော့ နိုင်ငံပိုင် သတင်းစာတွေက အရင်နဲ့ မတူတော့ဘူး။ သတင်းပွင့်လင်းမှုတွေရှိလာပြီ။ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒတွေကို အလေးထား ဖော်ပြနေကြပြီ။ ပြည်သူတွေ နား၊ မျက်စိ ပွင့်ကုန်ကြပါပြီ" ဟု သတင်းကြိုက်သူ ပြည်သူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီး ဖ. ဆ. ပ. လ ခေတ်နောက်ပိုင်း ဝါဒရေးရာ စည်းရုံးရေးသတင်းများကို တစိုက်မတ်မတ် ဖော်ပြခဲ့ကြသည်။ ယခုအခါ သတင်းများအစား ပြည်သူအထောက်အကူပြု သတင်းများကို သတင်းစာများက ဖော်ပြလာကြသဖြင့် ဈေးကွက်တွင် လူကြိုက်များလာကြောင်း အရောင်းကိုယ်စားလှယ်တစ်ဦးထံမှ ကြားသိရသည်။

အစ ကနဦးက ဧပြီလဆန်းတွင် နိုင်ငံပိုင်သတင်းစာများနှင့်အပြိုင် ပုဂ္ဂလိကသတင်းစာ ၁၆ မျိုး ထုတ်ဝေဖြန့်ချိမည်ဟုဆိုသော်လည်း စံတော်ချိန်၊ The Voice၊ ရွှေနိုင်ငံသစ်၊ ပြည်ထောင်စုနေ့စဉ်သတင်းစာ လေးမျိုးသာ ထုတ်ဝေဖြန့်ချိမှုကို မြင်တွေ့ရသည်။

ဈေးကွက်တွင် ကြေးမုံ၊ မြန်မာ့အလင်း၊ မြို့တော်၊ မြဝတီ၊ The New Light of Myanmar သတင်းစာတို့ကို တစ်စောင်လျှင် ကျပ် ၁၀၀ နှုန်း၊ စံတော်ချိန်၊ The Voice၊ ရွှေနိုင်ငံသစ်၊ ပြည်ထောင်စုနေ့စဉ်သတင်းစာ တို့မှာ တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

(မောင်သူည)

SKY RAY Travels & Tours
Apr -13 [illegible] 140,000/-
Apr -13 [illegible] 160,000/-
Apr -13 [illegible] 290,000/-
Tel : 09-421000523, 09-421000524, 09-448006610

ပြန်လည်ရုပ်သိမ်းခြင်းနှင့်အများသိစေရန်

၂၄-၃-၂၀၁၃ရက် ကြေးမုံသတင်းစာ စာ(၂၀)ပါ VENUS SEVEN Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဒေါ်ချိုချိုဆင့်၏ အများသိစေရန်ကြော်ငြာမှာ မဟုတ်မမှန်သတင်းများဖြစ်သည့်အတွက် ၎င်းကြော်ငြာအားပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် ဒေါ်ချိုချိုဆင့်ပိုင်သောမြေအား မောင်လေးဖြစ်သူများနှင့် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းချပေးလိုက်ပါကြောင်း ၎င်းမြေသည် ဒေါ်ချိုချိုဆင့်တစ်ဦးတည်းပိုင်မြေဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းမြေအား ဝယ်ယူလိုက်သူများမှာ ဦးနေမျိုးနိုင်(ဒေါနမြေလယ်ယာစက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးသက်နိုင်(ဆိုင်ကယ်အပိုပစ္စည်း ရောင်းဝယ်ရေး)၊ ဦးလှမင်း၊ ဦးမင်းနိုင်တို့ဖြစ်ပါကြောင်း နောက်နောင် ၎င်းတို့လေးဦးအား ဂုဏ်သိက္ခာကျဆင်းအောင် ကောလာဟလသတင်းများ ပြောဆိုသူများအား အစ်မဖြစ်သူ ဒေါ်ချိုချိုဆင့်မှ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း ၎င်းမြေနှင့်ပတ်သက်၍ ဒေါ်ချိုချိုဆင့်မှ ပြန်လည်ဖြေရှင်း ပေးမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ချိုချိုဆင့် မန်နေဂျင်းဒါရိုက်တာ
VENUS SEVEN Co.,Ltd

အင်းလျားဝေဠုဝန်ပရိယတ္တိစာသင်တိုက်
ပထမသုံးထပ်ကျောင်းဆောင်စုပေါင်းလှူဒါန်း ရေစက်ချ
အလှူတော်မင်္ဂလာဖိတ်ကြားခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ်(၇၀) တက္ကသိုလ်ရိပ်သာလမ်း၊ အင်းလျားဝေဠုဝန် ပရိယတ္တိစာသင်တိုက်အတွင်း ပထမသုံးထပ်ကျောင်းဆောင် စုပေါင်းလှူဒါန်းဆောက်လုပ်ပြီးစီး၍ အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၇-၄-၂၀၁၃ (တနင်္ဂနွေနေ့)
နံနက် ၉း၀၀နာရီ
ကျင်းပမည့်နေရာ - အမှတ်(၇၀)၊ တက္ကသိုလ်ရိပ်သာလမ်း၊
အင်းလျားဝေဠုဝန်ကျောင်းတိုက်
ကျောင်းဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့

အမည်ဖြည့်စွက်ခြင်း

မော်လမြိုင်မြို့၊ ကြာအင်းရပ်နေ ဦးခင်စိုးဝင်း[၁၀/မလမ(နိုင်) ၁၀၈၈၆၀]၏ သမီး သူဇာမျိုးသွယ်[၁၀/မလမ(နိုင်) ၂၀၄၆၅၃]အား သျှင်အိန္ဒြေဝင့် ဟုဖြည့်စွက်ခေါ်ပါရန်။

သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါကြောင်း

ပုဇွန်တောင်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်အတွင်း လျှပ်စစ်လမ်းမီးများ ထွန်းညှိရန်အတွက် မာကျူရီမီးလုံးများနှင့် ဆက်စပ်ပစ္စည်းများအား တစ်ရပ်ကွက်လုံးစာအတွက် ငွေကျပ် ၂၆၀၀၀၀၀ (ကျပ်သိန်းနှစ်ရာ့ခြောက်ဆယ်တိတိ) အား ပေးအပ်လှူဒါန်းခဲ့ပြီး ရပ်ကွက်အတွင်းမီးလင်းရေးအတွက် ရာသက်ပန် လှူဒါန်းသွားမည်ဖြစ်ပါသည်။ အဆိုပါလှူဒါန်းမှု အစုစုတို့အား ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဒေါ်ချိုချိုဆင့်
M.D Venus Seven Co., Ltd.

POST [illegible]

အာကာသခရီးအတွက် အဆင်သင့်ဖြစ်နေတဲ့ ဟောလိဝုဒ်မင်းသား တွမ်ခရုဇ်

အသက်(၅၀)အရွယ်ရှိ နာမည်ကျော် ဟောလိဝုဒ် မင်းသား တွမ်ခရုဇ်က ကလေးဘဝကတည်းက စိတ်ကူးယဉ်ခဲ့ရသည့် အာကာသထဲသို့ ခရီးသွားလိုသည့် စိတ်ဆန္ဒကို အကောင်အထည်ဖော်သည့်အနေဖြင့် ယခုနှစ်ကုန်ပိုင်းတွင် Virgin ကုမ္ပဏီမှစီစဉ်ပေးထားသည့် အာကာသယာဉ်မှူးများနှင့်အတူ အရပ်သားများပါ အာကာသထဲသို့သွားရောက်နိုင်မည့် Virgin Galactic အာကာသခရီးသွားယာဉ်နှင့် အာကာသခရီးထွက်ရန် စီစဉ်ထားကြောင်း သိရသည်။

"အာကာသမှာရှိတဲ့ တခြားဂြိုဟ်ကို ခရီးထွက်ဖို့ဆိုတာ ကျွန်တော်ကလေးဘဝကတည်းက အမြဲတမ်းစိတ်ကူးယဉ်ခဲ့ရတာပါ။ ဒါဟာ အရမ်းပဲ စိတ်လှုပ်ရှားစရာကောင်းပါတယ်။ ဒီလို မသွားချင်တဲ့သူ ဘယ်သူရှိသလဲဗျာ"ဟု တွမ်ခရုဇ်က ရုရှားနိုင်ငံ မော်စကိုမြို့၌ ပြုလုပ်သည့် ၎င်းပါဝင် ရိုက်ကူးထားသည့် Oblivion အမည်ရှိ ဇာတ်ကား သစ်ပရီမီးယားရှင်းပွဲ၌ ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါ Virgin Galactic အာကာသ ခရီးသွားယာဉ်နှင့် အာကာသထဲသို့ ခရီးသွားရန်အတွက် ဒေါ်လာ နှစ်သိန်းတန် လက်မှတ်ကို ဝယ်ယူထားသူပေါင်း အယောက် ၅၀၀ ရှိပြီဖြစ်ကြောင်းနှင့် တွမ်ခရုဇ် ပါဝင်သရုပ်ဆောင်ထားသည့် စိတ်ကူးယဉ်သိပ္ပံဇာတ်ကား တစ်ကားထဲကကဲ့သို့ကမ္ဘာဂြိုဟ်ပေါ် သို့အခြားကမ္ဘာမှ ဂြိုဟ်သားများ ကျူးကျော်ဝင်ရောက်လာပါက နောက်ဆုံးထွက်ပေါက်အဖြစ် အသုံးပြုနိုင်စေရေးအတွက် ယင်းကဲ့သို့ အာကာသခရီးကို လေ့လာထားသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သရုပ်ဆောင် တွမ်ခရုဇ်သည် ၎င်း၏ Oblivion ဇာတ်ကားရိုက်ကူးစဉ်က နာဆာမှစီစဉ်ပေးထားသော အာကာသထဲသို့ အမှန်တကယ် ရောက်သွားသကဲ့သို့ ပြုလုပ်ဖန်တီးပေးထားသည့် အာကာသလွန်းပြန်ယာဉ်ဖြင့် ပျံသန်းခဲ့ဖူးကြောင်းနှင့် ယခုအခါ အမှန်တကယ် အာကာသထဲသို့သွားရောက်ရတော့မည်ဖြစ်သဖြင့် စကြဝဠာအတွင်းမှ ဂလက်ဆီများကို မျက်မြင်ကိုယ်တွေ့ လေ့လာနိုင်တော့မည် ဖြစ်သည်ဟု တွမ်ခရုဇ်က ပြောကြားခဲ့သည်။

အမေရိကန်အလှမယ် (၂၀၁၃) ပြိုင်ပွဲအခမ်းအနား ဇွန်လအတွင်း ကျင်းပမည်

၂၀၁၃ ခုနှစ်၏ အမေရိကန် အလှမယ်(Miss USA) ရွေးချယ်ပွဲ အခမ်းအနားကို ဇွန် ၁၆ ရက်တွင် အမေရိကန်နိုင်ငံ လတ်စ်ဗီးဂတ်စ်မြို့ရှိ Planet Hollywood Resort & Casino ခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါအခမ်းအနားကို အင်န်ဘီစီရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက မေ ၄ ရက်က ထုတ်ပြန်ကြေညာထားသည်။

အဆိုပါ အခမ်းအနားသို့ အမေရိကန်နိုင်ငံအတွင်းရှိ ဒေသအသီးသီးမှ ပြိုင်ပွဲဝင်ပေါင်း ၅၁ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အမေရိကန် အလှမယ်(၂၀၁၃) အဖြစ် ရွေးချယ်ခြင်းခံရသူသည် မယ်စကြဝဠာပြိုင်ပွဲသို့ အမေရိကန်နိုင်ငံကိုယ်စားပြု ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

"အမေရိကန် အလှမယ် ရွေးချယ်ပွဲဟာ တစ်နှစ်တာရဲ့ စိတ်လှုပ်ရှားစရာကောင်းတဲ့ အထင်ကရပွဲတော်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ထုတ်လုပ်မှုပိုင်း ဆိုင်ရာမှာလည်း တစ်နှစ်ထက်တစ်နှစ် အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားပါမယ်"ဟု မယ်စကြဝဠာပြိုင်ပွဲမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

၂၀၁၂ ခုနှစ်က ကျင်းပခဲ့သည့် အမေရိကန်အလှမယ် ပြိုင်ပွဲတွင် Miss Rhode Island ဖြစ်သူ အိုလီဗာ ကာလ်ပိုက အမေရိကန်အလှမယ် (၂၀၁၂) အဖြစ် ဆုရရှိခဲ့ပြီးနောက် ပြီးခဲ့သည့် ဒီဇင်ဘာလက ကျင်းပခဲ့သည့် မယ်စကြဝဠာပြိုင်ပွဲ(၂၀၁၂)ကို ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ မယ်စကြဝဠာ(၂၀၁၂)အဖြစ် ဆုရရှိဆွတ်ခူးခဲ့ကြောင်း သိရသည်။

Billboard Music Award ဆုပေးပွဲအခမ်းအနားတွင် တေလာဆွတ်ဖ်နှင့် ဂျက်စတင်ဘီဘာတို့ဖျော်ဖြေမည်

ဖြိုးစန္ဒာမြင့်
စုစည်းသည်

Billboard Music Award ဆုပေးပွဲအခမ်းအနားကို အမေရိကန်နိုင်ငံ လတ်စ်ဗီးဂတ်စ်မြို့၌ မေ ၉ ရက်တွင် ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနားတွင် နာမည်ကျော် ဆယ်ကျော်သက် ပေါ့ပ်ကြယ်ပွင့်များ ဖြစ်ကြသည့် တေလာဆွတ်ဖ်နှင့် ဂျက်စတင်ဘီဘာတို့ ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယင်းအခမ်းအနားတွင် အမေရိကန်နိုင်ငံ၏ နာမည်ကျော် တေးရေးဆရာနှင့် အဆိုရှင် Bruno Mars နှင့် R&B တေးဂီတအဆိုတော် Miguel တို့လည်း ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

အဆိုပါအခမ်းအနား၏ ဆန်ခါတင်ဆုရှင်များနှင့် ပတ်သက်သည့် အခြားသော အသေးစိတ်အချက်အလက်များကို ကြေညာထားခြင်း မရှိသေးသော်လည်း အခြားသောဆန်ခါတင်ဆုရှင်စာရင်းတွင် ကန်းထရီးတေးဂီတအဖွဲ့ Band Perry နှင့် တေးသံရှင် Pitbull တို့ ပါဝင်ကြောင်းသိရသည်။

ထို့ပြင် Milestone Award အတွက် အွန်လိုင်းမှ တစ်ဆင့် မဲပေးခြင်းကို စတင်ခွင့်ပြုပေးနေပြီဖြစ်ပြီး နောက်ဆုံးဆန်ခါတင်ဆုရှင် သုံးဦးရွေးချယ်ခြင်းကို ယခုလကုန်ပိုင်းတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲဆင်နွှဲရန် စိတ်မဝင်စားတဲ့ ဗြိတိသျှမင်းသမီး ကီရာနိုက်တလေ

စိုးဝင်း(MLA)

ပေါင်စတာလင် သန်းနှင့်ချီကြွယ်ဝနေပြီဖြစ်သော ဗြိတိသျှရုပ်ရှင်မင်းသမီး ကီရာနိုက်တလေသည် Klaxons တေးဂီတအဖွဲ့မှ ကီးဘုတ်ပညာရှင် ဂျိမ်းစ်ရစ်တန်နှင့် ယခုနှစ်အတွင်း လက်ထပ်ရန်စီစဉ်နေလျက်ရှိပြီး သူမသည် ချစ်သူနှင့် ဘဝတစ်ခုကိုတည်ထောင်ရာ၌ ကိန်းကြီးခန်းကြီးနိုင်လွန်းသော လက်ထပ်ပွဲမျိုးကိုရှောင်လွှဲရန် ဆန္ဒရှိကြောင်း မင်္ဂလာပွဲစီမံကိန်းနှင့်ပတ်သက်၍ အရိပ်အမြွက်အဖြစ် ထုတ်ဖော်ပြောကြားခဲ့သည်။



"ကျွန်မအနေနဲ့ မင်္ဂလာအခမ်းအနား ခြောက်ခုလောက် လုပ်လိုက်လို့ရပါတယ်။ ဘယ်လောက်တန်ဖိုးကြီးကြီးပေးချေရတာ ဖြစ်ဖြစ်ပါ။ ဒါပေမယ့် ကျွန်မက အဲဒီလို ကိန်းကြီးခန်းကြီးမင်္ဂလာဆောင်တာမျိုးကို မမက်ပါဘူး။ ကျွန်မတို့ဘဝမှာလည်း ဒါမျိုးသိပ်မလိုအပ်ဘူးလေ"ဟု အသက် (၂၈)နှစ်အရွယ် သရုပ်ဆောင် ကီရာက Marie Claire မဂ္ဂဇင်းအင်တာဗျူးတွင် ပြောကြားသွားခဲ့သည်။

ဆက်လက်ပြီး သူမက "ကျွန်မအနေနဲ့ စေ့စပ်ထားတဲ့ အချိန်မှာတင် ပျော်ရွှင်နေပါတယ်။ ကျွန်မမိဘနှစ်ပါး ကလည်း နှစ်(၄၀)ကြာအောင် ပေါင်းဖက်ခဲ့သူတွေပါ။ တစ်ယောက်နဲ့တစ်ယောက်ရန်ဖြစ်တာမျိုးရှိပေမယ့် ချစ်ကြတာပါပဲ။ ကျွန်မအနေနဲ့ အဲဒီလိုဘဝမျိုးကို ပိုပြီး စိတ်ဝင်စားမြတ်နိုးပါတယ်။ အဲဒီလို အိမ်ထောင်မျိုးတည်ထောင်နိုင်ဖို့လည်း မျှော်လင့်ပါတယ်"ဟု ဖွင့်ဟပြောကြားသွားခဲ့သည်။

သရဖူမြတ်နိုးသူ Travel & Tours Co.,Ltd

မန်း၊ ပြင်ဦးလွင်၊ ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး — Apr:13 — 130000(VIP)
မန်း၊ ပြင်ဦးလွင်၊ ပုဂံ(စွယ်တော်လေးဆူ)၊ ပခုက္ကူ — Apr:12,13 95000(Upper)
မန်း၊ ပြင်ဦးလွင်၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ — Apr:12,14 140000(VIP) 110000(Upper)

* ခရီးစဉ်များအားလုံး၌ Hotel, Restaurant, New Model Air Coach, Special Services, တစ်ဆင့်ကားခ/စက်လှေခ/တစ်ဖက်နိုင်ငံနယ်စပ်ဖြတ်သန်းခများ အလုံးစုံပါဝင်ပြီးဖြစ်သည်။
* ထွက်ရှိမည့် ကားစီးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းထားပါရန်။
Ph-01-551453, 09 5156297, 09 5014517, 09 5044489, 09 450053758, 09 73162418

STT SPECIAL TRIP TRAVEL & TOUR CO.,LTD
BOAT TRIP နှင့် SNORKLING MASK PROGRAM
Amata Resort & Spa (Cabana Cottage) - 480,000 (Ks)
Ngapali Bay Villa (Deluxe Sea View) - 490,000 (Ks)
SERVICE INCLUSIVE
FLIGHT (2 WAYS)
HOTEL 3 NIGHTS
APRIL 13 APRIL 12 APRIL 12
No. 482,1F, LMD/ 01-210656, 0973255094, 095197380, 095081091

Asia Top

NEW WAY

မန္တလေးမြို့မှလွဲ၍ အခြားမည်သည့်မြို့တွင်မျှ ဆိုင်ခွဲ(လုံးဝ)ဖွင့်လှစ်ထားခြင်းမရှိပါ။

392704, 09 50 66657
150000
120000

Made in USA(US FDA Approved)
Bone Healing Ultrasound
246365, 395544

ပရီမီယာလိဂ်ရင်ခုန်သံ – ၃၂

ရှိုင်းမင်းမင်း

ဧပြီ ၆၊ ၇၊ ၉ ရက်တွေမှာ ပရီမီယာလိဂ်ပွဲစဉ်(၃၂)ကို ယှဉ်ပြိုင်ကစားသွားကြမှာဖြစ်ပါတယ်။ ပရီမီယာလိဂ်ပွဲစဉ်တွေဟာ ရာသီနောက်ပိုင်းကို ရောက်ရှိလာတာနဲ့အမျှ စိတ်ဝင်စားဖွယ်ကောင်းတဲ့ပွဲတွေ များလာသလို အဆိုပါပွဲစဉ်(၃၂)နဲ့ ဧပြီ ၆ ရက်မှာ ကစားမယ့်ပွဲတွေအထဲမှာလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ရုန်းကန်နေရတဲ့ အာဆင်နယ်ဟာ အသင်းကောင်းတစ်သင်းဖြစ်တဲ့ ဝက်စ်ဘရွန်းနဲ့ ရင်ဆိုင်ရမှာဖြစ်လို့ အကြိတ်အနယ်ရှိလာမှာပါ။

ရီးဒင်း Vs ဆောက်သမ်တန်

ညနေ ၆း၁၅ ၆-၄-၂၀၁၃ *(ပထမအကျော့)ဆောက်သမ်တန် ၁-၀ ရီးဒင်း*

တန်းမဆင်းရရေး ရုန်းကန်နေတဲ့ ဆောက်သမ်တန်ဟာ ပွဲစဉ်(၃၁)မှာ ချယ်လ်ဆီးကို အနိုင်ရခဲ့တာကြောင့် ယုံကြည်မှုနဲ့ စိတ်ဓာတ်ပိုင်း အားကောင်းလာနိုင်ပါတယ်။ အထူးသဖြင့် ဆောက်သမ်တန်ဟာ ပြီးခဲ့တဲ့နှစ်ပွဲဆက်တိုက် အနိုင်ရရှိခဲ့သလို တိုက်စစ်ကလည်း ဂိုးရယူနိုင်စွမ်းရှိနေတာကြောင့် အဝေးကွင်းဖြစ်ပေမယ့် ရီးဒင်းကို တံ့ပြန်ကစားသွားနိုင်မှာပါ။ ရီးဒင်းကလည်း တန်းမဆင်းရဖို့အားစိုက်ကစားနေသလို အိမ်ကွင်းမှာ ခြေကုန်ထုတ်လာမှာဖြစ်ပေမယ့် နောက်ဆုံးငါးပွဲဆက်ရှုံးခဲ့တဲ့ခြေက အားပျော့လွန်းပါတယ်။

နော့ဝှစ်ချ် Vs ဆွမ်ဆီး

ည ၈း၃၀ ၆-၄-၂၀၁၃ *(ပထမအကျော့)ဆွမ်ဆီး ၃-၄ နော့ဝှစ်ချ်*

နော့ဝှစ်ချ်ဟာ တန်းမဆင်းရဖို့ ရုန်းကန်လာရသလို အိမ်ကွင်းပွဲစဉ်မျိုးမှာ ရလဒ်ကောင်းဖို့ရုန်းကန်လာမှာ သေချာပါတယ်။ နော့ဝှစ်ချ်အနေနဲ့ လက်ရှိအချိန်မှာ လေးပွဲဆက်တိုက်နိုင်ပွဲပျောက်ဆုံးခဲ့ရမှုကြောင့်လည်း ရလဒ်ကောင်းပြန်ရဖို့ အားစိုက်လာမှာသေချာတယ်။ ဆွမ်ဆီးက အသင်းကောင်းတစ်သင်းဖြစ်ပေမယ့် အသင်းရဲ့ရည်မှန်းချက်ပြည့်ဝနေပြီဖြစ်လို့ အားစိုက်ကစားမှု သိပ်မရှိဘူး။

စတုတ် Vs ဗီလာ

ည ၈း၃၀ ၆-၄-၂၀၁၃ *(ပထမအကျော့)ဗီလာ ၀-၀ စတုတ်*

ဗီလာဟာပွဲစဉ်(၃၁)မှာ လီဗာပူးကို ရှုံးခဲ့ရပေမယ့် ကစားပုံက ကောင်းမွန်ခဲ့တာတွေ့ရတယ်။ အထူးသဖြင့် ခံစစ်ကစားပုံနဲ့ အသင်းလိုက်ကစားပုံ အားကောင်းမှုလည်းရှိတယ်။ ဒါ့အပြင် တန်းမဆင်းရဖို့အတွက်လည်း အားစိုက်ကစားလာမှာဖြစ်ပါတယ်။ စတုတ်ကလည်း တန်းမဆင်းရဖို့အတွက် လုံလောက်တဲ့အမှတ်မရသေးတာကြောင့် အိမ်ကွင်းမှာ ခြေကုန်ထုတ်လာမှာပါ။ ဒါပေမယ့် စတုတ်ဟာ ခြေစွမ်းပိုင်းအားနည်းမှုရှိပြီး တိုက်စစ်ပိုင်းကလည်း ထက်မြက်မှု မရှိပါဘူး။

ဝက်စ်ဘရွန်း Vs အာဆင်နယ်

ည ၈း၃၀ ၆-၄-၂၀၁၃ *(ပထမအကျော့)အာဆင်နယ် ၂-၀ ဝက်စ်ဘရွန်း*

အာဆင်နယ်ဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့အတွက် အခုနောက်ပိုင်းပွဲတိုင်းကို ဂရုတစိုက်ကစားနေသလို ခြေစွမ်းကလည်း ကောင်းမွန်နေပါတယ်။ အထူးသဖြင့် ဂျာဗင်ညိုခြေစွမ်းပြလာမှုကြောင့် တိုက်စစ်ပိုင်းက အားကောင်းမှုရှိလာပါတယ်။ ဒါကြောင့် အာဆင်နယ်ဟာ အဝေးကွင်းဖြစ်ပေမယ့်လည်း ဝက်စ်ဘရွန်းကို အကောင်းဆုံးတုံ့ပြန်ကစားသွားနိုင်မှာပါ။ ဝက်စ်ဘရွန်းဟာ အသင်းကောင်းတစ်သင်းဖြစ်သလို ဥရောပဝင်ခွင့်ရရှိဖို့အတွက် ခြေကုန်ထုတ်လာမှာဖြစ်သလို အိမ်ကွင်းလည်းဖြစ်တယ်။ ဒါပေမယ့် ဝက်စ်ဘရွန်းရဲ့ခြေက အခုနောက်ပိုင်း အနည်းငယ်ကျဆင်းနေတာတွေ့ရတယ်။

မှားယွင်းစွာဆုံးဖြတ်ခဲ့သည့် ကွင်းလယ်ဒိုင်နှင့် ပတ်သက်၍ ယူအီးအက်ဖ်အေသို့ တိုင်ကြားစာတစ်စောင် ဘာစီလိုနာပေးပို့

ဘာစီလိုနာအသင်းသည် တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သော ပီအက်စ်ဂျီအသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်တွင် ကွင်းလယ်ဒိုင် ဝုလ်ဖ်ဂန်းစတာ့ခ်၏ ဆုံးဖြတ်ချက်မှားယွင်းမှုနှင့် ပတ်သက်၍ ယူအီးအက်ဖ်အေသို့ တိုင်ကြားခဲ့ကြောင်း သိရသည်။

နည်းပြဗီလာနိုဗာ ကိုင်တွယ်နေသည့် ဘာစီလိုနာအသင်းသည် ပြင်သစ်မြေ၌ ပီအက်စ်ဂျီနှင့် သရေပွဲဖြစ်ခဲ့သော်လည်း ကွင်းလယ်ဒိုင် ဝုလ်ဖ်ဂန်းစတာ့ခ်မှာ ပြိုင်ပွဲ၏ စည်းမျဉ်းစည်းကမ်းများကို နားမလည်သူဖြစ်ကြောင်း ဘာစီလိုနာက အခိုင်အမာပြောကြားခဲ့သည်။

ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့၏ ပွဲစဉ်တွင် ဘာစီလိုနာကစားသမားနှစ်ဦး ထိခိုက်အနာတရဖြစ်နေသော်လည်း ကွင်းလယ်ဒိုင်၏ ပြိုင်ပွဲကို ဆက်လက်ကစားရန် ခွင့်ပြုခဲ့သော ဆုံးဖြတ်ချက်အပါအဝင် အမှားပေါင်းများစွာကို မြင်တွေ့ခဲ့ရ၍ စိတ်မကောင်းဖြစ်မိကြောင်းလည်း ဆိုသည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် ပီအက်စ်ဂျီနှင့် ပွဲတွင် ကွင်းလယ်ဒိုင် ဝုလ်ဖ်ဂန်းစတာ့ခ်၏ ဆုံးဖြတ်ခဲ့သော အမှားများနှင့် ပတ်သက်၍ ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)သို့ တိုင်ကြားစာ ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ဘာစီလိုနာအသင်းမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

နိုင်လင်းကြည်(ကြေးမုံ)

မန်စီးတီးကွင်းလယ်ကစားသမား ယာယာတိုရေး လေးနှစ်သက်တမ်းရှိ စာချုပ်သစ်ချုပ်ဆို

ကွင်းလယ်ကစားသမား ယာယာတိုရေးသည် လက်ရှိပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။

ယာယာတိုရေးသည် ယင်းသို့စာချုပ်သစ်ချုပ်ဆိုလိုက်ခြင်းကြောင့် ၂၀၁၇ ခုနှစ်တိုင်အောင် အီတီဟတ်ဒ်၌ ဆက်ရှိနေမည်ဖြစ်သည်။ အိုင်ဗရီကို့စ်ကွင်းလယ်ကစားသမား ယာယာတိုရေးသည် ၂၀၁၀ ခုနှစ်က စပိန်ကလပ် ဘာစီလိုနာအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၄ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး မန်စီးတီးသို့ မရောက်မီ ဘာစီလိုနာအသင်း ချန်ပီယံလိဂ်ဖလားရရှိအောင်အကောင်းဆုံးပါဝင်ကစားပေးခဲ့သူဖြစ်သည်။

ယာယာတိုရေးသည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းအတွက် ရှစ်ဂိုးအထိ သွင်းယူပေးထားပြီး မန်စီးတီးအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲမှ စောစီးစွာထွက်လိုက်ခြင်းနှင့် ပရီမီယာလိဂ်တွင်လည်း မြို့ခံပြိုင်ဘက် မန်ယူအသင်းနောက်တွင် ၁၅ မှတ်အကွာဖြင့် လိုက်နေရသဖြင့် ဖလားရရှိရေးနှင့် အနီးစပ်ဆုံးဖြစ်သည့် ဧပြီ ၁၄ ရက်တွင် ဝင်ဘလေကွင်း၌ လက်ရှိချန်ပီယံချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ရမည့် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် အကောင်းဆုံးရလဒ်ရရှိအောင်လည်း ကြိုးပမ်းသွားမည်ဟု ဆိုသည်။

လက်ရှိပရီမီယာလိဂ်ချန်ပီယံဘွဲ့ကို မန်စီးတီး ဆက်ခံနိုင်မည်မဟုတ်သော်လည်း သုံးနှစ်တာကာလအတွင်း အက်ဖ်အေဖလားကို ဒုတိယအကြိမ်ပြန်လည်ရယူသွားမည်ဖြစ်ကြောင်းလည်း ယာယာတိုရေးက ကြုံးဝါးပြောဆိုခဲ့သည်။

မိုက်ကယ်အက်စီယန် ချယ်လ်ဆီးသို့ပြန်လာရန် မျှော်လင့်လျက်ရှိ

လက်ရှိရီးယဲလ်မက်ဒရစ်အသင်းတွင် ခြေစွမ်းပြကစားလျက်ရှိသော ကွင်းလယ်ကစားသမား မိုက်ကယ်အက်စီယန်သည် ယခုနှစ် ဘောလုံးရာသီကုန်တွင် ချယ်လ်ဆီးအသင်းသို့ ပြန်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ကွင်းလယ်ကစားသမား မိုက်ကယ်အက်စီယန်သည် ယခုနှစ်ဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် ကစားခဲ့သည့် ပွဲပေါင်း ၃၀ နီးပါး ရှိလာမည်ဖြစ်သော်လည်း ရီးယဲလ်မက်ဒရစ်အသင်းနှင့် အမြဲတမ်းစာချုပ် ချုပ်ဆိုရန် မရည်ရွယ်သေးကြောင်းနှင့် ရာသီကုန်ပါက ချယ်လ်ဆီးအသင်းသို့သာ ပြန်ကစားလိုကြောင်း ပြောကြားခဲ့သည်။

နောက်ခံလူဆန့်တန်အား ဇင်းနစ်အသင်းခေါ်ယူရန် ပစ်မှတ်ထားနေ

ရုရှားကလပ် ဇင်းနစ်အသင်းသည် ပရီမီယာလိဂ်ကလပ် နယူးကာဆယ်အသင်းမှ နောက်တန်းကစားသမား ဆန့်တန်အား လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် အပြီးသတ်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း ၎င်း၏ အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။

ဆန့်တန်သည် နယူးကာဆယ်အသင်းတွင် ဘောလုံးရာသီနှစ်ရာသီ ကစားပေးထားပြီး အီတလီစီးရီးအေကလပ် အေစီမီလန်ကလည်း အီတလီကြယ်ပွင့် ဆန့်တန်အား အီတလီမြေသို့ ပြန်ခေါ်ရန် ဆန္ဒရှိနေသော်လည်း ဇင်းနစ်အသင်းက နွေရာသီ အပြောင်းအရွှေ့ကာလတွင် အပြီးသတ်ခေါ်ယူမည်ဆိုသော သတင်းများ ထွက်ပေါ်ခဲ့သည်။



အရန်ယာဉ်မောင်းများသိစေရန်

စီးပွား/ကူးသန်းဝန်ကြီးဌာန အငှားယာဉ်လုပ်ငန်း၏ ကြီးကြပ်မှုကော်မတီမှ အရန် ယာဉ်မောင်းအဖြစ် ခန့်အပ်ခံရပြီး ဌာနသို့ စပေါ်ငွေပေးသွင်းထားသူများသည် မိမိတို့ ရသင့်သော တန်းတူအခွင့်အရေးများ ရရှိခံစားနိုင်ကြစေရန် ဤကြော်ငြာဖြင့် အသိပေးအကြောင်းကြား အပ်ပါသည်။ ၄-၄-၂၀၁၃ ရက်မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် အထောက်အထား ပြည့်စုံစွာဖြင့် အမှတ် ၂၆-ခရေပင်လမ်း၊ (၉)ရပ်ကွက်၊ လမ်းမတော်မြို့နယ် အငှားယာဉ်ဌာနသို့ အမြန်ဆုံးလာရောက်ဆက်သွယ်ရန် အကြောင်းကြားအပ်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက မိမိတို့၏ ရပိုင်ခွင့်များ ဆုံးရှုံးမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

အရန်ယာဉ်မောင်းများ
စီးပွား/ကူးသန်းအငှားယာဉ်လုပ်ငန်း

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလက်အောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ဆောက်လုပ်ရေးပစ္စည်းများအားသယ်ယူရန် သယ်ယူပို့ဆောင်ရေးတင်ဒါခေါ်ယူလိုပါသည်။
၂။ တင်ဒါပုံစံရောင်းချမည့်ရက် -၈-၄-၂၀၁၃
၃။ တင်ဒါပိတ်မည့်ရက် -၂၄-၄-၂၀၁၃
၄။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် -၂၅-၄-၂၀၁၃ရက် နံနက်(၁၀း၀၀)နာရီ
၅။ တင်ဒါပုံစံကြေးတစ်စောင်လျှင် ကျပ်၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ဖြင့် အင်ဂျင်နီယာမှူးကြီး(ပစ္စည်း)၊ ပစ္စည်းဦးစီး၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။
၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဦးစီး၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၅၈၁၊ ၀၆၇-၄၀၇၅၇၇
ပစ္စည်းများသယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ

ဦးစိုးပိုင်[၈/မထန(နိုင်)၀၀၀၆၇၂]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်-က/၁၁၉၊ ကံ့ကော်(၁)လမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်နေ ဦးဇော်မင်းထွန်း[၁၂/ကတတ(နိုင်)၀၀၆၀၂၉]နှင့် ဒေါ်ခင်မာအေး[၉/ရမသ(နိုင်)၀၀၈၆၅၄]ကိုင် ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးဇော်မင်းထွန်း[၁၂/ကတတ(နိုင်)၀၀၆၀၂၉]နှင့် ဒေါ်ခင်မာအေး[၉/ရမသ(နိုင်)၀၀၈၆၅၄] တို့နှင့် ဦးစိုးပိုင်[၈/မထန(နိုင်)၀၀၀၆၇၂]၊ အမှတ်(၃-စီ)၊ ယုဇနလမ်း၊ အေးရိပ်မွန်၊ လှိုင်မြို့နယ်တို့ အကြား ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်တွင် ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၅၂-စီ)၊ လူနေရပ်ကွက်အမှတ်-မင်းဘောစမ်းကွင်း၊ မြေကွက်အမှတ်(၁၁ဘီ^၁)၊ ဧရိယာ (၁. ၀၀၀)ဧက နှစ်(၆၀)စက်မှုဂရန်မြေကွက်နှင့် မြေကွက်အမှတ်-၁၁အေ၊ ဧရိယာ (၂. ၀၀၀)ဧက၊ နှစ်(၆၀)ဂရန်မြေကွက်တို့နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့နှင့် ပတ်သက်၍ မြေအပြီးအပိုင် အရောင်းအဝယ် စရန်ပေးကတိစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ပြီး စရန်ငွေတစ်စိတ် တစ်ဒေသပေးချေခဲ့ကြပါသည်။ အဆိုပါ စရန်ပေးစာချုပ်တွင် ဒုတိယအရစ်စရန်ငွေ ထပ်မံပေးချေရေး အတွက် ၁၉-၃-၂၀၁၃ရက်ကို သတ်မှတ်ခဲ့ကြပြီး ငွေပေးချေမည့် ဒုတိယအရစ်ကို ရှေ့(၇)ရက်၊ နောက်(၇)ရက် ညှိနှိုင်းပြောင်းရွှေ့ခွင့်ရှိကြောင်း သဘောတူခဲ့ပါသည်။

သို့သော် ဦးစိုးပိုင်[၈/မထန(နိုင်)၀၀၀၆၇၂]အနေဖြင့် အထက်ပါသဘောတူချက်အတိုင်း သတ်မှတ်ရက် ၁၉-၃-၂၀၁၃ရက်နှင့် ရှေ့(၇)ရက် ထပ်တိုးသည့်ရက်ဖြစ်သော ၂၆-၃-၂၀၁၃ရက်တိုင် အောင် ဒုတိယအရစ် ငွေပေးချေရမည့်ကိစ္စကို ဆက်လက်ဆောင်ရွက်ပေးချေခြင်းမပြုဘဲ ရပ် ဆိုင်းနေခဲ့ပါသည်။

သို့ဖြစ်ပါသောကြောင့် အထက်စာချုပ်ပါအတိုင်း လူကြီးမင်း ဦးစိုးပိုင်[၈/မထန(နိုင်)၀၀၀၆၇၂]အနေဖြင့် နှစ်ဦးနှစ်ဖက် သဘောတူထားခဲ့ပြီးဖြစ်သည့် မြေကွက်များအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်ရန် ဆန္ဒအမှန်တကယ်ရှိသည်ဆိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်ပြည့်မြောက်သည့်နေ့ကို နောက်ဆုံးထား၍ ဒုတိယအရစ်ပေးချေရမည့်ငွေကို မပျက်မကွက်ပေးချေရန်နှင့် အကယ်၍ ပေးချေခြင်းမပြုဘဲနေမည်ဆိုပါက လူကြီးမင်းအနေဖြင့် အရောင်းအဝယ်ကိစ္စ ဆက်လက်ဆောင်ရွက်ရန် ဆန္ဒမရှိဟု မှတ်ယူပြီး နှစ်ဦးနှစ်ဖက်ပြုလုပ်ချုပ်ဆိုခဲ့သည့် ပဋိညာဉ်ပျက်ပြယ်သွားပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းစော
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၃၀)
တိုက်(၁၁)၊ အခန်း(၄/က)၊ (၅၆)လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၅၃၈၂၄

မူးယစ်ရမ်းကားသူလေးဦး ယာဉ်သုံးစီးဖျက်ဆီး

ရန်ကုန် မေ ၅

ဆိုင်ကယ်တစ်စီးနှင့် မူးယစ်ရမ်းကားသူ လေးယောက်က ကားသုံးစီး၏ ရှေ့လေကာမှန်နှင့် နောက်လေကာမှန်တို့ကိုခဲဖြင့် ပစ်ပေါက်ပြီး ဆိုင်ကယ်မောင်းနှင်ထွက်ပြေးသွားသည့် ဖြစ်စဉ်တစ်ခု ရွှေပြည်သာမြို့နယ်အတွင်း၌ ဖြစ်ပွားခဲ့သည်။

မတ် ၂၄ ရက် ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် ကိုကို (၃၅) နှစ် ရွှေပြည်သာ (၁၀) ရပ်ကွက် ဘုရင့်နောင်လမ်းနေသူ မောင်းနှင်လာသော ပရိုဘောက်အဖြူရောင် ယာဉ်အမှတ် ၅င/----- အား မျက်နှာချင်းဆိုင်မှ လူလေးယောက် စီးလာသော ဆိုင်ကယ်မှ ခဲဖြင့် ပစ်ပေါက်၍ ရှေ့လေကာမှန် ကွဲသွားခဲ့သည်။ ထပ်မံ၍ ကိုဝင်းခိုင် (၄၂) နှစ် ရွှေပြည်သာနေသူ မောင်းနှင်လာသော ပရိုဘောက်ယာဉ်အမှတ် AA-6198 ကိုလည်းကောင်း၊ ထို့နောက် ရွှေပြည်သာ သမာဓိလမ်းသွယ် (၁၁) ရပ်ကွက်နေ ဝေယံထွန်း (၂၂) နှစ် မောင်းနှင်သော နှစ်ဆန်းအနီရောင် ပုံပြောင်တင်ပါ ၁၀ဘီးယာဉ်အမှတ် ၈င/---- သည် ရွှေယုန်မှတ်တိုင် ဘုရင့်နောင်လမ်းဘေး၌ ရပ်ထားစဉ် ခဲဖြင့် ထပ်မံပစ်ပေါက်ခံရသဖြင့် ရှေ့လေကာမှန် ကွဲကြေပျက်စီးခဲ့သည်။ ထိုသို့ ဖြစ်ပွားမှုကြောင့် ယာဉ်သုံးစီးပေါင်း ၁၈ သိန်းဖိုးခန့် ဆုံးရှုံးပျက်စီးခဲ့သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူပေးရန် ယာဉ်မောင်းကိုကို (၃၅) နှစ်က ရွှေပြည်သာရဲစခန်း၌ အမှုဖွင့်တိုင်ကြားသဖြင့် ရဲစခန်းမှ (ပ) ၂၃၂/၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄/၃၆၆/၄၂၇ အရ အမှုစစ် ဒု-ရဲအုပ်မြင့်နိုင်က အရေးယူစုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ထွန်းဝင်း)**

Capt.ဇော်ထက်အောင် Master(F.G),S'pore
Honglam Shipmanagement (Pte;Ltd,S'pore)
(GOODWILL SHIPPING PVT LTD

နှင့်

Dr.ဆွေဇင်လင်းအောင် M.B.,B.S(Ygn)

တို့၏ မင်္ဂလာဧည့်ခံပွဲမှာ ၆-၄-၂၀၁၃ ရက် (စနေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ၅-၄-၂၀၁၃ ရက်တွင် ကြေးမုံသတင်းစာတိုက်မှ မှားယွင်းထည့်သွင်းမိပါကြောင်း။

အလုံ၌ မီးလောင်မှုဖြစ်ပွား

အလုံ မေ ၅

မေ ၄ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် အလုံမြို့နယ် ဧရာဝတီရပ်ကွက် ကမ်းနားလမ်း အလုံဓာတ်အားပေးစက်ရုံဝင်းအတွင်း မီးလောင်မှုဖြစ်ပွားသည်။**(ဝဲပုံ)** အဆိုပါဝင်းအတွင်းရှိ စွန့်ပစ်ပစ္စည်းလောင်စာသုံး ဓာတ်အားပေးစက်ရုံ အာရ်စီသုံးထပ်အဆောက်အအုံ ဒုတိယထပ်တွင် ဟိုက်ဒရောလစ် ဆီပိုက်ပေါက်၍ ဆီများအပြင်သို့ ပန်းထွက်ရာမှ ဆီအမှုန်အမွှားများသည် ဘွိုင်လာမှလာသော ၄၅၀ ဒီဂရီစင်တီဂရိတ်ရှိ ရေနွေးငွေ့ထုတ်လွှင့်သော ပိုက်နှင့်ထိတွေ့ရာမှ စတင်လောင်ကျွမ်းခြင်းဖြစ်သည်။

မီးလောင်ကျွမ်းရာသို့ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဒေါက်တာဦးကျော်သူဇော်၊ အလုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများ၊ အလုံမြို့နယ်(၁၁) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များနှင့်မီးသတ်ဦးစီးဌာနမှ အုပ်ချုပ်မှုယာဉ် လေးစီးနှင့် မီးသတ်ယာဉ် အစီး ၂၀တို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီ ၅၈ မိနစ်ခန့်တွင် မီးထိန်းနိုင်ခဲ့ ကြောင်း သိရသည်။ **တင်မောင်ဦး (အလုံ)**

ခြိမ်းခြောက်လုယက်သူနှစ်ဦးအား အမိန့်ချမှတ်

ရန်ကုန် မေ ၅

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တရားရုံးမှ "အဏ္ဏဝါမိုးငါးဒိုင်" ပိုင်ရှင်၏ နေအိမ်တွင်း ဝင်ရောက်၍ ဓားကိုင်ခြိမ်းခြောက်ပြီး ရွှေထည်ပစ္စည်းအပါအဝင် ငွေများနှင့် ဟန်းဖုန်းတို့ကို ယူဆောင်ထွက်ပြေးသွားကြသူနှစ်ဦးအား တစ်ဦးလျှင် အလုပ်နှင့်ထောင်ဒဏ် ငါးနှစ်စီကျခံစေရန် မေ ၁ ရက်က အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နှစ်ဩဂုတ် ၂ ရက်က ဒေါ်ဥမ္မာဆွေ (၄၅)နှစ်သည် ကနောင်လမ်း ဗညားဒလရပ်ကွက် နေအိမ်မှ ဗိုလ်ချုပ်လမ်းရှိ ငါးဒိုင်သို့ သွားရောက် လုပ်ငန်းလုပ်ကိုင်စဉ် အိမ်ဖော် ဒေါ်အုန်းမြင့်မှ ဖုန်းဖြင့်ဆက်သွယ်၍ မိမိနေအိမ်တွင်း ဓားကိုင်ဆောင်သူလူနှစ်ဦးက ခြိမ်းခြောက်လုယက်မှုပြုလုပ်သွားကြောင်း ပြောကြားသဖြင့် ဒေါ်ဥမ္မာဆွေမှ သွားရောက်ကြည့်ရှုရာ ရွှေဆွဲကြိုး၊ ရွှေလက်ကောက်၊ ရွှေဆွဲပြား၊ ဟန်းဖုန်းတစ်လုံးနှင့် ငွေသားကျပ် ခုနစ်သောင်း အပါအဝင် တန်ဖိုးငွေကျပ် စုစုပေါင်း ၂၄ သိန်း နှစ်သောင်းဖိုး လုယက်သူများထံပါသွားကြောင်း တွေ့ရှိသဖြင့် ဒလရဲစခန်းသို့ တိုင်တန်းခဲ့ရာ ဒလရဲစခန်းမှ (ပ) ၅၂၆/၂၀၁၂၊ ပြစ်မှုပုဒ်မ ၃၈၂/၁၁၄ အရ အမှုဖွင့်စုံစမ်းစစ်ဆေးခဲ့ရာ တရားခံနှစ်ဦးကို သက်သေခံ ရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံများမှာ ဘိုကလေးမြို့နယ် ကျုံဖားကျေးရွာအုပ်စု ကျီစုကျေးရွာ၌ နေထိုင်သော ကိုကိုချစ် (၂၂)နှစ်နှင့် အေးနိုင်(ခ)အငယ်လေး(၂၂)နှစ်တို့ဖြစ်ကြောင်း သိရသည်။

(၆၁၁)

အမျိုးသမီးတစ်ဦးတိုက်ပေါ်မှ ခုန်ချ

ရန်ကုန် မေ ၅

အမျိုးသမီးတစ်ဦး တိုက်ပေါ်မှ ခုန်ချ၍ မိမိကိုယ်ကို သေကြောင်းကြံစည်သဖြင့် လှိုင်သာယာဆေးရုံသို့ ရောက်ရှိခဲ့ကြောင်း သတင်းအရ မေ ၁ ရက် ညနေ ၅ နာရီခွဲခန့်တွင် လှိုင်သာယာရဲစခန်းမှ ဒု-ရဲအုပ်ရဲနိုင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ လှိုင်သာယာမြို့နယ် (၆)ရပ်ကွက် တိုက် ၇၃ (၄)လွှာနေ မငုဝါလှိုင် (၁၈) နှစ်မှာ ဦးလေးတော်သူက ရည်စားထားသည့်ကိစ္စနှင့်ပတ်သက်၍ ဆူပူကြိမ်းမောင်းသဖြင့် စိတ်ညစ်ပြီး ခုန်ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မငုဝါလှိုင်တွင် ခြေဖဝါးစုတ်ပြဲ၊ ခါးနာကျင်ဒဏ်ရာများရရှိပြီး ဆေးရုံ၌ အတွင်းလူနာ (မစိုးရိမ်ရ)အဖြစ် ကုသလျက်ရှိပြီး သေကြောင်းကြံစည်သူ မငုဝါလှိုင်အပေါ် အရေးယူပေးရန် တိုင်ကြားသဖြင့် လှိုင်သာယာရဲစခန်းက (ပ) ၃၆၉/ ၁၃၊ ပုဒ်မ ၃၀၉ ဖြင့် အမှုဖွင့်ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။

(၃၁)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

သမီးလေး သုလဝန်းထက် (ခ) သဲသဲတုန်၏ ၆-၄-၂၀၁၃ နေ့တွင် ကျရောက်သည့် (၁)နှစ်ပြည့် မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေတို့နှင့်အတူ စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသော သုခချမ်းသာတို့နှင့် ပြည့်စုံပြီး ပျော်ရွှင်ချမ်းမြေ့သောဘဝကို ပိုင်ဆိုင်၍ နိုင်ငံအတွက် သမီးကောင်းရတနာလေး ဖြစ်စေရန် ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ဖေဖေ - ဦးဟိန်းထက်လင်း
မေမေ - ဒေါ်နန်းပြုံးပွင့်ခိုင်
ဘိုးဘိုး - ဦးစံလင်း
ဘွားဘွား - ဒေါ်တင်အုန်း
ပူပူ - ဦးညွန့်ဝေ
နိုင်းနိုင်း - ဒေါ်စုစုခိုင်

ပြင်ဆင်ဖတ်ရှုပါရန်

မေ ၄ ရက်ထုတ် ကြေးမုံသတင်းစာ **စာမျက်နှာ ၁၄ ကော်လံ ၆** တွင် ပါရှိသည့် **"မှော်ဘီမြို့နယ်၌ ငါးခိုးမှုဖြစ်ပွား"** သတင်းခေါင်းအား **"လှည်းကူးမြို့နယ်၌ ငါးခိုးမှုဖြစ်ပွား"** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(စာတည်းမှူး)

လက်ထပ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်(ငြိမ်း)-ဒေါ်နီနီကျော်တို့၏မြေး
ဗိုလ်မှူးမျိုးသန့်(ငြိမ်း)-ဒေါ်မာလာကျော်တို့၏သား

မောင်မျိုးဝင့်ကျော်
Application Consultant,NCS Pte.Ltd,Singapore
Graduate Diploma in Systems Analysis,NUS,Singapore
Bachelor of Computer Technology,UCSY,Yangon.

နှင့်

ရန်ကုန်မြို့နေ
ဗိုလ်မှူးကြီးထွန်းရှိန်(ငြိမ်း)-ဒေါ်ခင်သန်းမြင့်၊ ဗိုလ်မှူးကြီးစိုးမြင့်ဝင်း(ငြိမ်း)-ဒေါ်ယဉ်ယဉ်ကြည်တို့၏မြေး၊
ဦးဇင်အောင်မြင့်(HSE Consultant,Offshore)-ဒေါ်ဝေမာဝင်းတို့၏သမီး

မနှင်းဝတ်ရည်ဇင်
Human Resources Executive,Harris Pye Singapore Pte.Ltd.,
Bachelor of Business(Management),RMIT,Australia.
Diploma in Management Studies,SIM,Singapore

တို့၏ ၉-၃-၂၀၁၃ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပသည့် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် ကြွရောက်ချီးမြှင့်ကူညီဆောင်ရွက်ပေးခဲ့ပါသော သူငယ်ချင်းများအားလည်းကောင်း၊ ၄-၄-၂၀၁၃ရက်တွင် မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်း စဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၌ ကျင်းပသည့် မင်္ဂလာဦးဆွမ်းကျွေးနှင့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုး ပေးပါသော ဦးကျော်မိုးနိုင်(ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်)အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ တာဝန်ရှိသူ များနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၅-၄-၂၀၁၃ရက်တွင် Sedona Hotel(Grand Ballroom)၌ ကျင်းပသည့် မင်္ဂလာ ဧည့်ခံပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သောမိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအား လည်းကောင်း၊ မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအား လည်းကောင်း၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)၊ ဝန်ကြီး(ငြိမ်း)(လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်ခင်ခင်အေး၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးပါသော မယမင်းရှုပါဇင်၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းများ ကိုင်ဆောင်ပေးပါသော မခိုင်ငြိမ်းဦး၊ မင်္ဂလာသတို့သားအရံ မောင်ရဲမာန်နှင့် မောင်မင်းသန့်ကျော်၊ မင်္ဂလာသတို့သမီးအရံ Dr.ပြည့်မွန်သော်နှင့် Dr.အေးမြတ်သန္တာခိုင်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသောThe Aces တေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံဒီဇိုင်နာ မမဥ္ဇူ၊ ဆံပင်မိတ်ကပ် မေဦး(တော်ဝင်သူ)နှင့်အဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးသော ဆုမြတ်မင်းရတနာဆိုင်၊ ပန်းအလှဆင်ပေးသော ကိုမြတ်သန့်(ကြည့်မြင်တိုင်)၊ ဗီဒီယိုနှင့်ဓာတ်ပုံအကိုင်းနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာ ဒဂုန်ပုံနှိပ်တိုက်၊ Sedona Hotelမှဝန်ထမ်းများ၊ ၅-၄-၂၀၁၃ရက်တွင် M3 Food Center ၌ကျင်းပသည့် မင်္ဂလာညစာစားပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ M3 Food Center မှ မန်နေဂျာ၊ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးဝင့်ကျော်-မနှင်းဝတ်ရည်ဇင်

၆-၄-၂၀၁၃ရက်တွင် ကျရောက်သော ဗိုလ်မှူးကြီးတင်မောင်ဌေး(ငြိမ်း)၏ ရွှေရတု "မွေးနေ့ဆုတောင်း"

ကျင့်ဝတ်ငါးမှန်၊ ခြွင်းချန်မထား
နှလုံးသားတည်ကြည်၊ မြင့်မြတ်သည်
ဆွေမည်ခင်ပွန်း၊ ခင့်ခင်ပွန်း-

"ဖ"တာဝန်အား၊ ပြည့်ဝန်ကြားမှ
မလစ်ရအောင်၊ စွမ်းဆောင်ပေးရှာ
စေတနာကို၊ တုလာမမီ
ဇာနည်ဖေဖေ၊ တို့ဖေဖေ---

သမီးနှင့်သား၊ တူများတူမ
ညီမျှတူပင်၊ ချစ်ခင်မေတ္တာ
ကရုဏာဆေး၊ စဉ်တိုက်ကျွေးတဲ့
တို့ရဲ့ဦးဦး၊ တို့ဦးဦး---

စိတ်ရှည်သည်းခံ၊ ဒေါမာန်မပြ
တွေးဆမြော်မြင်၊ ဉာဏ်ယှဉ်သတိ
တပည့်ပင်သား၊ သားတပည့်တဲ့
တို့ရဲ့ဆရာ၊ တို့ဆရာ---

နှစ်ငါးဆယ် "ရွှေရတု"မွေးနေ့မှသည်
မွေးနေ့အလီလီ၊ နှစ်ရာချီ
ရွှင်ကြည်ဖြတ်သန်း၊ ကျန်းမာပါစေ---
ရွှေစင်ရောင်ဆမ်း၊ ချမ်းသာပါစေ---
ဘဝနာလွှမ်း၊ ချမ်းမြေ့ပါစေ---

ချစ်ဇနီး - နီလာ
ချစ်သမီး - ရည်၊ စု
ချစ်သား - ဖုန်း၊ ပိုင်နှင့်
တူ၊ တူမများ၊ တပည့်များ

အမည်ပြောင်းခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ သင်္ဂါကျေးရွာနေ ဦးစိန်ဖူ-ဒေါ်ငွေဝင်း၏သမီး ဒေါ်မိုးမိုးလှိုင် [မြို့နယ်သူနာပြုအဆင့်(၁)၊ ဒေးဒရဲ ကျန်းမာရေးဦးစီးဌာန]အား ယနေ့မှစ၍ ဒေါ်မို့မို့ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

အထက်မြန်မာပြည်သတင်း

ဈေးကွက်ဝင်တန်ဖိုးမြင့် ကျောက်ငါး မွေးမြူထုတ်လုပ်ရေး

ညွန့်ဝေမောင်(ငါးဦးစီး)

ကျောက်ငါး(Grouper)သည် တန်ဖိုးကြီးငါးမျိုးဖြစ်ပါသည်။ Internet သတင်းအရ ကျောက်ငါး 1kg သည် ဟောင်ကောင်ဒေါ်လာ ၈၀၀-၁၀၀၀ အထိရှိသည်။ ကျောက်ငါးကိုသာ ထိထိရောက်ရောက်မွေးမြူထုတ်လုပ်နိုင်လျှင်ဆိုပြီး ကျောက်ငါးဆေးထိုးသားဖောက်ထုတ်လုပ်ခြင်းကို ကျွန်တော်အတော်စိတ်ဝင်စားမိပါသည်။ မြိတ်မြို့မှ ငါးမွေးမြူရေးလုပ်ငန်းရှင် ဦးမောင်ကြီးမွေးမြူထားသော လေးနှစ်သား၊ ခြောက်နှစ်သားမျိုးကျောက်ငါးအထီးအမများကို (Cage Culture)လှောင်အိမ်ဖြင့် မွေးမြူပြုစုထားရှိပါသည်။ ဦးမောင်ကြီးကျောက်ငါးတစ်မျိုးတည်းကိုသာ အထူးအလေးထားထုတ်လုပ်သည်။ ဒေသခံကျောက်ငါး သဘာဝသားပေါက်များကို စုဆောင်းဝယ်ယူပြီး မွေးမြူထုတ်လုပ်(Grow Out)လျှင် ကြီးထွားနှုန်းနှေးကွေး၍ တွက်ခြေမကိုက်။ သို့ရာတွင် ဒေသခံမျိုးကိုမွေးမြူ၍ ဟောင်ကောင်သို့ ရှစ်လက်မအထက် ၃၀၀ ဂရမ်ကျောက်ငါးများကို ရောင်းချသည်။

ဒေသတွင်း ပင်လယ်ပြင်မှမျှား၍ရသော အရွယ်ငယ်သည့်အကောင်ငယ်များကို ဆိုဒ်အလိုက် လေးလက်မမှ ရှစ်လက်မအကြား ရောင်းချခဲ့သည်။ သင်္ဘောတစ်စင်း၌ ကျောက်ငါးအရှင် ၁၆၊ ၂၀ တန် သယ်ယူနိုင်ပြီး အသွားအပြန် တစ်ခေါက် ၂၄ ရက်ခန့် ကြာမြင့်သည်။ တစ်ကောင်၏ FOB ဈေးနှုန်းမှာ 0.8 US$ ခန့်ဖြစ်သည်။ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခဲ့ပြီး ပုံမှန်ဝင်ငွေရရှိခဲ့ကြပါသည်။

သို့ရာတွင် ဒေသခံကျောက်ငါးမျိုးစိတ်များကို မွေးမြူပါက ကြီးထွားနှုန်းနှေးကွေးပြီး တစ်နှစ်မွေးမြူပါမှ ၃၀၀ ဂရမ်မှ ၄၀၀ ဂရမ်ခန့်သာ ကြီးထွားသည်။ သေပျောက်နှုန်းများပြားသည်။ ထို့ကြောင့် တွက်ခြေမကိုက်၍ စီးပွားဖြစ်မွေးမြူရန်အခက်အခဲများစွာ ကြုံတွေ့နေရသည်။ သို့ဖြစ်၍ ၂၀၀၃ ခုနှစ်မှစ၍ အရှုံးနှင့် ရင်ဆိုင်နေရသော ကျောက်ငါးမွေးမြူခြင်းလုပ်ငန်းကို ပြန်လည်တည့်မတ်ရန် လိုလာသည်။

အမှန်တကယ် ကျောက်ငါးမွေးမြူရေးလုပ်ငန်းသည် အာရှပစိဖိတ်ကမ်းရိုးတန်းဒေသအတွင်း အရေးပါသော လုပ်ငန်းတစ်ခုဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ မလေးရှား၊ တရုတ်၊ ထိုင်ဝမ်၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံများတွင် ကျောက်ငါးဆေးထိုးသားဖောက်လုပ်ငန်းလုပ်ကိုင်၍ စီးပွားဖြစ်မွေးမြူလျက်ရှိကြောင်း သိရသည်။ ကျောက်ငါးမျိုးစိတ်သည် တန်ဖိုးမြင့် ငါးတစ်မျိုးဖြစ်ပြီး ဈေးကောင်းရသည်။ ထိုစဉ်က ၃၀၀ ဂရမ်ကျောက်ငါးများကို ဈေးနှုန်း 6-6.5US$/kg ဖြင့် ရောင်းခဲ့ရသည်။

နိုင်ငံတကာတွင် ဆေးထိုးသားဖောက်နည်းဖြင့် ကျောက်ငါးမွေးမြူပါက တစ်နှစ်အတွင်း 2-3.5kg အထိ ကြီးထွားနိုင်ပြီး ဒုတိယနှစ်ဆက်လက်မွေးမြူပါက 5-7.5kg အထိကြီးထွားနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဈေးနှုန်းနှင့် တွက်ချက်ပါက ကျောက်ငါး(Grouper)၏ တန်ဖိုးကို မှန်းဆနိုင်ပါသည်။

ဦးမောင်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာနနှင့်ပူးပေါင်း၍ ကျောက်ငါးဆေးထိုးသားဖောက်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ၂၀၀၉ ခုနှစ်တွင် (Larvae)သားလောင်းကောင်ရေ ငါးသိန်းခန့်အထိရရှိခဲ့သော်လည်း တစ်လက်မခွဲအရွယ်သားပေါက် Juvinile ၁၀ ကောင်ခန့်သာ အဖတ်တင်ခဲ့ပါသည်။ သားလောင်းကောင်ရေ ငါးသိန်းခန့်အထိ ရရှိခဲ့ပါသည်။ ငါးလုပ်ငန်းဦးစီးဌာန ပြင်ထပ်အော်စခန်းတွင် ကျောက်ငါးခေါင်းလုံးခေါ် Epinephelus malabaricus မျိုးကို စမ်းသပ်သားဖောက်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတကာတွင် မျိုးစိတ်တစ်ခုတည်းကိုသာ အချင်းချင်းမျိုးစပ်သားဖောက်ခြင်းထက် မျိုးခွဲသားဖောက်ခြင်းက ပိုမိုအောင်မြင်နေကြောင်း နောက်ဆုံးသတင်းများအရ သိရှိရပါသည်။ ကြီးထွားနှုန်းမြန်၍ ရောဂါပိုးမွှား၊ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိကြောင်း၊ Giant grouper (Epinephelus lanceolatus)နှင့် Epinephelus malabaricus တို့ကို

မျိုးစပ်၍ Giant malabaricus grouper မျိုးစိတ်သစ်သားစပ်အောင်မြင်နေကြောင်းသိရှိရပါသည်။ မျိုးကျောက်ငါး Grouper များကို ပြုစုထိန်းသိမ်းထားရသည်မှာ မလွယ်ကူပါ။ နေ့စဉ်အစာကျွေးမွေးစရိတ်၊ ပြုစုစောင့်ရှောက်ခြင်းအတွက် တစ်လလျှင်မြန်မာကျပ် ၂-၃ သိန်းအထိ အကုန်အကျခံ၍ ဦးမောင်ကြီးက ထိန်းသိမ်းမွေးမြူထားသည့် သားဖောက်မျိုးငါးကြီး ကျောက်ငါးမြီးဝါ Giant Grouper 35 kg အရွယ် ခြောက်နှစ်သား လေးကောင်၊ 25 kg အရွယ် လေးနှစ်သား ရှစ်ကောင်၊ ခေါင်းလုံးကျောက်ငါးခေါ် E-malabaricus 17 kg အရွယ် ခြောက်နှစ်သား နှစ်ဆယ့်နှစ်ကောင်နှင့် အခြားမျိုးကျောက်ငါး ဆယ့်လေးကောင်၊ စုစုပေါင်းမျိုးကျောက်ငါးကြီး အထီးအမ လေးဆယ့်ရှစ်ကောင် ရှိပါသည်။

သို့ဖြစ်၍မိမိတို့၏တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျောက်ငါးဆေးထိုးသားဖောက်မွေးမြူခြင်းလုပ်ငန်းအောင်မြင်နိုင်စေရန် အခွင့်အလမ်းများစွာရှိပါသည်။ ယခင် ၁၉၉၅ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း ကျောက်ငါးများတွင် ရောဂါကျရောက်ခြင်းမရှိခဲ့သည့်ကာလ၌ မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းရှိ မော်တုန်းကြီး၊ ကဘင်းချောင်း၊ တောင်သုံးလုံး၊ မလိကျွန်းကြား ရေပြည့်အော်၊ ရေကန်၊ အော်မယ်၊ ကံမော်ရွာများမှ ရွာသူရွာသားများသည် ယခင်ဒေသ ကျောက်ငါးသားပေါက်များကို ငါးမျှားဖမ်းဆီးရောင်းချခြင်းလုပ်ငန်းများ လုပ်ကိုင်ခဲ့ကြသည်။ ယခုအခါ ကြီးထွားနှုန်းမြန်ဆန်ပြီး ကျောက်ငါးသားပေါက်များ ရောင်းချနိုင်ပါက အရင်းအနှီးနည်းနည်းဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူလာနိုင်ကြမည်ဖြစ်ပါသည်။ အရင်းအနှီးများသူများမှာလည်း အမြောက်အမြားဝယ်ယူမွေးမြူနိုင်ကြမည် ဖြစ်ပါသည်။ အကြောင်းမှာတန်ဖိုးမြင့်သော်လည်း နိုင်ငံတကာဈေးကွက်တွင် ဝယ်လိုအားရှိနေခြင်းကြောင့် ဖြစ်ပါသည်။

ကျွန်တော်တို့တွင် သဘာဝအရင်းအမြစ် ကျောက်ငါးမျိုးစိတ်များလည်း အသင့်ရှိပါသည်။ ငါးလုပ်ငန်းဦးစီးဌာနနှင့် ရှိပြီးဖြစ်သည့်သုသေတနငါးသားဖောက်စခန်းတွင် အဓိကလိုအပ်ချက်မှာ နည်းပညာသာဖြစ်နေပါသည်။ ဆားငန်ရည်နှုန်း (Salinity) ၊ရေ၏အပူချိန် (Temperature)၊ ရေစီးနှုန်း (Flowrate)၊ သားဖောက်ခန်း၏ အပူချိန် (Room temperature)၊ ကျွေးမွေးသည့်အစာ(Feed)တွင်ပါဝင်ရမည့်အာဟာရ (Nutrition)၊ အစာ၏အရွယ်နှင့် ပမာဏ (Size and Volume)စသည့်တွက်ချက်ရမည့် အခြေခံအချက်များသည် နည်းပညာအရလိုအပ်ချက် (Technical needs)များကို ဖြည့်ဆည်းပေးရန်နှင့် အခြားနည်းပညာ(Technology)ကိုသာ ဖြည့်ဆည်းပေးပါက မကြာမီအချိန်အတွင်း တနင်္သာရီတိုင်းဒေသကြီး၏ ထူးခြားသိသာသော ဝင်ငွေတစ်ရပ်အဖြစ်ဖြည့်ဆည်းပေးနိုင်မည့် လုပ်ငန်းတစ်ရပ်ဖြစ်ပေတော့မည်။

ကျွန်တော်သည် တနင်္သာရီတိုင်းဒေသကြီး၏ ဒေသဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင် စီးပွားဖြစ်ကျောက်ငါးမွေးမြူရေးကို ဆေးထိုးသားဖောက်နည်းဖြင့်ဆောင်ရွက်ရန် အဓိကထားတင်ပြခဲ့သည်။ တန်ဖိုးမြင့်သဖြင့်ဝင်ငွေရရှိမှုများပြားပြီး တစ်ပိုင်တစ်နိုင်မှအစ လုပ်ငန်းကြီးသူများလည်းဆောင်ရွက်နိုင်ရာ ဒေသအတွက်သာမက နိုင်ငံတော်၏ဝင်ငွေကိုပါ သိသာစွာတိုးတက်လာနိုင်ပါသည်။ အိမ်နီးချင်းနိုင်ငံများတွင် အောင်မြင်နေပြီဖြစ်သော ဆေးထိုးသားဖောက်လုပ်ငန်းသည် ကျွန်တော်တို့နိုင်ငံတွင်လည်း အခြေခံလိုအပ်ချက်များပြည့်စုံနေပြီဖြစ်ရာ မလွဲမသွေအောင်မြင်ရမည်ဟု ယုံကြည်ထားပါသည်။

အလျဉ်းသင့်၍ ကျောက်ငါးလုပ်ငန်းရှင် ဦးမောင်ကြီး၏ တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းလေ့လာရေးခရီးစဉ်တွင် ဟိုင်နန်ကျွန်း၏တောင်ဘက်ကျွန်းတစ်ကျွန်းသို့ ရောက်ရှိလေ့လာခဲ့ကြောင်း၊ မြန်မာနိုင်ငံရခိုင်ပြည်နယ် ရေပြင်မှ ကျောက်ငါးမျိုးစိတ်အနီကောင် မြိတ်ဒေသအခေါ် Sky Lab grouper မျိုးကိုယူ၍ သားဖောက်အောင်မြင်နေကြောင်း၊ ရခိုင်ပြည်နယ် ဂွမြို့မှ ကျောက်ငါးမျိုးကိုယူ၍ ဟောင်ကောင်လူမျိုးနှစ်ဦးက သယ်ယူလာကာ လာရောက်သားဖောက်မွေးမြူခြင်းကို လုပ်ဆောင်နေကြောင်း၊ တစ်ယူနစ်လျှင် ၁၅ ပေ×၁၅ပေ×၁၀ ပေ အကျယ် Cage Culture ကန် ၂၀ခန့်ရှိသည့် ငါးမွေးမြူရေးယူနစ် ၁၅၀၀ ခန့်အထိရှိကြောင်း တွေ့ရှိခဲ့ရသည်ကို သိရပါသည်။ ထိုအတွေ့အကြုံမှစ၍ လုပ်ငန်းရှင်ဦးမောင်ကြီးမှာ ကျောက်ငါးသားဖောက်မွေးမြူရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ငါးလုပ်ငန်းဦးစီးဌာန ရေငန်သုတေသနစခန်း(ပြင်ထပ်အော်)သို့လည်း လိုအပ်သောအကူအညီများ ရယူကူညီခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ မြိတ်ရေငန်ငါးသုတေသနစခန်းတွင် ၂၀၀၆-၂၀၀၇ ခုနှစ်မှစ၍ ကျောက်ငါးနှင့် ကကတစ်တို့ကို စတင်ဆေးထိုးသားဖောက်ပြုလုပ်ခဲ့သည်။ ကကတစ်မှာ ဆေးထိုးသားဖောက်အောင်မြင်နေပြီဖြစ်သော်လည်း ကျောက်ငါးမှာ ငါးမှုန်အဆင့်(Larvae)အထိသာအောင်မြင်သည်။ မွေးမြူနိုင်သည့် Juvinile အဆင့်အထိ ၂၀၀၉ ခုနှစ်တွင် ၁၀ ကောင်သာ ရရှိအောင်မြင်ခဲ့ဖူးသည်။ အဓိကလိုအပ်ချက်မှာ ဆေးထိုးသားဖောက် ငါးမှုန်လေးများကို ပြုစုရန် နည်းပညာလိုအပ်နေခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ တန်ဖိုးမြင့် ကျောက်ငါးဆေးထိုးသားဖောက်အောင်မြင်ရေးကို ငါးလုပ်ငန်းဦးစီးဌာနမှ အလေးထားဆောင်ရွက်လျက်ရှိရာ မကြာမီအရှေ့တောင်အာရှငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ(SEAFDEC)မှ နိုင်ငံခြားသားပညာရှင်နှစ်ဦး၏ အကူအညီဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ကျောက်ငါးဆေးထိုးသားဖောက်လုပ်ငန်းအောင်မြင်ပါက လှောင်အိမ်ဖြင့်မွေးမြူသော Cage Culture စနစ် အောင်မြင်လာမည်ဖြစ်ပါသည်။ တန်ဖိုးကြီးသောကျောက်ငါးကို အခြေခံလူတန်းစားများ၏တစ်ပိုင်တစ်နိုင်မွေးမြူရေးမှသည် စိတ်ဝင်စားသော လုပ်ငန်းရှင်များအထိ စီးပွားဖြစ်မွေးမြူရေးကိုဆောင်ရွက်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများပေါ်ထွန်းလာမည်ဖြစ်ပါ၍ အောင်မြင်စွာကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။

မိတ္ထီလာမြို့ ကယ်ဆယ်ရေးစခန်းသို့ ရွှေတာချီခရီးသွားလုပ်ငန်းအသင်းမှ ထောက်ပံ့လှူဒါန်း

တာချီလိတ် ဧပြီ ၅

မိတ္ထီလာမြို့ရှိ ဒုက္ခသည်များအတွက် လူမှုကူညီရေးအသင်း(တာချီလိတ်)မှ ရွှေတာချီခရီးသွားလုပ်ငန်းအသင်းသားများနှင့် မိသားစုဝင်များစုပေါင်းပြီး လှူဒါန်းငွေကျပ် ၁၁ သိန်းလှူဒါန်းခြင်းအခမ်းအနားကို ဧပြီ ၃ ရက် နံနက် ၁၀ နာရီခွဲက တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက ယခုကဲ့သို့ လှူဒါန်းရခြင်းကိစ္စအတွက် မိတ္ထီလာမြို့ရှိ ဒုက္ခသည်များကိုယ်စား ဝမ်းမြောက်ကြောင်းနှင့် လတ်တလောဖြစ်နေသည့်ကိစ္စအပေါ် အခြေခံသည့် ကောလာဟလများအပြင် အငှားဆိုင်ကယ်ပြေးဆွဲသူများအနေဖြင့် ယာဉ် စည်းကမ်းလိုက်နာဖို့ကိစ္စကို သိရှိစေရန်အတွက် ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ တာချီလိတ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးတို့ထံ ရွှေတာချီခရီးသွားလုပ်ငန်းအသင်းမှဥက္ကဋ္ဌ ဦးစိုင်းကျော်ဇံ၊ ဒု-ဥက္ကဋ္ဌ ဦးဘိုစံနှင့်ကော်မတီဝင်များအပါအဝင် အသင်းသားများဖြစ်သည့် တာဝန်ရှိဂိုဏ်းမှူးများက ကျပ် ၁၁ သိန်းတိတိကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ အခမ်းအနားအပြီးတွင် အလှူငွေများအား မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် မိတ္ထီလာမြို့ရှိ ကယ်ဆယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေယဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၄၄)၊ ဦးပိုင်အမှတ်(၄၅)၊ ၈၂လမ်း×၈၃လမ်းကြား၊ ၁၈လမ်း×၁၉လမ်းကြား၊ စခန်းမှူး ယာဉ်ထိန်းပြည်သူ့ရဲတပ်ဖွဲ့စခန်း အမည်ပေါက် ဂရန်မြေကွက်အား မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၂) ဦးပိုင်အမှတ်(၇၃)၊ ၅၈လမ်း×၅၉လမ်းကြား၊ ဘုရင့်နောင်×အောင်ဇေယျလမ်းကြား၊ ဒေါ်ခင်မမ အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်ယဉ်ယဉ်လှ နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၁၃/လရန(နိုင်) ဝ၅၄၂၇၄] ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှ မြို့ပြောင်း၊ အမည်ပြောင်း၊ ဂရန်မိတ္တူ အမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၇ယ/၇၂၉၀၇ DAYANG 125 ယာဉ်လက်ဝယ်ရှိသူအမည် ဦးထူးဝေအောင် မှတ်ပုံတင်အမှတ် [၉/မတရ(နိုင်)၁၄၁၇၁၅]ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(H-၂၂၁)၊ ဦးပိုင်အမှတ်(၂၁)၊ ၅၄လမ်း×၅၅လမ်းကြား၊ ဇေရတ်×ကနောင်လမ်းကြား၊ ဦးဝင်းမောင် အမည်ပေါက် ဂရန်မြေကွက်အား ဦးဝင်းမောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/ မရမ(နိုင်)၀၂၇၉၆၅]ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၄၄)၊ ဦးပိုင်အမှတ်(၆၅)၊ ၃၂×၃၃ကြား၊ ၇၁×၇၂လမ်းကြား၊ ဒေါ်ငွေ၊ ဒေါ်ရွှေ၊ ဦးဒွေး၊ ဦးကြည်ဝင်း၊ ဒေါ်သင်းသင်းအေး အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်တင်တင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/မရမ(နိုင်) ၀၄၈၈၇၈] ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်/အရောင်းအဝယ်စာချုပ်ချုပ်ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၀၇)၊ ဦးပိုင်အမှတ်(၃၉-ခ)၊ ၃၂×၃၃ လမ်းကြား၊ ၇၄×၇၅ လမ်းကြား၊ မောင်ညွန့်၊ ခင်လေးကြီး အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်ချိုခင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/မရမ(နိုင်) ၀၆၂၂၅၉]၊ ဒေါ်ကြည်ကြည် နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/မရမ(နိုင်)၀၅၉၇၈၅]၊ ဒေါ်ခင်နှင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/မရမ(နိုင်) ၀၅၉၇၈၀]၊ ဒေါ်မြင့်မြင့်သိန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/မရမ(နိုင်) ၀၅၉၆၇၉]၊ ဒေါ်မြင့်မြင့်အေး နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/မရမ(နိုင်) ၀၅၉၇၇၈]၊ ဒေါ်ဌေးဌေးလှိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရမ(နိုင်)၀၂၆၁၁၄]၊ ဒေါ်နုနုဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရမ(နိုင်) ၀၅၉၆၇၆]ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံ စာချုပ်ချုပ်ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

နေ့အပူချိန်ကြောင့် ပသိချောင်းတွင် အပန်းဖြေသူများဖြင့်စည်ကား

သံတောင် ဧပြီ ၅

တပေါင်းလအတွင်း နေ့အပူချိန် မြင့်တက်မှုကြောင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့ရှိ သဘာဝတောတောင် ကျောက်တုံးများအကြား ကြည်လင်အေးမြစွာစီးဆင်းလျက်ရှိနေသော ပသိချောင်းတွင် နေ့စဉ်အနယ်နယ်အရပ်ရပ်မှ အပန်းဖြေလာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။ **(ယာပုံ)**

စိမ်းလန်းစိုပြည်ကာအေးချမ်းသာယာလှပသည့် သံတောင်မြို့ရှိ ပသိချောင်းငယ်သည် တောင်ငူမြို့မှ အရှေ့ဘက် ၁၃မိုင်ခန့်သာကွာဝေး၍ တောင်ငူ-သံတောင်ယာဉ်လိုင်းဖြင့်လည်းကောင်း၊ ကိုယ်ပိုင်ယာဉ်ငယ်၊ ဆိုင်ကယ်များဖြင့် လည်းကောင်း လမ်းပန်းကောင်းမွန်ခြင်းကြောင့် အချိန်တိုအတွင်း သွားလာနိုင်သည်။

ခရီးလမ်းတစ်လျှောက် သစ်တောဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ထားသည့် ကျွန်းစိုက်ခင်းများ၊ ကွမ်းခြံများ၊ ငှက်ပျောစိုက်ခင်းများကို တွေ့မြင်နိုင်ပြီး ပသိချောင်းတစ်လျှောက် အေးအေးလူလူ အပန်းဖြေနိုင်ရန် ရွှေသံတောင် အပန်းဖြေစခန်း ဖွင့်လှစ်ထားသည်။ ဝင်ကြေးအဖြစ် လူတစ်ဦးလျှင် ငွေ ကျပ် ၂၀၀၊ ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၅၀၀၊ ယာဉ်ငယ်တစ်စီးလျှင် ငွေကျပ်၁၀၀၀ ကောက်ခံပြီး အတွင်းဘက်ရောက်၍ ယာဉ်အပ်နှံလျှင် ထပ်မံပေးဆောင်ကြရသည်။ အပန်းဖြေလာရောက်သူများအနေဖြင့် မိသားစုလိုက်၊ အစုအဖွဲ့လိုက်လာကြသော်လည်း လူငယ်စုံတွဲများကိုလည်း အများဆုံးမြင်တွေ့ရသည်။ ကျောက်တုံးကြီးငယ်များအကြား စီးဆင်းလျက်ရှိသော ပသိချောင်းအတွင်း စုပေါင်းရေချိုးကြကာ အချင်းချင်းရေပက်ကစားကြပြီး အသင့်ယူဆောင်လာသော စားသောက်ဖွယ်ရာများကို တပျော်တပါးစားကြရင်းဖြင့် အပန်းဖြေကြသည်ကို တွေ့ရသည်။

"အရင်လတွေက ဒီလောက်မများဘူး၊ အခုရက်ပိုင်းမှာကတော့ တော်တော်များတယ်။ အပူချိန်ပြင်းတော့ ရေချိုးရင်း အပန်းဖြေကြတာပေါ့"ဟု ကရင်အမျိုးသမီးတစ်ဦးက ရှင်းပြသည်။ အဆိုပါ ပသိချောင်းငယ်သည် သင်္ကြန်ရက်အတွင်းနှင့် နှစ်ဆန်း ၁ ရက်နေ့များ၌ အနယ်နယ်အရပ်ရပ်မှ လာရောက်သူများမှာ ချောင်းအတွင်းခြေချစရာမရှိအောင် စည်ကားလှကြောင်းဒေသခံများက ပြောပြသည်။

(၅၇၈)

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တွင် စမ်းသပ်သန်းခေါင်စာရင်း စတင်ကောက်

စစ်တွေ ဧပြီ ၅

"ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့"ဆောင်ပုဒ်နှင့်အညီ လူဦးရေနှင့် အိမ်အကြောင်းအရာ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်း အခမ်းအနားဖွင့်ပွဲကို စစ်တွေမြို့နယ် နာရီကန်ကျေးရွာအုပ်စု၌ မတ် ၃၀ ရက် နံနက် ၉ နာရီက ကျင်းပရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ စမ်းသပ်ကောက်သည့် နာရီကန်ကျေးရွာအုပ်စု၌ အကွက်ငါးကွက်၊ အိမ်ထောင်စု ၁၈၈ စု၊ လူဦးရေ ၇၈၁ ဦးရှိပြီး တစ်နေ့လျှင် ၂၅ အိမ်မေးမြန်ကောက်ခံကာ ဧပြီ ၁၀ ရက်အထိ စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

(၆၉၈)

မဟာသင်္ကြန်ပွဲတော် ကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

မြစ်ကြီးနား ဧပြီ ၅

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ကျင်းပရေး ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁ ရက် နံနက် ၉ နာရီတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာက ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်တွင် ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်နိုင်စေရေးအတွက် စည်းကမ်းတကျ ထိန်းသိမ်းဆောင်ရွက်ရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဆန့်ကျင်လျက် သရုပ်ပျက်အပြုအမူဝတ်စား ဆင်ယင်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ပြီး၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးက မဟာသင်္ကြန်ပွဲတော်တွင် လုပ်ငန်းကော်မတီများဖွဲ့စည်း တာဝန်ပေးအပ်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ခင်မောင်ထွန်း(မြစ်ကြီးနား)

စာပေ၊ ယဉ်ကျေးမှု နှစ်ပတ်လည်နေ့ကျင်းပ

မြစ်ကြီးနား ဧပြီ ၅

ချီဖွေမြို့နယ် ဥက္ကာရပ်ကွက် ဦးလှရှိန် ဒေါ်ခေါ်မိသားစု နေအိမ်ရှေ့ကွင်းပြင်မဏ္ဍပ်တွင် မတ် ၃၀ ရက် နံနက် ၁၀ နာရီက ချီဖွေဇုန်နယ် လောဝေါ်စာပေ၊ ယဉ်ကျေးမှုနှစ်ပတ်လည်နေ့နှင့် (၁၂)ကြိမ်မြောက်အမှုဆောင်ကော်မတီ ပြန်လည်ရွေးချယ်ပွဲ အခမ်းအနားကို သဘာပတိအဖြစ် ဦးလှရှိန်ဒေါ်ခေါ်က ကြိုဆိုမိတ်ဆက်အဖွင့်အမှာစကား ပြောကြားပြီး အမှုဆောင်အတွင်းရေးမှူး ဦးဒီဇယ်ဒိုင်မှ ယဉ်ကျေးမှုလုပ်ငန်းဆောင်ရွက်မှုနှင့် ငွေစာရင်းရှင်းတမ်း၊ စာပေနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို စဉ်ဆက်မပြတ်ဆက်လက်ထားရှိရေး ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ စာပေယဉ်ကျေးမှု အမှုဆောင်ကော်မတီများ၊ လာချိဒ်၊ လီဆူးယဉ်ကျေးမှုကိုယ်စားလှယ်များနှင့် ကျေးရွာ/ရပ်ကွက်အသီးသီးမှ ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ စုစုပေါင်း ၁၅၀ ခန့်တက်ရောက်ကြသည်။

ဆက်လက်၍ စာပေယဉ်ကျေးမှု အမှုဆောင် ကော်မတီဟောင်း/သစ်များအား တာဝန်လွှဲပြောင်းလက်ခံခြင်း၊ စာပေထူးချွန်ထက်မြက်စွာ မွေးထုတ်ပေးသော မိသားစုနှင့် နိုင်ငံတော်အစိုးရ ဝန်ထမ်းလုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသော ဌာနဆိုင်ရာ အကြီးအကဲများအား ဂုဏ်ပြုခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

(ခင်မောင်ထွန်း-မြစ်ကြီးနား)

၂၀၁၃ - ခုနှစ် သင်္ကြန်ခရီးစဉ်
ထားဝယ်ရှင်ကိုးဆူ နှင့် ကော့သောင်း (ရနောင်း)
၁၂ - ၄ - ၂၀၁၃ မှ ၂၀ - ၄ - ၂၀၁၃ ထိ
သုခမိန်စာပေ ၀၁ - ၂၅၃၀၀၉ / ၀၉ ၅၁၅၅၆၅၄

ဒီဇယ် ဆလွန်း မော်ဒယ်မြင့်မြင့်
GRADE ကောင်းကောင်းစီးလိုသူများ
2007 Mdl, DIESEL 2200 cc ဆလွန်းကား
အနက် ၊TOYOTA, T 180, D-CAT, UK ထုတ်
CRUISE CONTROL , လေအိတ် 10.လုံး
အတွင်း GRADE ရှယ် ၊တစ်ဂါလန်မိုင် 40
၂၅ဝ သိန်း ODOMETER 62,000
JAPAN LIGHT TRUCK ဈေးနှုန်းသက်သာမည်။
ဓါတ်ဆီ 1000 KG-2005-97 သိန်း။ 850 KG-2003-93 သိန်း။
09 731 44588, 09 400 551 558.

နေပြည်တော်၊ ပျဉ်းမနားမြို့ ဦးမင်းဒင်ရပ် ပထမမူလကာသစ်ဝိုင်ဓမ္မရိပ်သာ ဒုတိယအကြိမ်မြောက် မဟာသင်္ကြန်ဒုလ္လဘရဟန်းခံ(၇)ရက်စဉ် ဝိပဿနာအလုပ်ပေးတရားပွဲကြီးကျင်းပမည်

ကျေးဇူးတော်ရှင် မူလကာသစ်ဝိုင်ဆရာတော်ကြီး ဟောကြားတော်မူခဲ့သော ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာလုပ်ငန်းစဉ်တရားတော်များကို ပျဉ်မနားမြို့၊ ဦးမင်းဒင်ရပ် ကာသစ်ဝိုင်ကျောင်းတိုက် ဓမ္မရိပ်သာကြီးတွင် နာယကဆရာတော် အရှင်ကဥ္စနသာရ(မဟာကမ္မဋ္ဌာနာစရိယ) ကြီးမှူး၍ ကမ္မဋ္ဌာနာစရိယဆရာတော်အရှင်သူမြတ်တို့က ဥပနိဿယမပျက် ထမ်းရွက်တော်မူကြကာ (၁၃၇၄ခုနှစ်၊ တန်ခူးလဆန်း ၁ရက်) ၁၀-၄-၂၀၁၃ရက်၊ (တန်ခူးလဆန်း ၇ရက်) ၁၇-၄-၂၀၁၃ရက်အထိ နေ့စဉ်နေ့တိုင်း ညစဉ်ညတိုင်း ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူကြမည်ဖြစ်ပါ၍ တရားဝင်တရားအားထုတ်ကြမည့် ဒုလ္လဘသံဃာတော်များနှင့် တရားပတ်ကြီးအတွင်း ဆွမ်းဘောဇဉ်များကို ထောက်ပံ့လှူဒါန်းလိုသော စေတနာရှင် ဒါယကာ၊ ဒါယိကာမအပေါင်းတို့သည် ရိပ်သာဖုန်း-၀၉-၄၉၂၉၁၃၄၁၊ ဒုတိယဥက္ကဋ္ဌဦးတင်မောင်အေး ဖုန်း-၀၉၄၉၂၁၅၉၀၅၊ အတွင်းရေးမှူး(၁)ဦးသိန်းဇံ ဖုန်း-၀၉-၄၂၁၇၁၀၆၅၀၊ ၀၆၇-၂၂၄၇၇၊ အတွင်းရေးမှူး(၂) ဦးထွန်းထွန်းအောင် ဖုန်း-၀၉ ၄၃၁၂၀၇၉၃၊ ၀၆၇-၂၂၁၄၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

အကျိုးတော်ဆောင်အဖွဲ့
ပထမမူလကာသစ်ဝိုင်ဓမ္မရိပ်သာ
ပျဉ်းမနားမြို့

ပန်းကေဘာ
အဆင့်မြင့်ခရီးသွားလုပ်ငန်း
မန္တလေး April (12, 13)
ပုဂံ+ရွှေစက်တော် April (12, 13)
တောင်ကြီး April (12, 13,17)
ရွှေလီ April (12, 13)
ပုဂံ+တောင်ကြီး April (12, 13)
09-73098523, 09-420247006, 09-49327409

EMERALD MYANMAR Travels & Tours
April 12
ပုဂံ-စွယ်တော်လေးဆူ-ပုပ္ပါး-ရွှေစက်တော်-မကွေး
AC-Express၊ Saloon၊ Hi-Ace
Ph: 01-8500585, 09-49589762, 09-49589764, 09-421013999

E.F.R Seconda Casa Beach Resort & Restaurant
ငွေဆောင်ကမ်းခြေ ရဲ့အလှအပကိုခံစားရင်း
ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေနဲ့အတူ
သင့်အားစောင့်ကြိုနေမယ့် E.F.R
Hot Line: (Yangon) 01-381010, 381066, 09-420286301
(Ngwe Saung) 042-40282, 40398, 09-49322843

တရုတ်
Sayar.Yang
ENGLISH
Conversation Practice
Great Wall
TAMWE - 540714, 09 5183636
09 49 285182

Enroll Now!
June Admission
for
Old Students and New Students
☑ Nursery
☑ KG to Grade8
No Registration Fee
ALBA
66 Shwedagon Pagoda Road, Dagon Township, Yangon. Tel +95-1-376236, 376314, 384055, E-mail : admin@albaedu.com, www.alba-edu.com

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ရွှေဝါလမ်း၊ တိုက်အမှတ်(၅၇၄)၊ ၂ခန်းတွဲ ၆ထပ်တိုက်၏ ပထမထပ်၊ ၂လွှာ(ခေါင်းရင်းခန်း)၊ အခန်းအမှတ်(၁၀၁)၊ ပေ(၁၄×၅၀) အကျယ်အဝန်းရှိ နေအိမ်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်နှင်းပွင့်ဝေ [၁၂/သကတ(နိုင်)၁၇၀၉၁၃]က ၇-၁၀-၂၀၁၂ရက် တိုက်ခန်းအရောင်းအဝယ် ငွေပေးကတိစာချုပ်အားပြသပြီး လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဇော်မြတ် (LL.B) — **ဒေါ်စုသန္တာဝင်း(LL.B,LL.M)**
(စဉ်-၈၅၀၉) — **(စဉ်-၃၅၂၉၇)**
တရားလွှတ်တော်ရှေ့နေ — **အထက်တန်းရှေ့နေ**
အမှတ်(၅၅)၊ ဒု-ထပ်၊မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၀၅၄၃၃၉ — **ဖုန်း-၀၉-၄၃၀၃၁၁၅၀**

အခန်းဆက်ဝတ္ထု

နှင်းငွေတစ်တောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

ကိုနေဝင်းက မွန်မွန့်ကို ကြည့်ပြီး "အမယ်လေး မွန်မွန်ရယ်၊ နှောင့်ယှက်လိုက်ရောပေါ့၊ အခု အန်ကယ်တို့ ရှုံးပြီ၊ ဆရာတို့ကို ထမင်းကျွေးရတော့မယ်"ဟု ဆို၏။

မွန်မွန်က ရွှင်ပြုံးစွာနှင့် ဦးမြင့်နွယ်ကို မေး၏။

"ဆရာတို့ နိုင်တယ်ပေါ့"

"ဆရာက ခုတစ်ကျင်းတည်း သယ်နိုင်တာပါ၊ တစ်လမ်းလုံး ဟောဒီ ဦးတုတ်ဝင်းက ရိုက်ပေးလာတာ"

မွန်မွန်က ဦးတုတ်ဝင်းကို လှမ်းကြည့်သည်။ ဦးတုတ်ဝင်းကား သူ့ဖိုးလမင်းမျက်နှာကြီးကို ပြုံးပြပြီး ဆို၏။

"မွန်မွန့်ဆရာက သိပ်ချစ်ဖို့ကောင်းတယ်၊ သူ့ကိုယ်သူ နှိမ့်ချပြီး ပြောတာ၊ အမှန်ကတော့သူ ကောက်ပင်ရိတ်လှိုင်း စနစ်နဲ့ ရိုက်သွားတာ"

"ရှင် . . . ကောက်ပင်ရိတ်လှိုင်းစနစ်"

"မွန်မွန်က ကဗျာဆရာမပဲ၊ ကောက်ပင်ရိတ်လှိုင်း စကားပညာကို နားလည်တယ် မဟုတ်လား"

"ဟုတ်ကဲ့ရှင့် တစ်ချက်တည်းနဲ့ အပိုင်လုပ်တာ မဟုတ်လား"

"ဟုတ်တယ်၊ အခုလည်း မွန်မွန့်ဆရာ တစ်ချက်တည်းနဲ့ အပိုင်လုပ်သွားတာ"

မွန်မွန်က ရယ်၏။

"ဆရာဦးတုတ်ဝင်းက သိပ်စကားတတ်တာပဲ"

ဦးညိုလှဲ့က ဝင်ပြော၏။

"တတ်ဆို မွန်မွန်ကလဲ ဦးတုတ်ဝင်းလည်း ကဗျာဆရာပဲဟာ"

"ရှင် . . . တကယ်"

"တကယ် . . . ဒါပေမယ့် သူက သားချော့သီချင်းတွေ ရေးတာ၊ ဘယ်လောက်ကောင်းသလဲဆို အမျိုးသမီးတွေက သူ့ကို ကလေးအဖေထင်လို့ မစွံတာနဲ့ လူပျိုကြီး လုပ်ရတာ ကြည့်တော့"

ဦးတုတ်ဝင်းက တဟဲဟဲ ရယ်ပြီးဆို၏။

"မစွံတာလား၊ ဒါမှမဟုတ် ဘဝမှာ ကောက်ပင်ရိတ်လှိုင်းစနစ် ကျင့်သုံးဖို့ အခွင့်စောင့်နေတာလား၊ ဘယ်ပြောနိုင်မလဲ၊မဟုတ်ဘူးလား ကိုမြင့်နွယ် အဟဲ . . . ဟဲ"

ဦးတုတ်ဝင်းနှင့် ပေါင်းသည်မှာ ကြာပြီဖြစ်သောကြောင့် စကားရိပ် ဘာထွက်သည်ကို ဦးမြင့်နွယ် သိ၏။ ထို့ကြောင့် ရယ်မောပြီး စကားကို ဖြတ်၏။

"ကဲ . . . အချိန်မရှိဘူး၊ နိုင်ထားတာ စားရ သောက်ရဦးမယ်၊ ပြန်ကြစို့"

အားလုံး ကလပ်ဘက် လျှောက်လာကြသည်။ ကျန်လူများ ကလပ်တွင်း ဝင်သွားရာ မွန်မွန်နှင့် ဦးမြင့်နွယ် ကျန်ရစ်၏။

"မွန်မွန်က ဆရာ့ကိုတွေ့ရင် အိမ်ခေါ်မလို့ လိုက်လာတာ"

"စောစောက ပြောထားရောပေါ့ မွန်မွန်ရယ်၊ ဒီနေ့ အစီအစဉ်က ရှိပြီးသားဖြစ်နေတာ"

"ကိစ္စမရှိဘူးလေ၊ မနက်ဖြန် ညနေတော့ ဆရာ လာရမယ်နော်"

ဦးမြင့်နွယ်က ဖြေရန် ဆုတ်ဆိုင်းနေ၏။

"ကြည့် . . . ဆရာက မွန်မွန်တို့အိမ် မလာချင်တော့ဘူးလား"

"မဟုတ်ပါဘူး မွန်မွန်ရယ်၊ ဆရာက ဟိုဒင်း . . . အားနာလို့ပါ"

"ဘာပြုလို့ အားနာရမှာလဲ၊ ဒက်ဒီက ပြောတယ်၊ ဆရာ့ကျေးဇူးကို သူ ဘယ်လိုဆပ်ရမှန်း မသိဘူးတဲ့"

"ဒီလောက်တောင်ကြီး မဟုတ်ပါဘူးကွယ်"

"အို . . . ဟုတ်ပါတယ်၊ ဒါပဲနော် မနက်ဖြန် လာမယ်မဟုတ်လား"

ဦးမြင့်နွယ်သည် စိတ်တွင်းမှ သက်ပြင်းချလိုက်၏။

"ကောင်းပါပြီ၊ ဆရာ လာခဲ့ပါ့မယ်"

"စောစော လာနော်"

"စိတ်ချပါ မွန်မွန်"

မွန်မွန်၏ မျက်နှာလေးသည် ပြုံးကြည်သွား၏။

ကလပ်တွင်းမှ ဦးနေအောင် ပြန်ထွက်လာ၏။

"ကဲ . . . ပြန်ကြမယ် သမီး၊ ဆရာကော မလိုက်ခဲ့ဘူးလား"

"ကျွန်တော် မနက်ဖြန်မှပဲ လာပါ့မယ် ဦးနေအောင်"

"ဆက်ဆက်တော့လာ ဆရာ၊ ကျွန်တော်ရော သန့်ရော စောင့်နေကြတယ်"

ဦးနေအောင်တို့ သားအဖ ပြန်သွားသည်ကို ဦးမြင့်နွယ်က မျက်စိတစ်ဆုံး ကြည့်ကျန်ရစ်သည်။

ကြုံလာ ဆုံလာရသော ကံကြမ္မာကို အံ့သြမိသည်။

သြော် . . . ဟိုတုန်းကလည်း သည်လိုပင် ဂေါက်ကွင်းမှာပါ။

ဦးတုတ်ဝင်းတို့ အသိုက်လည်း ထွက်လာကြ၏။

"ကဲ . . . ကောက်ပင်ရိတ်လှိုင်း ဆရာကြီး သွားကြမယ်"

"ဘယ်လိုခေါ်လိုက်တယ် ကိုတုတ်ဝင်း"

"ကောက်ပင်ရိတ်လှိုင်း ဆရာကြီးလို့၊ အဟဲ . . . ဟဲ. . . နေဦး ခင်ဗျားကို အကောင်းမေးစရာတွေ ရှိသေးတယ်၊ အိမ်ကျမှပဲ မေးမယ်၊ ကဲ . . . သွားကြစို့"

ထိုညနေက ရေမိုးချိုးအပြီး၌ ရှုံးသူတွေ ဒကာလုပ်ဝယ်ရသော တရုတ်ဆိုင်မှ အစားအစာများကို ဦးတုတ်ဝင်း၏အိမ်၌ စားသောက်ကြ၏။

ညဦးလွန်၍ ကိုနေဝင်း ပြန်သွားသောအခါမှ စားပွဲတွင် သုံးဦးသားထိုင်လျက် ကော်ဖီသောက်ရင်း စကားဆက်ကြခိုက် ဦးတုတ်ဝင်းက စမေးသည်။

"ညနေတုန်းက မေးချင်တာ အခု မေးရဦးမယ်"

"ဘာများလဲ ကိုတုတ်ဝင်း"

"မွန်မွန့်အကြောင်း"

"မွန်မွန့် . . . အကြောင်း"

ဦးတုတ်ဝင်းက လက်ဝါးကာပြ၏။

"ခင်ဗျားလည်း သိသားပဲ၊ ကျွန်တော်က ပျော်တတ်ရွှင်တတ်ပေမယ့် ကိုယ်ရေးကိုယ်တာကိစ္စမှာ စည်းကမ်းရှိတယ်၊ကျွန်တော် ဆိုလိုတာက မွန်မွန့် ကိုယ်ရေးကိုယ်တာကိစ္စမဟုတ်ဘူး၊ သူ့ဝေဒနာကို ခင်ဗျား ပျောက်အောင် ကုလိုက်တာ၊ အဲဒါကို စိတ်ဝင်စားလို့"

"ဒါတော့ ခင်ဗျားလည်း ဗဟုသုတနဲ့ ပြည့်စုံတဲ့ တက္ကသိုလ်ဆရာတစ်ဦးပဲဟာ၊ ခွဲခြမ်းစိတ်ဖြာနည်းနဲ့ ကုသတာကို သိသင့်သမျှတော့ သိမှာပေါ့"

"မသိစိတ်တို့၊ တိမ်မြုပ်ခြင်းတို့၊ အဲဒါတွေလောက်တော့ တီးမိခေါက်မိ ရှိပါတယ်၊ ကျွန်တော် သိချင်တာက တကယ်တိတိကျကျ ဘာဖြစ်နေတာကို ဘာလုပ်လိုက်တာလဲ"

ဦးညိုလှဲ့ကလည်း ဝင်ထောက်ခံ၏။

"ဟုတ်တယ်ဗျ၊ ခွဲခြမ်းစိတ်ဖြာ ကုနည်းမှာက စကားပြောရတယ်၊ စကားပြောရင်းက ဝေဒနာ ပျောက်သွားတယ်၊ ဒီလောက်တော့ ကျွန်တော်လည်း သဘောပေါက်တယ်၊ အဲ . . . ဒီထက် ရေရေရာရာ ပိုသိချင်တာ"

"ဒီလောက် အခြေခံသိထားရင် ရှင်းပြလို့ လွယ်ပါတယ်၊ မသိစိတ်သဘောနဲ့ တိမ်မြုပ်ခြင်းသဘောတွေကို ကျွန်တော် အရင်ရှင်းပြမယ်၊ အဲဒါတွေကို ထူးထူးဆန်းဆန်း စိတ္တဇပဟေဠိ စကားလုံးကြီးတွေအဖြစ် မယူဘဲ ဖြစ်ပျက်ခြင်း သဘောအစဉ်တွေကို အလွယ်တကူ ခေါ်ဆိုနိုင်ဖို့ ပေးထားတဲ့'နာမည်'တွေအဖြစ် နားလည်ထားဖို့ အရေးကြီးတယ်၊ တကယ်ကဘာဖြစ်တာလဲဆိုတော့ စိတ်တွေရဲ့ 'ပဋိပက္ခ'က စတာပဲ၊ ဆန္ဒတွေရဲ့ ပဋိပက္ခဆိုကြပါစို့၊ လူမှာက ဆန္ဒမျိုးစုံ ရှိတယ်၊ ဆန္ဒတစ်ခုနဲ့ တစ်ခုဟာ ဆန့်ကျင်ဘက်ဖြစ်နေတာတွေ ရှိတယ်၊ ဥပမာ ငယ်ငယ်က မုန့်လည်း ခိုးစားချင်တယ်၊ အမေမိသွားပြီး အရိုက်ခံရမှာလည်း ကြောက်တယ်၊ ဒါမျိုး လူတိုင်း ကြုံဖူးကြတာပဲ။

စိတ်ပဋိပက္ခတွေကို ပါမောက္ခ ဖရွိုက်ဟာ နက်နက်နဲနဲ သိခဲ့တယ်၊ လူမှာက အဓိကပဋိပက္ခဖြစ်နေတဲ့ ဆန္ဒမျိုးစုကြီး နှစ်ခုရှိတယ်၊ ဆန္ဒမျိုးစု တစ်ခုက 'ပကတိအရိုင်း'ဆန္ဒတွေ၊ တခြားမျိုးစု တစ်ခုက ပတ်ဝန်းကျင် လူ့ဘောင်ရဲ့ သွန်သင်မှုကြောင့်ရရှိလာတဲ့ 'ထိန်းသိမ်းကွပ်ညှပ်'ဆန္ဒတွေ၊ ပကတိ အရိုင်းဆန္ဒက ကိုယ့်အတွက် တစ်ဖို့ပဲ ကြည့်တယ်၊ ထိန်းသိမ်းကွပ်ညှပ်ဆန္ဒတွေက လူ့ဘောင်ကို ငဲ့တယ်၊ ဥပမာ ကာမဂုဏ်ဆန္ဒ အရိုင်းသက်သက်ဟာ သူ့မယား ကိုယ့်မယား နားမလည်ဘူး၊ ထိန်းသိမ်းကွပ်ညှပ် ဆန္ဒက ကာမေသုမိစ္ဆာစာရတို့၊ ဥပဒေတို့ကို သိတယ်၊ ဒေါသအရိုင်းဆန္ဒက ရန်သူကို တိုက်ဖို့ပဲ နားလည်တယ်၊ ကွပ်ညှပ်ဆန္ဒက ပါဏာတိပါတကံတို့၊ ရုံးတို့၊ ထောင်တို့၊ ကြိုးဒဏ်တို့ကို သိတယ်၊ ဒီနမူနာ နှစ်ခုလောက်ဆိုရင်လုံလောက်ပြီ ထင်ပါတယ်။

လူဟာ 'လူမှုရေး သတ္တဝါ'လို့ စိတ်ပညာရှင်တွေက ခေါ်ကြတယ်၊ သူက သတ္တဗေဒ သတ္တဝါသက်သက် မဟုတ်ဘူး၊ သတ္တဗေဒ ဆန္ဒအရိုင်းတွေဟာ တိရစ္ဆာန်တွေလိုပဲ လူမှာလည်း ရှိတာပဲ၊ ဒါပေမယ့် လူကို လူမှုရေးဆန္ဒတွေက ပိုမိုကြိုးကိုင်တယ်။

ကလေးတစ်ယောက်ဟာ လူကြီးတစ်ဦး ဖြစ်လာရာမှာ လူကောင်သာ ကြီးလာတာ မဟုတ်ဘူး၊ သူ့လူမှုရေး ပတ်ဝန်းကျင်(ဝါ)လူ့ဘောင်က သတ်မှတ်ပြဋ္ဌာန်းချက်တွေကိုလည်း မိမိရဲ့ စိတ်သန္တာန်မှာ သိမ်းပိုက် အပိုင်ယူရတဲ့ ဖြစ်စဉ်လည်း ပါဝင်နေတယ်၊ အဲဒီဖြစ်စဉ်ကို အင်္ဂလိပ်လိုတော့ 'ဆိုရှယ်လိုက်ဇေးရှင်း'၊ မြန်မာလိုတော့'ဆက်ဆံမှုပုံသွင်းခြင်း'လို့ စိတ်ပညာရှင်တွေက ခေါ်တယ်၊ စိတ်ကျန်းမာတဲ့ လူတစ်ယောက်ဖြစ်လာဖို့ ကလေးဘဝမှာ ဆက်ဆံမှု ပုံသွင်းခြင်း ဖြစ်စဉ်ဟာ ချောမွေ့ဖို့သိပ်အရေးကြီးတယ်၊ လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ ဆိုတဲ့ မြန်မာပညာရှိစကားဟာ စိတ်ပညာ အမြင်ပြည့်တဲ့ စကားဖြစ်တယ်၊ မိဘတွေ ဖန်တီးပေးတဲ့ ပတ်ဝန်းကျင်ဟာ ကလေးရဲ့ ဆက်ဆံမှု ပုံသွင်းခြင်းဖြစ်စဉ် ချောမွေ့မှု မချောမွေ့မှုကိုအဆုံးအဖြတ်ပေးတယ်၊ ကဲ . . . ဒီလောက် အထိတော့ ခင်ဗျားတို့ ယေဘုယျ နားလည်ပြီ ထင်တယ်"

ဦးတုတ်ဝင်းနှင့် ဦးညိုလှဲ့တို့က ခေါင်းညိတ်ကြ၏။

"အိမ်တွင်း ပတ်ဝန်းကျင်ရဲ့ ထိခိုက်လာမှုကြောင့် ကလေးရဲ့ ဆက်ဆံမှု ပုံသွင်းခြင်းဖြစ်စဉ်ဟာ ချို့ယွင်းဖောက်ပြန်သွားနိုင်တယ်၊ ချို့ယွင်းဖောက်ပြန်မှုရဲ့ အနှစ်သာရ စိတ္တဇသဘာဝကတော့ ခုနင်က ပြောခဲ့တဲ့ ပဋိပက္ခပဲ၊ အရိုင်းဆန္ဒနဲ့ထိန်းသိမ်းကွပ်ညှပ်ဆန္ဒတွေရဲ့ ပဋိပက္ခ၊ စိတ်ပဋိပက္ခဖြစ်လာရင် မလွဲမသွေ ပေါ်ထွက်လာတာက ကြောက်လန့်ခြင်းနဲ့ စိုးရိမ်ခြင်းတွေပေါ့၊ ဒီအခါမှာ လူဟာ မူလ ပဋိပက္ခထက် ကြောက်လန့်ခြင်းနဲ့ စိုးရိမ်မှုကိုသာ ရှေ့တန်းတင်ပြီး'တုံ့ပြန်ဆက်ဆံ'တော့တယ်၊ ကြောက်လန့်ခြင်းနဲ့ စိုးရိမ်မှုက လွှမ်းထားတော့ ဒီလို ငုပ်သွားတာကို တိမ်မြုပ်ခြင်း၊ ငုပ်သွားတဲ့ ဆန္ဒပဋိပက္ခတွေကို မသိစိတ်၊ အဲဒီလို ခေါ်ကြတယ်၊ အပေါ်ယံမှာ မြင်သာထင်သာ ကျန်နေတာကတော့ ကြောက်လန့်ခြင်းနဲ့ စိုးရိမ်မှုကို တုံ့ပြန်ဆက်ဆံတဲ့ အတွေး၊ အပြော၊ အပြုအမူ၊အဲဒါတွေပဲ၊ အဲဒါတွေကိုပဲ စိတ်ရောဂါ လက္ခဏာတွေအဖြစ် မှတ်ယူကြရတယ်"

(ဆက်လက်ဖော်ပြပါမည်)

> " စိတ်ကျန်းမာတဲ့ လူတစ်ယောက်ဖြစ်လာဖို့ ကလေးဘဝမှာ ဆက်ဆံမှု ပုံသွင်းခြင်းဖြစ်စဉ်ဟာ ချောမွေ့ဖို့သိပ်အရေးကြီးတယ်၊ လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖဆိုတဲ့ မြန်မာပညာရှိစကားဟာ စိတ်ပညာ အမြင်ပြည့်တဲ့စကားဖြစ်တယ်၊ မိဘတွေ ဖန်တီးပေးတဲ့ ပတ်ဝန်းကျင်ဟာ ကလေးရဲ့ဆက်ဆံမှု ပုံသွင်းခြင်းဖြစ်စဉ် ချောမွေ့မှု၊ မချောမွေ့မှုကို အဆုံးအဖြတ်ပေးတယ် "

အမြန်ဆက်သွယ်ပါ

(ဦးသန်းအောင်-ဒေါ်မြသိန်း)တို့၏ ညီ/ညီမ ကမာရွတ်နေ (ယဉ်ကျေးမှုဆိုင်းဆရာ)၊ ဒေါ်တင်တင်၊ မြင်းခြံမြို့နေ ဦးနေအုပ်(ငြိမ်း)-ဒေါ်မြင့်ဝေ ဤကြော်ငြာကိုတွေ့ပါက အမြန်ဆက်သွယ်ပါ။

တူ/တူမ

ဖုန်း-၄၂၀၀၅၅၃၅၈

01-512443 09-73017656

28000 Ks

26000 Ks

20000 Ks

OASIS

Ph:09-5038616, 09-73242469

09-73103031

09 448004288 , 09 448004289

အညောင်းထိုင်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်၊

လမ်းလျှောက်ပါ ဆန္ဒမွန် သောက်ပါ

ဆီးဝမ်းလေမှန် ပေါ့ပါးကျန်းမာမည်

ရွှေအလင်းရောင်(မျက်စိ)ဖောင်ဒေးရှင်း၏ ၂၀၁၃ ခုနှစ်အတွက် ရန်ပုံငွေပြကွဒိန် ဝယ်ယူလှူဒါန်းသူများ၏ မေတ္တာလက်ဆောင်(ကံစမ်းမဲ) ပေါက်မဲစာရင်း

ရွှေအလင်းရောင်မျက်စိဖောင်ဒေးရှင်း၏ ၂၀၁၃ ခုနှစ်အတွက် ထုတ်ဝေသောရန်ပုံငွေပြကွဒိန်ဝယ်ယူလှူဒါန်းသူများအတွက် မေတ္တာလက်ဆောင်ကံစမ်းမဲလက်မှတ်အား ၃၀-၃-၂၀၁၃ ရက်(စနေနေ့)တွင် မဟာသန္တိသုခဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၏ တတိယထပ်အဓိပတိခန်းမကြီးတွင် အောင်မြင်စွာ ဖွင့်လှစ်ပြီးဖြစ်ပါသဖြင့် လှူဒါန်းမှုအပေါ် ကံတရား၏ တုံ့ပြန်မှုရရှိသူများအားဖော်ပြအပ်ပါသည်။

ပထမဆု	၁၆၅၃၅၃	ခန့်မှန်း၂၀၀၆ Model MAZDA Demio ဆလွန်းကား	ဦးဖြိုးဝေလွင်	သာကေတ(SECD)
ဒုတိယဆု	၂၁၆၇၀၃	သယ်န်းကျွန်းမြို့နယ်၊အမှတ်(၈၇) ငမိုးရိပ်(၉)လမ်း၊ (၅)လွှာ၊ဒါဘာတိုက်ခန်း		မန္တလေးတိုင်း ပညာရေးမှူးရုံး
တတိယဆု	၁၆၂၃၆၀	ဆိုင်ကယ်	ဦးမောင်မောင်စိုး	မြေစာရင်းဦးစီးဌာန၊ သန်လျင်မြို့။
စတုတ္ထဆု	၂၀၂၂၆၆	Acer Labtop	မမြသန္တာဦး	မင်္ဂလာရှေ့ဆောင်လမ်း၊ ရွှေတောင်ရပ်၊ တောင်ကြီး
ပဉ္စမဆု	၁၃၅၇၅၃	SAMSUNG Galaxy	မောင်ထိုက်သူရ	အင်ကြင်းသာအဆောင်၊ မကွေးတက္ကသိုလ်
ဆဋ္ဌမဆု	၁၇၄၂၁၀	LED TV 32" ၁ လုံး		မွန်ပြည်နယ်(စည်ပင်)
သတ္တမဆု	၁၄၇၁၁၁	Air-con		မြန်မာစာဌာန၊ ပုသိမ်တက္ကသိုလ်
အဋ္ဌမဆု	၁၉၀၉၈၄	Video Camera		မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်
နဝမဆု	၁၅၄၄၆၄	ရေခဲသေတ္တာ(2 door)	ဒေါ်ကေခိုင်ထားစု	အထက(ခွဲ)ရှမ်းကုန်း၊ မှော်ဘီတပ်နယ်
ဒသမဆု	၁၅၇၄၀၈	အဝတ်လျှော်စက်	ဒေါ်စန်းမြင့်	၂/၂၂၀၊ယုဇန(၂)လမ်း၊မြောက်ဥက္ကလာ

အထူးဆုများ

၁။ ပုသိမ်တက္ကသိုလ်	မော်တော်ဆိုင်ကယ်	၂။ စစ်ကိုင်းတိုင်းပညာရေး	မော်တော်ဆိုင်ကယ်
၃။ ဧရာဝတီတိုင်းဒေသကြီးစည်ပင်	Video Camera	၄။ မကွေးတိုင်းပညာရေး	Water Cooler
၅။ မုံရွာတက္ကသိုလ်	Water Cooler	၆။ ပြည်တက္ကသိုလ်	Air Cooler
၇။ မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးမှူးရုံး	ရေနွေးတည်နှိပ်ဓာတ်ဘူး	၈။ ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး	ရေနွေးတည်နှိပ်ဓာတ်ဘူး
၉။ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း (ကမာရွတ်)	Stand Fan	၁၀။ မြိတ်တက္ကသိုလ်	တိုင်ကပ်နာရီ(အကြီး)
၁၁။ ရှမ်း/တောင်(လ. ဝ. က)	တိုင်ကပ်နာရီ(အကြီး)		

နှစ်သိမ့်ဆုများ

1. 152003	2. 142353	3. 220220	4. 219123	5. 177054	6. 195950	7. 204004
8. 211013	9. 161089	10.131471	11.207630	12. 171002	13. 137958	14.155899
15. 226756	16. 185091	17.221539	18.165800	19.205922	20.150348	21.124263
22.153256	23.164513	24.219320	25.204250	26.202551	27.213215	28.173580
29.200722	30.137767	31.198759	32.169921	33.165837	34.194343	35.149450
36.215901	37.211962	38.214574	39.219639	40.152442	41.195983	42.142239
43.136487	44.145295	45.122158	46.214186	47.204980	48.185048	49.132046
50.186953	51.194972	52.170152	53.149579	54.164251	55.178744	56.174404
57.179230	58.168000	59. 195975	60.217849	61.186797	62.166404	63.143988
64.210016	65.171172	66.199720	67.142032	68.204459	69.169013	70.141181
71.124953	72.172533	73.214675	74.217179	75.141945	76.173758	77.215401
78.229026	79.216601	80.204415	81.167737	82.164250	83.138051	84.188572
85.170186	86.178688	87.208759	88.154145	89.130437	90.166494	

မှတ်ချက်။ ။ မျဉ်းသားထားသောနံပါတ်များသည် ပြန်လည်ပေးပို့ခြင်းမရှိကြောင်းနှင့် ယခင်နှစ်ကဲ့သို့ဆုပေးအပ်ပွဲ **မပြုလုပ်နိုင်**ပါသဖြင့် **ပထမဆုမှ ဒသမဆု** အထိရုံးခန်းသို့ ၂၂-၄-၂၀၁၃ ရက်မှစတင်၍၂၇-၄-၂၀၁၃ ရက်အထိ နောက်ဆုံးဆက်သွယ်ရန်နှင့် **ပေါက်မဲများအားလုံး** ၂၅-၄-၂၀၁၃ ရက်မှစ၍ ၁၀-၅-၂၀၁၃ ရက်အထိ စနေ၊ တနင်္ဂနွေနေ့မှအပ ရုံးချိန်အတွင်း မိမိတွင်ရှိသော အထောက်အထားပြ၍ လာရောက်ထုတ်ယူပါရန် အကြောင်းကြားအပ်ပါသည်။

ရွှေအလင်းရောင်မျက်စိဖောင်ဒေးရှင်း ဖုန်း-၀၁-၃၉၇၆၉၀၊ ၀၉-၄၂၀၀၂၆၃၇၅၊ ၀၉၇၃၁၄၃၆၀၆

FAME HerbalFresh®
Mental refreshment
စိတ်မြှင့်ဆေး
TMR 011255 (1114)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME HerbalSleep®
Herbal sedative
သဘာဝအိပ်ဆေး
TMR 011150 (1114)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

နွေရာသီ(Special)ရေကူးသင်တန်း အပတ်စဉ်(၂)
သင်တန်းသူ၊ သားများစတင်လက်ခံနေပါပြီ။
မြို့တော်ဂေါက်ကွင်း
ရေကူးကန်+စားသောက်ဆိုင်
သီရိမင်္ဂလာလမ်း၊ အင်းစိန်မြို့နယ်
ဖုန်း-၀၁-၇၀၃၅၂၄၊ ၀၉၈၆၃၇၀၅၅

နွေရာသီအခြေခံ/အဆင့်မြင့် ရေကူးသင်တန်းများနှင့် စနေ၊ တနင်္ဂနွေ အထူးသီးသန့်ရေကူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေပါပြီ။
အထူးအစီအစဉ်-
ရေကူးပြိုင်ပွဲကျင်းပပေးမည်။ ထိုက်တန်စွာဆုချီးမြှင့်မည်။
အမျိုးသမီးများအတွက် မြန်မာ့လက်ရွေးစင်(မနှင်းနှင်းအိ) ကိုယ်တိုင်သင်ကြားပေးမည်။
တက္ကသိုလ်ရေကူးကန်(အင်းယားလမ်း)
စိမ်းလန်းစိုပြေပန်းခြံအနီး
(ဖုန်း-၀၉၇၃၁၀၅၂၇၆၊ ၅၂၅၈၉၁)

MTG MOTORS TRADING CO.,LTD.

Sales & Marketing Executives (OR)Sales Engineer (Local Only)

Established since 1996 as a Distributor for Pumps and Vehicles. MTG has built a strong reputation in Providing optimum total System solution to meet and satisfy customers' needs in various industrial, Construction, water purification, manufacturing, and fire Protection Sectors.We represent many Well-Known brand and products.

We invite Suitably qualified candidates for the following posts: Sales & Marketing Executive/Sales Engineer

Responsibilities

- Manage Product Sales & relationship with Customers
- Identify, develop and implement Strategies to penetrate new & major accounts
- Understand & anticipate the need & indentify new sales opportunities of existing customers

Requirements

- Diploma /Degree in Mechanical Engineering
- Minimum 3 year's technical Sales Experience in related industries
- Prefer to have Driving License.
- Labour Registration Card.

Contact: No.H, Hlaing Yadanar Housing, Yangon-Insein Road, Hlaing T/S.Yangon, Myanmar.
Tel: 01-503590, 514165

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်အသင်းဝင်များသိစေရန်
အသိပေးအကြောင်းကြားခြင်း

(၄) နှစ်လျှင်တစ်ကြိမ်သာကျင်းပသည့် ကမ္ဘာ့ဒုတိယအကြီးဆုံး ပုံနှိပ်နှင့် နည်းပညာပြပွဲ China Print 2013 Beijing Exhibition ပင်ကင်းပုံနှိပ်ပြပွဲကို နိုင်ငံအသီးသီးမှ တက်ရောက်ကြမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များလည်း တက်ရောက်လေ့လာနိုင်ရန် စီစဉ်ထားရှိပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းပြပွဲသို့ တက်ရောက်လိုသူများသည် အသင်းတည်ရှိရာ လိပ်စာသို့ ဆက်သွယ်စာရင်းပေးသွင်း၍ ငွေများပေးသွင်းနိုင်ကြပါသည်။

-ပြပွဲနေ့ 2013 May -14 ~ 18 (with 2 days Sightseeing)- စတင်ထွက်ခွာမည့်နေ့ (12. 5. 2013 to 18. 5. 2013) – တစ်ဦးလျှင် လေယာဉ်လက်မှတ် + ဟိုတယ် - 2 days Sightseeing + Visa + All days Transportation & Food + with Guide = USD 1,500 ကို ဧပြီလ (၉) ရက်နေ့ နောက်ဆုံးထား၍ Passport Original/ Copy + 5 photos ပေးသွင်းရပါမည်။ လူဦးရေ အကန့်အသတ်ဖြင့်သာ လက်ခံမည်ဖြစ်ပါသည်။ ဦးရာလူစနစ်ဖြစ်ပါသည်။နောက်ကျမှ ရရှိသောစာရင်းများကိုလုံးဝလက်ခံမည်မဟုတ်ပါ။ (စရိတ်ငြိမ်း)

အမှတ်(၂၉)ရှေ့လွှာ၊ ဝင်းဆဲဗင်းကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၂၂၀၀၁၃၅၊ ၂၂၀၀၁၃၈

IMA
Institute of Accounting & Finance
Your Lead to Global Employability...

Summer Courses!

1. *Summer Courses (April – July 2013, Mon-Fri 9 am to 12 noon)*
Certificate in Business Accounting, CIMA (UK)
စီးပွားရေးလုပ်ငန်းများဆိုင်ရာ စာရင်းကိုင်ဘာသာရပ်များအတွက် UK(CIMA) မှ အသိအမှတ်ပြု လက်မှတ်

5 subjects (100,000 kyats per subject):
- Financial Accounting (ဘဏ္ဍာရေးစာရင်းကိုင် ဘာသာရပ်)
- Management Accounting (အုပ်ချုပ်မှုစာရင်းကိုင် ဘာသာရပ်)
- Business Mathematics (စီးပွားရေး သင်္ချာဘာသာရပ်)
- Economics (ဘောဂဗေဒ ဘာသာရပ်)
- Business Law & Ethics (စီးပွားရေး ဥပဒေများ နှင့် ကျင့်ဝတ်များ ဘာသာရပ်)

2. *Evening Courses (29 April – 11 May, 6.30 pm – 9.00 pm)*
Certificate in Fundamental Knowledge in Finance
ဘဏ္ဍာရေးဆိုင်ရာ အခြေခံဗဟုသုတများ အတွက် လက်မှတ်

3 subjects (25,000 kyats per subject):
- Finance Fundamentals (ဘဏ္ဍာရေး အခြေခံများ)
- Corporate Finance (စီးပွားရေး အဖွဲ့ အစည်းများဆိုင်ရာ ဘဏ္ဍာရေး)
- Finance for Non-Finance Individuals (ဘဏ္ဍာရေး နယ်ပယ်မှ မဟုတ်သူများအတွက် ဘဏ္ဍာရေး)

3. *Weekend Courses (27 April – 4 May, 3x3 hours per subject)*
Certificate in Fundamental Knowledge in Investments
ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ အခြေခံဗဟုသုတများ အတွက် လက်မှတ်

3 subjects (35,000 kyats per subject):
- Investment (ရင်းနှီးမြှုပ်နှံမှု)
- Stock Exchange (စတော့(ခ်)အရောင်းအဝယ်)
- Share Trading (ရှယ်ယာ အရောင်းအဝယ်)

Location: B 1-8 Yadanar Street, Malika Housing, Thingangyun Tsp. Yangon.
Contact: 095 -133056 / 094-200 -11184 Email: enquiry@imaweb.org

သင့်သွေးဖြင့်အသက်ကယ်ပါ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂/၇ (ကံဘဲ့)၊ မြေကွက်အမှတ်-၄၉(က)ဖြစ်သည့် အမှတ်-၄၉(က)၊ ခေမာသီလမ်းသွယ်(၃)၊ မိကျောင်းကန်အပိုင်း (၃)ရပ်ကွက်ဟု ခေါ်တွင်သော နှစ်(၆၀)ဂရန်သည် ဖခင် ဦးမင်းလွင် အမည်ပေါက် ပိုင်ဆိုင်၍ ဖခင် ဦးမင်းလွင်နှင့် မိခင် ဒေါ်စန်းရင်တို့မှာ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူသားများဖြစ်သော ဦးထွန်းလွင်နှင့် ဦးကြည်လွင်တို့က အမွေဆက်ခံ၍ ရောင်းချနိုင်ကြောင်း မြွက်ဟကြေညာချက်အရ ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

ထို့ကြောင့် အထက်ပါ နှစ်(၆၀)ဂရန်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းအေး(B.A.,R.L) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၃၅)**
ဒေါ်ဆွေဆွေညွှန့်(LL.B) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၇၁)**

အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၁ ၀၅၀၄၃၊ ၀၉ ၇၃၀ ၉၆၁၂၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ အမှတ်(၂၇၈-ခ)၊ အောင်သပြေ(၂)လမ်း၊ (၇)ရပ်ကွက်၊ အရှေ့သာကေတမြို့နယ်နေပိုင်ရှင် ဦးအောင်ကျော် [၁၂/သကတ(နိုင်)၀၅၃၃၂၀]၏ မြေကွက်အားဝယ်ယူရန် စရန်ပေးပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါသည်။

မရှိပါကအရောင်းအဝယ်ကိစ္စ ဆက်လက်ပြုလုပ်သွားပါမည်။

ဒေါ်အေးအေးသန့်
[၁၂/ကမရ(နိုင်)၀၁၃၃၃၇]
တိုက်(၂)၊ အခန်း(၉)၊
မြကန်သာအိမ်ရာ၊ ကမာရွတ်မြို့နယ်။
ရန်ကုန်မြို့၊ ဖုန်း-၀၉၇၃၁၀၉၇၁၀

သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက်၊ အနော်မာလမ်း၊ အမှတ်(၇၀၆)နေ (ဦးလှရွှေ)-ဒေါ်စိန်ငွေ၏သားငယ်မောင်ကျော်ဝင်းထွန်း[၁၄/ရကန(နိုင်)၀၈၆၆၀၀] ကိုင်ဆောင်သူသည် မိသားစုအပေါ် စိတ်ဆင်းရဲသောက ရောက်အောင်နှင့် အရှက်တကွဲ အကျိုးနည်းဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ မိသားစုနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

မိခင်-ဒေါ်စိန်ငွေ
[၁၄/ရကန(နိုင်)၀၂၂၅၆၈]

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်လင်းအောင်(ခ)မောင်လင်းညီညီစိုး မှတ်ပုံတင်အမှတ်[၁၂/လမန(နိုင်)၁၅၅၆၂၅]ကိုင်ဆောင်သူသည် မိဘစိတ်ဆင်းရဲအောင် နည်းမျိုးစုံဖြင့် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၎င်းအား သားအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ သူနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် ကျွန်မတို့ မိသားစုနှင့် လုံးဝမသက်ဆိုင်တော့ပါ။ မေးမြန်းခြင်းသည်းခံပါ။

ဒေါ်လှကြူ[၆/မအရ(နိုင်)၀၇၉၁၄၂]

အလှူတော်မင်္ဂလာများနှင့် သံဃာတော်များအတွက် ဝိနည်းတော်နှင့်ညီသည့် လှူဖွယ်ပစ္စည်းမျိုးစုံ တစ်နေရာတည်း ပြီးပြည့်စုံစွာ ဝယ်ယူရရှိနိုင်သည့် ရွှေတိဂုံဘုရားအရှေ့မုခ်အနီးက

အလှူရှင်များအတွက် တစ်စုတည်းသော ဈေးဝယ်စင်တာ (One-Stop Donor Mart)

"မြန်မာဘစ်ရှော့ ဈေးဝယ်စင်တာ"

နေ့စဉ် နံနက်(၉)နာရီမှ ည(၁၀)နာရီထိ ပိတ်ရက်မရှိ

ရဟန်းခံ-သိက္ခာထပ်-ရှင်ပြု-သီလရှင်ဝတ် အထူးဈေးရောင်းပွဲတော်

မြန်မာဘစ်ရှော့စင်တာရှိ အရောင်းဆိုင်များ

၁။ ဇေတဝန (၁၀) ✧ ဇေတဝန်ကျောင်းတိုက် (၁၀)ထိုင်နေကြက်ပင်ရိုးဆိုင်ခွဲ

၂။ Myanmar Handicraft Shop ✧ [illegible]

၃။ Big Shops Supermart ✧ [illegible]

၄။ Tha Aung Bookstore ✧ [illegible] CD, Tape, DVD ရရှိနိုင်သည့် 'သာအောင်' စာအုပ်ဆိုင်

၅။ Beauty All - Fashion Corner ✧ [illegible] (Men & Ladies) ၆။ Healthy All Pharmacy ✧ [illegible] အရက်ဘီယာ၊ စီးကရက် (လုံးဝ) မရောင်းပါ။

အမှတ်(၇၅)၊ ရေတာရှည်လမ်းဟောင်း၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး၊ ဗဟန်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၇၅၄၇၈၊ ၃၇၅၇၇၃၊ ၅၅၂၀၂၂၊ ၅၅၂၉၂၅ E-mail : mbssmart@gmail.com 'ဧတဝိကကုမ္ပဏီမှ ဖွင့်လှစ်ပါသည်'

မေတ္တာရပ်ခံချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တွင်း၌ ယာဉ်ရပ်နားကန့်သတ်ဇုန်ဖြင့် ယာဉ်ရပ်နားခကောက်ခံခြင်း၊ မြို့နယ်အချို့တွင် ယာဉ်စောင့်လုပ်ငန်းကောက်ခံခြင်းနှင့် ပုဂ္ဂလိက အိမ်ခန်းများရှေ့တွင် အခွန်ပေးဆောင်၍ ကိုယ်ပိုင်ယာဉ်ရပ်နားရန်နေရာများ ခွင့်ပြုပေးခြင်းတို့ကို ၂၀၁၃ ခုနှစ် မတ်လ (၃၁)ရက် နေ့အထိ ခွင့်ပြုပေးခဲ့ပါသည်။

၂။ ယခုအခါ ရန်ကုန်မြို့တွင်း တိုးတက်များပြားလာသည့် ယာဉ်စီးရေများကြောင့် ယာဉ်ကြောကြပ်တောက်မှုများဖြစ်ပေါ်လျက်ရှိသည့်အပြင် အသုံးပြုသူအချို့၏ စည်းကမ်းမဲ့စွာရပ်နားခြင်းများကြောင့် လမ်းနယ်နိမိတ်အား အပြည့်အဝ အသုံးမပြုနိုင်သဖြင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့နယ်အသီးသီးတွင် မြေနေရာရရှိမှုပေါ်မူတည်၍ ယာဉ်ရပ်နားရန်နေရာများ တိုးချဲ့ဖော်ထုတ်ပေးလျက်ရှိ သည့်အပြင် ၂၀၁၃ ခုနှစ် ဧပြီလ (၁) ရက်နေ့မှစ၍ ယာဉ်ရပ်နားကန့်သတ်ဇုန် ဖြင့် ယာဉ်ရပ်နားခကောက်ခံခြင်း၊ ယာဉ်စောင့်လုပ်ငန်းအဖြစ် ကောက်ခံခြင်းနှင့် ကိုယ်ပိုင်ယာဉ်ရပ်နားရန်နေရာများအဖြစ် ရယူထားခြင်းတို့ကို အားလုံးဖျက်သိမ်းပြီး အများပြည်သူ မည်သူမဆို အခမဲ့ယာဉ်ရပ်နားရန်နေရာများအဖြစ် အသုံးပြုရန် ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၃။ မော်တော်ယာဉ် အသုံးပြုသူများအနေဖြင့်လည်း ယာဉ်ရပ်နားရာတွင် မိမိတစ်ဦးတည်းအဆင်ပြေစေရန်အပြင် ကျန်အသုံးပြုလိုသူများ အားလုံး အဆင်ပြေချောမွေ့စွာ ရပ်နားနိုင်ရေးအတွက် စည်းကမ်းစနစ်တကျ အသုံးပြုခြင်းဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကမ်းနားလမ်းသစ်အား ဖြတ်သန်းသွားလာသည့် ယာဉ်များအတွက် လမ်းအသုံးပြုခအား ၂၀၁၃ ခုနှစ် ဧပြီလ(၁)ရက်နေ့မှစ၍ အောက်ပါနှုန်းထား များအတိုင်း ကောက်ခံသွားမည်ဖြစ်ပါသည်-

(က) ၁၄ ဘီးနှင့် အောက် ယာဉ်များ ၁၅၀၀/- နှုန်း

(ခ) တန် ၂၀ နှင့်အထက် ကုန်တင်ယာဉ်များ ၄၀၀၀/- နှုန်း

၂။ အထက်ပါအတိုင်း ကောက်ခံခြင်းသည် နံနက် (၀၆:၀၀)နာရီမှ နောက်တစ်နေ့နံနက် (၀၆:၀၀)နာရီအထိ (၂၄:၀၀)နာရီအချိန်အတွင်း ယာဉ်တစ်စီးလျှင် (၁)ကြိမ်သာ ကောက်ခံမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Happy Birthday Ko

နေ့၊ ရက်၊ လ ထပ်တူကျတဲ့ ကိုရဲ့မွေးနေ့မှသည် နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနဲ့အတူ သာယာသော ဘဝခရီးကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

မွေးနေ့မှာပျော်ရွှင်ပါစေ 'ကို'

ချစ်သော 'အထက်'

မြန်မာနိုင်ငံစာရင်းကိုင်များအသင်း စာရင်းကိုင်သင်တန်းများဖွင့်မည်

မြန်မာနိုင်ငံစာရင်းကိုင်များအသင်းတွင် (၂၈. ၄. ၂၀၁၃) နေ့တွင်(၂၄၈)ကြိမ် စာရင်းကိုင်သင်တန်းကို တနင်္ဂနွေ တစ်ရက် သင်တန်း၊ စနေ/တနင်္ဂနွေ နှစ်ရက်တက်သင်တန်း (မြန်မာဘာသာ/အင်္ဂလိပ်ဘာသာ)တို့ဖြင့် အခမဲ့ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ပါသည်။ တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊ အောင်မြင်ပြီးသူများနှင့် တက္ကသိုလ်ဘွဲ့ကြို/ဘွဲ့ရများ တက်ရောက်နိုင်ပါသည်။

သင်တန်းတက်ရောက်လိုသူများသည် အသင်းရုံးခန်းအမှတ် (၉၁/၉၃)၊ ၄၉-လမ်း(အလယ်ဘလောက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၉၁၈၂၆၊ ၀၉-၅၀၁၉၉၇၉၊ ၀၉-၅၀၇၈၀၈၂ ၀၉-၅၄၁၀၉၀၉ သို့ စုံစမ်းမေးမြန်း စာရင်းသွင်းအပ်နှံ၍ တက်ရောက်နိုင်ပါသည်။

အင်းလေးဒေသဟိုတယ်ဇုန်မြေနေရာချထားမည့်ရက်အား အသိပေးကြေညာခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အင်းလေးဒေသတွင် ဟိုတယ်ဇုန်မြေနေရာများအား ဖော်ထုတ်လျက်ရှိပါသည်။

၂။ ဟိုတယ်ဇုန်တွင် လုပ်ငန်းများလာရောက် ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များ၏ လျှောက်လွှာများအားလည်း လက်ခံရရှိပြီး ဖြစ်ပါသည်။

၃။ သို့ပါ၍ အင်းလေးဒေသဟိုတယ်ဇုန်မြေနေရာချထားမှုအား အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က)နေရာ။ မြို့တော်ခန်းမ၊ တောင်ကြီးမြို့

(ခ)ရက်စွဲ။ ၈-၄-၂၀၁၃(တနင်္လာနေ့)

(ဂ)အချိန်။ နံနက် ၉ နာရီ

၄။ အသေးစိတ်သိရှိလိုပါက တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၈၁-၂၁၂၁၀၀၃၊ ၀၈၁-၂၁၂၁၂၁၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်း နိုင်ပါသည်။

အင်းလေးဟိုတယ်ဇုန် မြေနေရာချထားရေးလုပ်ငန်းကော်မတီ
တောင်ကြီးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ဘီ၊ မြေကွက်အမှတ် ၁၆၅၊ မြေကွက်တည်နေရာ အမှတ် ၂၁၊ ၄ လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးတင်အောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်အောင်ကွယ်လွန်သဖြင့် ဒေါ်ခင်ဝင်း[၁၂/မဂတ(နိုင်)၀၅၁၀၀၁]ကဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲဖိတ်ကြားခြင်း

စစ်တက္ကသိုလ် အပတ်စဉ်(၁၃)၏ နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲကို ၂၀-၄-၂၀၁၃ရက် (စနေနေ့) ညနေ(၁၈း၃၀)နာရီတွင် မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ မြန်မာကန်ဗင်းရှင်းစင်တာ MCC ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့် မိသားစုများ၊ ကျန်ရစ်သူဇနီးများနှင့်မိသားစုများ မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

[အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀-၄-၂၀၁၃ရက် (စနေနေ့) နံနက် ၆ နာရီတွင် မြို့တော်စည်ပင်သာယာဂေါက်ကွင်း (YCDC)၌ ကျင်းပပြုလုပ်မည် ဖြစ်ကြောင်း သိစေအပ်ပါသည်။]

DSA-13 မှ သူငယ်ချင်းများ

စစ်တက္ကသိုလ်အမှတ်စဉ်(၄၁) ဗိုလ်လောင်းသင်တန်း (၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ဂေါက်သီးရိုက်ပြိုင်ပွဲ၊ အလှူတော်မင်္ဂလာနှင့် မိတ်ဆုံညစာစားပွဲ

အမိစစ်တက္ကသိုလ်တွင် အမှတ်စဉ်(၄၁)ဗိုလ်လောင်းသင်တန်းသည် လေးနှစ်လေးမိုး ပညာရည်နို့သောက်စို့ခဲ့ပြီး တိုင်းပြည်တာဝန်အသီးသီးကို ထမ်းဆောင်ခဲ့ရာ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၇ ရက်တွင် (၁၃)နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်ပါသည်။ (၁၃)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ကျောင်းဆင်းသူငယ်ချင်းများမှ တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်း အသက်ပေးလှူသွားကြသော သူငယ်ချင်းများအတွက် ရည်စူး၍ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးရှိ လှူဒါန်းထားသော ကျောက်ဆင်းတုတော်ဘုရားအား အနေကဇာတင်ခြင်း၊ သံဃာတော်များကို ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပခြင်းနှင့် မိတ်ဆုံညစာစားပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သို့ပါ၍ သူငယ်ချင်းအားလုံး တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဂေါက်သီးရိုက်ပြိုင်ပွဲအစီအစဉ်

နေရာ - ROYAL MINGALARDON GOLF AND COUNTRY CLUB
နေ့ရက် - ၆-၄-၂၀၁၃ (စနေနေ့)
အချိန် - မွန်းလွဲ ၁း၀၀ နာရီ။

အလှူတော်မင်္ဂလာအစီအစဉ်

အလှူတော်မင်္ဂလာနေ့ရက် - ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက် ၇-၄-၂၀၁၃ ရက်(တနင်္ဂနွေနေ့)
အလှူတော်မင်္ဂလာအချိန် - နံနက် ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီထိ
အလှူတော်မင်္ဂလာနေရာ - ဗိုလ်တထောင်စေတီတော်မြေ့ရုံ။

ညစာစားပွဲအစီအစဉ်

၇-၄-၂၀၁၃ ရက်(တနင်္ဂနွေနေ့)၊ ညနေ ၆း၀၀ နာရီမှ ည ၁၀း၀၀ နာရီအထိ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ ကရဝိတ်နန်းတော်ခန်းမတွင် မိတ်ဆုံညစာစားပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ်များ ၀၉ ၈၆၀၁၄၁၅၊ ၀၉၅၁၇၂၁၃၀၊ ၀၉ ၅၁၃၁၇၉၅၊ ၀၉ ၅၁၇၁၆၇၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းအမည်ပေါက် City Bus၊ Mini Bus၊ Cycle၊ 5 Ton Crane နှင့် 20 Ton Crane များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပုံစံ ရောင်းချမည့်ရက်	-	၈-၄-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်	-	၁၆-၅-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန်	-	၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂၊ ၄၁၀၃၉၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၅)၊ မြေကွက်အမှတ်-၆၆၁၊ မြေကွက်တည်နေရာအမှတ်(၆၆၁)၊ စစ်ကိုင်းလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးသိန်းရွှေ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းရွှေနှင့်ဇနီး ဒေါ်ခင်သောင်း ကွယ်လွန်သဖြင့် ဒေါ်ခင်ငွေ[၆/မအရ(နိုင်)၀၃၇၁၉၇]၊ ဒေါ်ခင်မေ[၁၂/ဥကတ(နိုင်)၀၇၈၂၇၀]၊ ဒေါ်ခင်ခင်အေး[၁၂/ဥကတ(နိုင်)၀၆၆၅၇၄]၊ ဦးကျော်ဌေး[၁၂/ဥကတ(နိုင်)၀၇၈၆၈၄]တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၂၈၆၂(၁၉-၂-၁၃)ဖြင့် အထွေထွေ ကိုယ်စားလှယ် ဒေါ်သန်းသန်းဦး[၇/မလန(နိုင်)၀၆၄၅၈၂]မှ မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

GP လွှဲပေးခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ဗိုလ်မှူးမျိုးချစ်(ငြိမ်း)[၁၀/မလမ(နိုင်)၀၁၃၄၂၇]၊ အမှတ်-၈၄၊ ဗဟိုလမ်း၊ မရမ်းကုန်းရပ်၊ မော်လမြိုင်မြို့က ဦးမြတ်သန်းထွန်း[၅/ရဘန(နိုင်) ၀၂၈၀၉၄] အမှတ်၊ (၆)ရပ်ကွက်၊ ရွှေဘိုမြို့ထံ ၁၂-၇-၂၀၁၁ ရက်စွဲပါ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်၊ ၁၂၇/၂၀၁၁ ဖြင့် မော်လမြိုင်မြို့တွင် GP ပေးအပ်ခဲ့ပါသည်။

အဆိုပါ ကိုယ်စားလှယ်လွှဲစာအား ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစပြီး ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဗိုလ်မှူးမျိုးချစ်(ငြိမ်း)
[၁၀/မလမ(နိုင်)၀၁၃၄၂၇]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

